www.burmeseclassic.com

အောင်မြတ်ဦး

# ကထိယ အဘိဓာန် (၂)

BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် * ၂၀၁၄ ဇန်နဝါရီ
ထုတ်ဝေသည့်အကြိမ် * ပထမအကြိမ်
အုပ်ရေ * ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း * မင်းမြင့်ခိုင်
ကွန်ပျူတာစာစီ * မြစ်ခွဲကိုးစင်း (ကွန်ပျူတာ)
ထုတ်ဝေသူ * (ဦးသန်းမြင့်) လင်းလင်းစာပေ၊ အမှတ် (၄/၂၉)၊ မြဝတီ မင်းကြီးလမ်း၊ ၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် * ဦးစည်သူကိုကို၊ တော်ဝင်ထွန်း ပုံနှိပ်တိုက်၊ အမှတ် (၁၇)၊ ၅၂ လမ်း၊ ၅ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး * အားမာန်သစ်စာပေ
တန်ဖိုး * ၅၀၀ ကျပ်

'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)

အောင်မြတ်ဦး
ဂုတ္တိလအဘိဓာန်(၂)/အောင်မြတ်ဦး။ -ရန်ကုန်။
ပထမအကြိမ်၊ ၂၀၁၄
၁၄၄ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) ဂုတ္တိလအဘိဓာန်(၂)


www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

ဂ္ဂတ္တိုယအဘိဓာန်(နှစ်)

မိန်းမသားတို့၏ချစ်ခြင်းမေတ္တာနှင့်
အိမ်ထောင်မှုသုခ

"အပျိုမ မဂ္ဂဇင်း၌ ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ သုံးနှစ်ဆက်တိုက် ဖော်ပြခဲ့သည့် မိန်းမတို့အကြောင်းအား စုစည်းခြင်း..."

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း
## သို့မဟုတ်
## ကျွန်တော်နှင့် ဣတ္ထိယအဘိဓာန်

(၁)

"ဣတ္ထိယအဘိဓာန်"သည် ကျွန်တော်၏ စာပေဖြတ်သန်းမှုတို့တွင် "ထူးခြားမှုတစ်ခု"ဟု ဆိုရမည်ပင်။ အဘယ်ကြောင့်ဆိုသော် ဣတ္ထိယအဘိဓာန်သည် ခပ်ပေါ့ပေါ့ရေးမည်ဟု ဆုံးဖြတ်ပြီးမှ အလေးအနက်ထားရေးရသည့် စာပေအမျိုးအစားဖြစ်သကဲ့သို့ နှစ်နှင့်ချီ၍ ရေးဖြစ်ခဲ့သည့် အကြောင်းအရာလည်းဖြစ်၏။

ကျွန်တော် မှတ်မိနေသေး၏။ ၁၉၉၇ ခုနှစ်။

ထိုနှစ်က "မိုဝမ်း"သည် အပျိုမ မဂ္ဂဇင်းအား တာဝန်ယူရ၏။ ထုံးစံအတိုင်း မိုဝမ်း မဂ္ဂဇင်းတစ်ခုကိုင်လျှင် ကျွန်တော့်ထံသို့ ရောက်လာစမြဲ။ အပျိုမ မဂ္ဂဇင်းအား မိုဝမ်း တာဝန်ယူရတော့ "ဆရာမြတ်ရေ အပျိုမအတွက် စာမူလုပ်ပါဦး။ အခန်းဆက်နော်" ဟု ပြော၏။

သို့ဖြင့် "ဣတ္ထိယအဘိဓာန်"အမည်ဖြင့် ဆောင်းပါးရေးပေးခဲ့သည်။ ပထမ ရှည်ရှည်လျားလျားရေးဖို့ စိတ်မကူးခဲ့။ သို့တစေ ဣတ္ထိယအဘိဓာန်အား မိန်းမတို့သဘာဝ၊ မိန်းမတို့ချစ်ခြင်းမေတ္တာ၊ အိမ်ထောင်မှုသုခ စသည်ဖြင့် နှစ်အလိုက် စီစဉ်တကျ ရေးဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်ကရေးခဲ့သည့် မိန်းမတို့သဘာဝနှင့် စောင့်ထိန်းရမည့်အပိုင်းအား ဣတ္ထိယအဘိဓာန် အမည်ဖြင့်ပင် အားမာန်သစ်စာပေမှ စာအုပ်အဖြစ် ထုတ်ဝေခဲ့၏။

ကိုဘာ၏ အားပေးမှုကြောင့် ဒုတိယအကြိမ် အဖြစ် (ငွေလရောင်စာပေ)၊ တတိအကြိမ်အဖြစ်(စံလှစာပေ)တို့မှ ရိုက်နှိပ်ထုတ်ဝေခဲ့၏။

"ဣတ္ထိယအဘိဓာန်"သည် ကျွန်တော် စာပေဖြတ်သန်းမှုခရီးတွင် "မိန်းမတို့၏လျှို့ဝှက်ချက်၊ မိန်းမတို့၏အတွင်းသဘော" ပြီးလျှင် အရောင်းရဆုံးစာအုပ် ဖြစ်ခဲ့၏။

(၂)

"ဣတ္ထိယအဘိဓာန် တစ်"အောင်မြင်သဖြင့် ကျန်အပိုင်းများအား စုစည်းထုတ်ဝေရန် အကြံပြုလာကြ၏။ ကျွန်တော်ကိုယ်တိုင်လည်း ဆက်လက်စုစည်းထုတ်ဝေရန် ဆန္ဒရှိခဲ့၏။

သို့တစေ ဆိပ်ပလူးနှံ့သင်းသည့် အင်းစိန်တောရသို့အမှတ်မထင် ရောက်ခဲ့သဖြင့် ဆန္ဒတို့ ပျက်ပြယ်သွားခဲ့ရ၏။ ဆိုးသည်က အင်းစိန်တောရမှ အပြစ်မရှိသဖြင့် တရားသေလွှတ်လိုက်တော့ သိမ်းဆည်းထားသည့် မဂ္ဂဇင်းများက ဟိုတစ်အုပ်၊ သည်တစ်အုပ် ပြန့်ကြဲကုန်ပြီ။ ပြန်လည်စုစည်းလို့ မရတော့။ သို့နှင့် ဆန္ဒကို ချုပ်တည်းလိုက်ရသည်။ "ဣတ္ထိယအဘိဓာန်(နှစ်)"သည် စုစုစည်းစည်းနှင့် စာအုပ်ဖြစ်မလာခဲ့။

၃။

တစ်လကမှ မိတ်ဆွေတစ်ဦး အိမ်သို့ရောက်လာပြီ ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်ရေ စာကြည့်တိုက်က အပျိုမ မဂ္ဂဇင်းတွေမှာ ဣတ္ထိယအဘိဓာန် ဆောင်းပါးတွေတွေ့လို့ ကျွန်တော် ကိုမြတ် အတွက် ကူးလာခဲ့တယ်"

ဟုပြောပြီး မိတ္တူစာမူထပ်ကြီးအား ချပေး၏။ ကျွန်တော့် ရင်မှာ ဝမ်းသာမှုအား မည်သို့ဖော်ပြရမည်မသိ။ သူ့ကိုလည်း အလွန်တရာ ကျေးဇူးတင်မိ၏။ နှစ်ကာလများစွာ တောင့်တခဲ့ သည့်ဆန္ဒက ပြည့်ဝခဲ့ပြီ မဟုတ်လား။

မျှော်လင့်နေသည့် ပရိသတ်အတွက်လည်း အားရကျေနပ် စရာပင်။

အဘယ်ကြောင့်ဆိုသော် မိန်းမကောင်း မိန်းမမြတ် ပေါ် ထွန်းရေးနှင့် အိမ်ထောင်မှုသုခ ရှာဖွေနေသူများအတွက် ဣတ္ထိယ အဘိဓာန်စာအုပ်သည် အုတ်တစ်ချပ် သဲတစ်ပွင့်ပင်။

ထို့ကြောင့် ဤဆောင်းပါးစဉ်အား ရေးဖြစ်ရန် ဖုံပိုးကူညီ တိုက်တွန်းခဲ့သည့် မိုဝမ်း၊ ကိုမြင့်ဝေ(ကာတွန်းလက္ခဏာ)နှင့် မိတ္တူ ကူးပေးသည့် မိတ်ဆွေကြီးနှင့်တကွ ကူးယူခွင့်ပြုခဲ့သည့် အမျိုးသား စာကြည့်တိုက် ဝန်ထမ်းများအား ကျေးဇူးအနန္တဖြင့် ...

စာဖတ်သူတို့ရဲ့

အောင်မြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com



## ကြုတ္တိယအာဘိစာန်

(၁)

"သီတင်းကျွတ်ပြီးတော့၊ တန်ဆောင်မုန်း၊ တန်ဆောင်တိုင်" ဆိုသည့် စကားကို ပြေးသတိရမိသည်။

တစ်ဝါကင်းလွတ် သီတင်းကျွတ်ပြီ ဆိုသည့်နှင့် လွန်းကြင် ငှက်မောင်နှံ ဇာတ်လမ်းကလေးများ စတတ်သည်မှာ ဓမ္မတာ။ အထီးကျန်ဇာတ်လမ်းကလေးများကို ပြည်ဖုံးကားချသူတွေ ရှိလာပြီ။

"စောင်တူ၊ စောင်ပါးခြုံ၍မလုံ၊ မေတ္တာခြုံမှလုံသည်"ဟု စကားဆိုကြသည်မှာလည်း အနတက္က။

မေတ္တာစိတ်နှင့် ချစ်ခြင်းအာသီသလို့ ဆိုရမည်လားမသိ။

ယခုတလော ကျွန်တော် ဖောရသည်။ သည်ရောဂါဝေဒနာကို ကျွန်တော် ပသို့အဖြေရှာ ဆေးကုရမည်မသိ။ ပြောရလျှင် ကျွန်တော့်အပြစ်။ မည်သူမပြု မိမိမှုပေပဲကိုး။

ကျွန်တော်ကလည်း မိန်းမတို့အကြောင်း၊ ချစ်ခြင်းမေတ္တာတို့ အကြောင်းကို သီးသီးသန့်သန့် လိုင်းတစ်လိုင်းယူပြီး ရေးခဲ့မိသကိုး။

ကိုယ်ဖော်သည့်ဆေးမို့ ကိုယ် မထွေး၊ မမျိုလို့လည်း မဖြစ်ပြီ။

မနေ့က ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ဦး ရောက်လာသည်။ မိတ်ဆွေလို့ဆိုသော်လည်း သူငယ်ချင်းမဟုတ်။ သူနှင့် ကျွန်တော်က အသက်ဆယ်စုတစ်စုလောက် ကွာသည်။ ညီငယ်တစ်ဦးလိုခင်သူ။ သူ့အသက်(၄၀)စွန်းစ။ သူက ဌာနတစ်ခုတွင် အရာရှိလေးကံစ။

"ကိုကြီးကို တွေ့ချင်၊ တိုင်ပင်ချင်လို့ လာတာ" ဟု သူက စကားစသည်။ မိမိကို ဦးတိုက်လာသည်မို့ ဝမ်းသာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏လာရင်းကိစ္စကို သိရတော့ ကျွန်တော်မော သွားသည်။ အဘယ်ကြောင့်ဆိုသော် သူ ကျွန်တော့်ကို တွေ့ချင်သည်မှာ "အိမ်ထောင်ရေးကိစ္စ"တိုင်ပင်ချင်သောကြောင့် ဖြစ်သလို၊ ကျွန်တော့်အတွက်အကြံပေးရန် ဝန်လေးသွားသောကြောင့် ဖြစ်သည်။

"ဒါ ကျွန်တော်ယူဖို့စီစဉ်နေတဲ့မိန်းကလေးလေ။သစ်သစ်တဲ့"

သူက ဓာတ်ပုံကိုပြသည်။ တကယ့် ငယ်ငယ်ကလေး။

"သူကလေး အသက်ဘယ်လောက် ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ထဲမှာတဲ့၊ ဘယ့်နှယ်လဲ အစ်ကို၊ အိုကေတယ် မဟုတ်လား"

သူ့အမေးကို ချက်ချင်းမဖြေဖြစ်။

"လုပ်ပါဦး အစ်ကိုရဲ့"

"ကလေးမဘက်ကရော ဘယ်လိုလဲ၊ ကလေမလေးကရော ကျေနပ်ရဲ့လား၊ ဒါ အဓိကပဲ"

သူက ပြုံးသည်။

"သစ်သစ်တို့မိသားစုနဲ့ ကျွန်တော့်မိသားစုက မကင်းဘူးလေ၊ မငြင်းနိုင်ဘူး"

ဟု သူကပြောသည်။ သူ့အတွက်တော့ အားတက်ရှင်လန်းစရာပင်။

ယောကျ်ားတို့ ဓမ္မတာ နုသစ်ခြင်းကို မြတ်နိုးကြသည်။ သို့သော် မိန်းကလေးဘက်က မည်သို့ရှိမည်နည်း။

အိမ်ထောင်ရေးကိစ္စဟူသည် တဒင်္ဂကိစ္စမဟုတ်။ တစ်ဘဝလုံးကိစ္စ။ တစ်သက်လုံး တမြည့်မြည့် ဖြစ်ရမည့်ကိစ္စပင်။ နှစ်ကိုယ်ယှဉ်တွဲရမည့်ကိစ္စ။ တူနှစ်ကိုယ်ကိစ္စ။ ဒါတွေကို စဉ်းစားရင်း ကျွန်တော် "ချိုသင်းခိုင်"အကြောင်းကို သတိရမိပြန်သည်။

□

www.burmeseclassic.com

www.burmeseclassic.com



(၂)

လူတွေ ပျားပန်းခတ်နေသည့် ရန်ကုန်ဘူတာကြီးတွင် "ချိုသင်းခိုင်"နှင့် ဆုံရ၏။ အဖြူ၊ အနီ၊ အဝါ၊ အစိမ်းရောင် သွေးစုံကြားမှ အပြာရောင်ဝမ်းဆက်နှင့် ချိုသင်းခိုင်ကို ဆုံရ၏။ ဘာမှ မပြောင်းလဲသေး။ ဆူကြုံနိမ့်မြင့် အဆင့်ဆင့်နှင့် နုသစ်ဆဲ။

ထုတ်ဝေသူနှင့် စကားပြောပြီး ပစ်တိုင်းထောင်စာပေ အခန်းကလေးအတွင်းမှအထွက် ချိုသင်းခိုင်ကို ဆုံရခြင်းဖြစ်သည်။ မန္တလာသူ ချိုသင်းခိုင်ကို မဟာရန်ကုန်မှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့သြရသည်။

အလည်အပတ် လာသလား။ ဘယ်တုန်းက ရောက်သလဲ။

ကျွန်တော် နှုတ်ဆက်မည်ပြုစဉ် သူ မြင်သွားသည်။

"ဟယ် ... ဆရာ"

ချိုလွင်သောအသံနှင့်အတူ သူ၏လှုပ်ရှားမှုသည် သွက်လက်နေဆဲ။ အနားရောက်လျှင် "ဘယ်ကလာတာလဲ။ အလည်လား"ဟု မေးစဉ် သူက တစ်ချက် ငေ့ခနဲကြည့်သည်။ အေးအေးဆေးဆေး စကားပြောချင်ကြောင်း ပြော၏။

မီးရထားစားသောက်ဆိုင် ထောင့်ချိုးစားပွဲတွင် ထိုင်ကြသည်။ ထိုင်လျှင် သူမက ဆိုင်းဗုံမဆင့် "မိခိုင် အိမ်က ဆင်းလာတာ ဆရာ"ဟု ပြောသည်။

"ဟေ ... ဘယ်လိုဖြစ်တာလဲ"

ကျွန်တော် အံ့သြရသည်။ သူ့မမိဘများက သဘောကောင်းသည်။ မွန်ရည်သည်။ ရှေးရိုးဆန်သူတွေပင်။

သမီးကလေးတစ်ယောက်ထည်း ရှိသဖြင့် အသည်းပေါက်အောင်ချစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုချစ်တတ်သည့် မိဘရင်ခွင်က ချိုသင်းခိုင် ဘာကြောင့် ပြေးထွက်ခဲ့သနည်း။ အကြောင်းတော့ ရှိမည်။ ဘာအကြောင်းဆို သည်ကို သိချင်သည်။

"ဆရာအံ့သြနေလား" ဟု မေး၏။ ကျွန်တော် ခေါင်းညိတ် လိုက်လျှင် ...

"ခိုင်လည်း မေမေတို့ရင်ခွင်က ပြေးမထွက်ချင်ပါဘူး။ ဒါပေမဲ့ ဆရာရယ်။ ခုကိစ္စ တစ်ဘဝလုံးကိစ္စ ဖြစ်နေတာ ခက်တယ်"

"တစ်ဘဝလုံးကိစ္စ။ ဟုတ်လား"

"ဟုတ်တယ် ဆရာ။ မေမေတို့က ခိုင့်ကို အိမ်ထောင်ချပေး ဖို့ စီစဉ်ကြတယ်လေ"

"ဒါကို သဘောမကျဘူး ဆိုပါတော့"

"သဘောမကျဘူး ဆိုတာထက် မနှစ်မြို့နိုင်ဘူးဆိုရင် ပိုမှန် တယ် ဆရာ"

ထိုအခါ ကျွန်တော်က ခိုင်နဲ့လက်ထပ်ပေးမယ့်လူက ရုပ်ဆိုး လား။ မေးလိုက်လျှင် ချိုသင်းခိုင်က ...

"ရုပ်ဆိုးတာ လှတာက အဓိကမဟုတ်ပါဘူး ဆရာ။ ခိုင် မနှစ်မြို့နိုင်တာ အလိုမကျတာက မေမေတို့ စီစဉ်တဲ့သူက ခိုင့်ရဲ့ ဦးလေးအရွယ် ဖြစ်နေတာပဲ ဆရာ"

ဟု ပြောသည်။

"ကြီးရင်မို၊ ငယ်ရင်ချီ ဆိုတဲ့ စကားလည်း ရှိတာပဲ ခိုင်၊ ခိုင့်မိဘတွေမှာ ရည်ရွယ်ချက် ရှိမှာပေါ့။ မိဘတွေမှာ သားသမီးတွေ နဲ့ ပတ်သက်ရင် ဆင်စီးမြင်းရံတာကို မြင်ချင်ကြတယ်လေ"

"ဒါကို ခိုင် သိပါတယ်။ ဒါပေမဲ့ ဆရာရယ်။ ခိုင်ဟာ အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ လူသားတစ်ဦးပါ၊ ခိုင့်ရဲ့ ဘဝကြင်ဖော်ဟာ ခိုင်နဲ့ သက်တူရွယ်မျှပဲ ဖြစ်ချင်တာပေါ့။ ဒီ့းတူ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ဖက်ပဲ ဖြစ်ချင်တယ်။ သက်ကြားရွယ်အို ရင်ခွင်ထဲက ရွှေအိမ်စံ ဘဝကိုတော့ ခိုင် မလိုချင်ဘူး။ မဖြစ်ချင်ဘူး”

ချိုသင်းခိုင် စကားကို နားထောင်ရင်း ကျွန်တော် သက်ပြင်း ချမိသည်။ ဒါဟာ သဘာဝတရားဆိုလျှင် မမှားချေ။ အသေအချာ စဉ်းစားကြည့်ပြန်တော့လည်း အိမ်ထောင်ရေးကိစ္စတွင် ထိုအကြောင်း သည် အရေးကြီးဆုံး အကြောင်းတစ်ပါးဆိုလျှင် မှန်ပေသည်။

အိမ်ထောင်ရက်သားကျလို့ လင်ရယ်၊ မယားရယ် ဖြစ်လာပြီ ဆိုလျှင် တူနှစ်ကိုယ်ယှဉ်တွဲ၍ သွားရလာရသည့် ကိစ္စများရှိသည်။

ဒီအခါမှာ ရုပ်ထဲရွာထဲ၊ အလှူပွဲ မလည်ရဲသည့်ဘဝ ဖြစ်ခဲ့ လျှင် ဘယ်မှာကောင်းမည်နည်း။

အိမ်ထောင်ရေးကိစ္စတွင် သက်တူရွယ်တူမျှဖြစ်ဖို့ရန်လည်း အမှန်ပင် လိုပေသည်။ ဒါမှ ရွှေနဲ့မြ၊ နေနှင့်လ ဖြစ်မည်။

ဒီလို, ဒီလိုမှ မဟုတ်ဘဲ လင်ကငယ်ငယ်၊ မယားကအဘွား ကြီးဖြစ်၊ လင်ကအသက်ကြီးကြီး မယားကငယ်ငယ်ကလေး ဖြစ် လျှင် ကြည့်ရသူအဖို့ အမြင်မတော်၊ ဆင်တော်နဲ့ခလောက် ဖြစ်မည်။ ကြည့်ကောင်းမည် မဟုတ်။

ပြီးတော့ ကာမဂုဏ်ရေး၊ အချစ်ကိစ္စများကို တွေးလိုက်ဦး မလား။ ဘယ်လိုမှ လေးလေးနက်နက် ရှိမည်မဟုတ်။

ထိုစဉ် ချိုသင်းခိုင်က ...

“ခိုင် မှားသလား ဆရာ”ဟု မေးသည်။

ကျွန်တော် ဘာဖြေရမည်နည်း။

“မိဘစကား နားထောင်သင့်တယ် ခိုင်”လို့ ပြောရမလား။

“မင်း ဆုံးဖြတ်တာ မှန်တယ် ခိုင်”လို့ ပြောရမလား။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"နွားအိုကြီး မြက်နုကြိုက်"ဆိုသော စကားသည် အသက်အရွယ်ကြီးသူတွေအတွက် မင်္ဂလာစကား ဖြစ်သော်လည်း အသက်အရွယ်ကြီးသူကို လက်တွဲရမည့် နုနယ်သူတွေအတွက် မင်္ဂလာမဖြစ်နိုင်ပေ။

အသက်ကြီးသူတွေအတွက် မိမိယူရမည့်သူက ငယ်ရွယ်သူဖြစ်တာကြောင့် မိုးဦးကျ မျှစ်စို့ပေါက်ကြီးလို အလှတွေခဲ၊ အဆီတွေရွှဲနေတာကြောင့် ပျော်တပြုံးပြုံး မော်မဆုံး ရှိပေမယ့် ဖူးဖူးထွတ်မယားကလေးများတော့ မည်သို့မျှ ပြုံးနိုင် ပျော်နိုင်မည် မဟုတ်ချေ။

ပျိုရွယ်သူတို့စရိုက် အကြိုက်ဆိုတဲ့ ချစ်စိတ် ဆိုသည်ကား ရွယ်တူခြင်း အပေါ်တွင်သာ တိမ်းညွတ်သည်မှာ ဓမ္မတာဖြစ်သည်။ ဆန်းပြားသည့်လောကတွင် ဇရာအိုနှင့် ကညာပျို ညားကြသည်မှာ ရှိပင်ရှိငြားသော်လည်း ပင်ကိုသဘောအရတော့ လူငယ်လူငယ်ချင်းသာ နှစ်ဖြာရေစက် ဖူးစာဖက်ချင်ကြသည်မှာ ဓမ္မတာဖြစ်သည်။

အိုမင်းရင့်ရော်သော ချဉ်စော်နံနေသူကိုတော့ နုနုဖပ်ဖပ်ကလေးများက စိတ်ခတ်စာကျချင်လိမ့်မည်မဟုတ်။

ဤသည်တို့ စဉ်းစားရင်း "ဝေဿန္တရာဇာတ်တော်"က "အမိတ္တာပုံ"ရဲ့ စကားကို ပြေးသတိရမိ၏။

နဟဒုက္ခံ အပဟိနာ ဒဠှံ
နဟဒုက္ခံ သတ္တိယာ ပဟံ။
တဉ္စ ဒုက္ခဉ္စ တိဗ္ဗဉ္စ
ယံ ပဿေ၊ ဇိဏ္ဏကံပတိ။

(ဝေဿန္တရာဇာတ်တော်)

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိန်၊ မိန်းမတို့အား။ အဟိနာဒဋ္ဌ၊ မြွေကိုက်ခံရတာဟာလည်း။ န,ဒုက္ခံ၊ ဆင်းရဲတယ်လို့ မအောက်မေ့ပါ။ သတ္တိယာပတံ၊ လှံထိုး၊ ဓားထစ်၊ သေနတ်ပစ် ခံရတာဟာလည်း။ န,ဒုက္ခံ၊ မဆင်းရဲလှပါ။ ယံ ဓိဋ္ဌာကာပတိ၊ ပါးရေတွန့်လိပ် ကိုယ်စိတ်ထိုင်းမှိုင်း၊ ခါးကိုင်းရှုတ်ယို၊ အကြင်လင်အိုကြီးကို။ ပဿေ၊ မျက်စိထဲတွင် အမြဲမြင်နေရ၏။ တဒ္ဓ၊ ထိုလင်အိုကြီးအား ရှုစားနေရခြင်းသာလျှင်။ ဒုက္ခဋ္ဌ၊ တကယ့်ကို ဆင်းရဲလှပေသည်။ တဗ္ဗဋ္ဌ၊ မခံသာချက်တကယ့်ကို မသက်လှပါ။

ဤသည်မှာ လင်အိုကြီးကိုကြည့်၍ မယား"အမိဋ္ဌာပုံ" ပြောတဲ့ စကားပါ။ ပြီးတော့ အမိဋ္ဌာပုံက ရင်တွင်းခံစားချက်ဖွင့်လို့ ပြောသေးသည်။

"သက်ကြီးရွယ်အို၊ လင်အဘိုးအိုနှင့် မောင်မယ်တူစုံ၊ ပျော်တပြုံးပြုံး မော်မဆုံးဆိုတာ ဘယ်မှာရှိနိုင်မလဲ၊ ကာမဂုဏ်အတွေ့ တစ်အာရုံမွေ့ဖို့ဆိုတာလည်း စိတ်ကမလာနိုင်။ တစ်ယောက်တစ်ခွန်း နှုန်အရွှန်းရွှန်းနှင့် ပြောဆိုရအောင်ကလည်း လူမြင်လို့မှ မတင့်တယ်ပါပေ"

"အမိဋ္ဌာပုံ"ဒုက္ခကို မျှဝေခံစားကြည့်သူတွေ များစွာရှိသည်၊ လန့်စရာ၊ ကြောက်စရာလည်း ကောင်းပေ၏။ ပြီးတော့ မိန်းမလောကလည်း ဝိုင်းဝန်းရှုတ်ချလေဦးမည်။

"ဒီကောင်မနှယ် မိန်းမဈေးဖျက်လိုက်တာ။ လင်ရှားသမို့လား။ တို့များတော့ သက်ကြားရွယ်အို ယူမယ့်အစား ငှက်ပျောတုံးဖက်အိပ်မယ်။ ကေဋ္ဌ ဒီကောင်မ ဂုဏ်မက်လို့ယူတာ ဖြစ်မယ်။ ဂုဏ်မက်တဲ့ကောင်မ ဒီလိုဖြစ်တာပဲ ကောင်းတယ်"

ဟုတ်ပါရဲ့။ လောကမှာ ချီးမွမ်းသူသာ နည်းမည်။ ကဲ့ရဲ့သဂြိုဟ်အတင်းဆိုမယ့်သူက များရဲ့။ ထို့ကြောင့် တချို့မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက မိမိအိမ်ထောင်ဖက် ရွေးချယ်မှုကိစ္စကို အရှည်ကြည့်ကြသည်မှာ အပြစ်တော့ မဆိုသာ။

ဒါကလည်း မိန်းမတို့အတွက် စဉ်းစားရန် တစ်ချက်ပေပဲ။

"ထိုလင်အိုနှင့် တစ်ကိုယ်ရေယှက် မွေ့ရာထက်ဝယ် တူစက်ပါသော်၊ ဘယ့်နှယ်လျော်၍ နင်ပျော်လိမ့်မည်နည်း"

(ဝေဿန္တရာပျို့)

❒

(၄)

"ကြီးရင်မှီ၊ ငယ်ရင်ချီ"လို့ စကားရှိသော်လည်း မိန်းမဟူသည်ကား မှီလိုသူများမဟုတ်။ ချီလိုသူများသာဖြစ်သည်။

သို့သော် မိန်းကလေးတော်တော်များများ ဖူးစာရှင်လောင်းရွေးရာတွင် အဘိုးအိုကို မျက်စောင်းမထိုးကြသည်မှာ အဆိုးဟု မဆိုသာချေ။

ပြီးတော့ ... အိမ်ထောင်ရေးကိစ္စတွင် မိန်းမသည်"အသရေ" သာဖြစ်၏။ သူ၏ရွှင်လန်းတက်ကြွမှုသည် အိမ်ထောင်ဦးစီးအတွက် အားဖြစ်သလို အိမ်ထောင်ဦးစီးကို နှစ်လိုခြင်းသည်လည်း မိန်းမတစ်ဦးအတွက် "အာယု" အသက်ရှည်ခြင်း၊ ချမ်းမြေ့ခြင်း မည်သည်။

ထို့ကြောင့် မိန်းကလေးများသည် အိမ်ထောင်ဖက်တွင် ဖူးစာရှင်ရွေးသည့်နေရာတွင် ...

၁။ အိမ်ထောင်ရေးကို ချဉ်ချဉ်တူးတူး မူးပြီးရောဆိုသည့် သဘောမျိုးနှင့် မစဉ်းစားသင့်။

၂။ သက်ကြီးရွယ်အိုများကိုလည်း မျက်စောင်းမထိုးသင့်။

၃။ ရွယ်တူဆိုပြီးရောလို့လည်း မစဉ်းစားသင့်။

www.burmeseclassic.com

www.burmeseclassic.com



၄။ တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ ဖြစ်ရမည်။

၅။ နားလည်ခွင့်လွှတ်နိုင်စွမ်း ရှိရမည်။

စသည့် အချက်များကို သတိထားရမည်။ ဒါမှလည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ ဘဝချမ်းသာကို ရမည်။ စင်စစ်မူ "အစကောင်းမှအနှောင်းသေချာ"ဆိုသည့် စကားနှယ် အရွေးကောင်းမှ အပျော်သူငွေးမလေးဘဝ ပိုင်ဆိုင်ရမည် မဟုတ်လား။

❐

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိယအဘိဓာန်

(၂)

(၁)

ဒီဇင်ဘာသို့ ရောက်ပြီဖြစ်သော်လည်း မအေးသေး။ တစ်ခါတစ်ရံ ကျွန်တော် စောစောနိုး၏။ ဖြူလွလွနှင်းပွင့်များကို တွေ့မလားလို့ ကြည့်မိ၏။ မမြင်ရသေး။ မြောက်ပြန်လေနှင့် နှင်းစက်တို့ သဟဇာတမဖြစ်ကြလေရော့သလား မသိ။ အိုဇုန်းလွှာအပေါက်တို့ကြားမှ ယိုစီးနေသော အပူငွေ့များကြောင့် နှင်းစက်များ လွင့်ပြယ်သွားလေသလား။

နှင်းပွင့်အေးသော အထိအတွေ့တို့ အရောက်နှေးသဖြင့် ဆောင်း၏သရုပ် မပီသေး။

"ဒီနှစ် အနွေးထည် အဝယ်စောတာ မှားပြီထင်တယ် ဆရာရေ၊ ခုထိ အနွေးထည် မကြော်ငြာရသေးဘူး"

ဉီလုံ့ရီ၏စကား။

သူမက လွတ်လပ်သည်၊ ပွင့်လင်းသည်။ မနေ့က ရွှေနိုင်ငံတွင် ခေတ္တထိုင်စဉ် သူမ ရောက်လာသည်။ ရောက်မဆိုက်ပင် "ဒီနေ့ ဆရာ့ကို ညို တစ်ခုမေးစရာရှိတယ်"ဟု ပြောသည်။ သူမက ဒီလိုပဲ သိုသိပ်ဝှက်ကွယ်တတ်သူ မဟုတ်။

"ညည်းက ဘာမေးချင်ပြန်ပြီလဲ"

"ဆရာ မိန်းမတွေအကြောင်းကို ဘာကြောင့်ရေးနေလဲ"

"ညည်းက ဘယ်လိုထင်လဲ"

"မသိလို့ မေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မသေမချင်းမှတ်ထား။ ငါ မိန်းမအကြောင်းကို သုတေသနပြုပြီး ရေးနေတာ ယောကျ်ားတွေအတွက်"

သူမက ခက်ကလေးပုပြီး ...

"တစ်မျိုးကြီးပါလား၊ မိန်းမအကြောင်းကို ယောကျ်ားတွေ သိစေချင်လို့တဲ့။ သိတော့ ဘာဖြစ်မှာမို့လဲ"ဟု ပြောသည်။

"ဟ ... ဘာဖြစ်ရမလဲ၊ ကောင်းတာပေါ့၊ ကမ္ဘာကြီးငြိမ်းချမ်းဖို့ပေါ့။ နင် စဉ်းစားကြည့်လေ၊ မိန်းမနဲ့ယောကျ်ားဟာ ကမ္ဘာကြီးမှာ အတူယှဉ်တွဲနေသူတွေ၊ ဒီနှစ်ဦး သဟဇာတမဖြစ်ရင် ဘယ်မှာ အေးချမ်းမလဲ၊ နားလည်မှုဟာ အေးအတူ ပူအမျှ အတူတကွ နေနိုင်ရေးရဲ့ အခြေခံအကြောင်းတရားပဲ။ ပြဿနာဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်မသိလို့ ဖြစ်တာ။ တစ်ယောက်အကြောင်း တစ်ယောက်သိရင် ပြဿနာမရှိဘူး။ ပြဿနာမရှိရင် ငြိမ်းချမ်းတာပဲ။ ငြိမ်းချမ်းမှုနဲ့အတူတကွ သာယာခြင်းဆိုတာ ရှိတယ်လေ။ ကဲ ... မဟုတ်ဘူးလား"

"ဒါဆို ဆရာ အများကြီးအားထုတ်ရမှာပေါ့"

"ဒါက အလုပ်ပဲ။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းချက်ပဲပေါ့"

သူမ ပြုံးသည်။ ကျွန်တော် မပြုံးနိုင်။ မိန်းမအကြောင်းက လွယ်လာလို့ မကုန်နိုင်။ ဘာပဲဖြစ်ဖြစ် ကြိုးစားရမည်။

❒

(၂)

"ကိုအောင်မြတ်ဦး အပျိုမအတွက် ဣတ္ထိယအဘိဓာန် မရေးရသေးဘူးနော်"ဟု ဗိုဝမ်းက ပြောသည်။ သူက ရေးဖော်တွေကို ဂရုထားသူ။ လစ်လပ်သွားမှာ စိုးရိမ်သူ။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဖန်များစွာ သတိပေးနေရသဖြင့် အားနာရ၏။ ကျွန်တော်ကလည်း ကျွန်တော်ပင်။ စာရေးပျင်းသူ မဟုတ်သော်လည်း အလုပ်များသည်။

လုံးချင်းကိစ္စ၊ သုတေသနကိစ္စနှင့် ရှုပ်ထွေးနေသူ။ တစ်ခုကို အာရုံဝင်စားလျှင် တစ်ခုက လွတ်စမြဲ။

"ဣတ္ထိယအဘိဓာန်"ဆောင်းပါးဆက်ကို ရေးရန် စားပွဲထိုင်တော့ ညိုလွဲ့ရီနှင့် ပတ်သက်သည်ကို သတိရမိပြန်၏။ မိန်းမဆိုသည်က လျှို့ဝှက်နက်နဲသူများ ဖြစ်သဖြင့် စူးစမ်းရခက်သည်။ သတိထားရသည်။ အားထုတ်ရသည်၊ တစ်ခါတစ်ရံ မိန်းမတို့အကြောင်းကို စူးစမ်းသုတေသနပြုရင်း "ဩော် ... မိန်းမတို့သည် ဆောင်းလေပမာညီ"ညီသည့် တေးသွားကလေးကို ပြေးသတိရမိသည်။

ဟုတ်ပါ့။ စဉ်းစားရခက်သည်။ နားလည်ရခက်သည်။

စင်စစ် ဤသည်မှာ ဆန်းသည်ဟု မဆိုသာ။ ကျွန်တော့်ထက်ပို၍ အသိဉာဏ်၊ ပညာပြည့်စုံသူတို့သည်လည်း နားမလည်ကြသေး။

ကျွန်တော် မှတ်မိနေသေးသည်။ ဖရိုက်ဒ်ကလည်း ပြောဖူး၏။ သူက နှယ်နှယ်ရရ ပုဂ္ဂိုလ်ကြီးဟု ပညာရှိများက သတ်မှတ်ကြသည်။

သူက ကမ္ဘာကျော် စိတ်ပညာဆရာကြီး။ ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီး။ သူ့အမည် အပြည့်အစုံက ဆစ်ဂန်မန် ဖရိုက်ဒ် ဖြစ်သည်။

သူက ပြောသည်။

"ကနေ့ထိ ကျုပ် မိန်းမတွေ ဘာလို့ချစ်ကြတယ်၊ ဘာလို့ တပ်မက်ကြတယ်ဆိုတာ မသိသေးဘူး"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပုဂ္ဂိုလ်မျိုးက မိန်းမတို့အကြောင်း မသိဟု ဝန်ခံတော့ စဉ်းစားစရာပင်။ မှန်တော့ မှန်သည်။ မိန်းမတို့သဘာဝ နားလည်ရ ခက်သည်တည်း။

❒

(၃)

"မိန်းမတွေရဲ့ ရင်ထဲက သဘာဝကို သူတို့ရဲ့လင်ယောကျ်ား တွေ၊ ချစ်သူတွေက ကောင်းကောင်းမသိကြသေးဘူးဆိုရင် ဆရာ ယုံမလား"

"ဒါ ဖြစ်နိုင်တာပေါ့။ ကျွန်တော်တို့ လေ့လာရမယ်လေ။ ဒါဟာ ယောကျ်ားတွေ နားမလည်နိုင်သေးတဲ့မိန်းမတို့၏သဘာဝ ပဲ။ ဒါဟာ အချစ်ရေး၊ အဆင်ပြေမှု၊ အိမ်ထောင်ရေး သာယာမှု အတွက် အလိုအပ်ဆုံး ကွက်လပ်ပဲလေ"

"ဒါတွေ ဆရာ လေ့လာပြီးပြီလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဆိုပါဦး။ အနောက်တိုင်း ပညာရှင်တွေရဲ့ အယူအဆနဲ့ သုတေသန ပြုလုပ်ချက်တွေကိုတော့ တော်တော်လေ့လာပြီးပြီ။ သူ့ အရပ်နဲ့ သူ့ဓာတ်ကတော့ မှန်လိမ့်မယ်လေ၊ အရေးကြီးတာက ကျွန်တော်တို့နိုင်ငံ ရေမြေ၊ ယဉ်ကျေးမှုနဲ့ ကိုက်မကိုက် ညှိနှိုင်းဖို့ ပဲ"

"ညှိနှိုင်းပြီးရင် ဆရာ ဘယ်လို နာမည်ပေးမလဲ"

"ဒါဟာ မိန်းမတို့၏ လျှို့ဝှက်ပဲလေ။ ဒါပေမဲ့ ယောကျ်ား တို့ မသိနားမလည်နိုင်ကြသေးသော ဣတ္ထိယသဘာဝလို့ဆိုရင် ပိုမှန် လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ စိတ်ဝင်စားလာပြီ"

"မကြာခင် အဖြေပေါ်လာမှာပါ"

သူ ပြုံးလေသည်။

❒

(၄)

စိတ်ပညာကို နားလည်သူ၊ အသိဉာဏ်ကြွယ်ဝသူ မိန်းမများသည် မိမိ၏လိုလားမှုအဖြေကို ရှာကြံကြသည်။

သို့သော် မိန်းမများသည် သိသည်ကို သိသလောက် ပြောနိုင်ခွင့်ကို သဘာဝအရ မရှိကြပေ။ သဘာဝ၏ပိတ်ပင်တားဆီးမှုဒဏ်ကို အလူးအလဲ ခံနေရသူများတွင် မိန်းမများသည် ထိပ်ဆုံးမှ ပါလေသည်။

ထို့ကြောင့် အချို့မိန်းမများသည် ကိုယ်စား ရင်ဖွင့်သူကို ရှာကြံကြသည်။ ထိုကိုယ်စားရင်ဖွင့်သူမှတစ်ဆင့် မိမိတို့မိန်းမသားများ၏ စိတ်၊ သဘာဝကို ဖွင့်ဟကြသည်။

ယခု ဖော်ပြမည့်အချက်များသည် ယောကျ်ားများ မသိကြသေးသော သိသင့်သော အချက်များပင်ဖြစ်သည်။

ထိုအချက်များကား ...

**မိန်းမများသည် ဖြူစင်သော ချစ်ခင်ယုယမှုကို တပ်မက်ကြသည်။**

မိန်းမတို့၏အဖော်(သို့မဟုတ်)မိန်းမတို့ တပ်မက်သောအရာသည် စိန်၊ ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်းများသာ ဖြစ်သည်ဟု အဆိုရှိကြသည်။ သို့သော် မိန်းကလေးများက ထိုအချက်သည် မမှန်ကန်ဟု ငြင်းပယ်ကြ၏။ မိန်းကလေးများ လိုလားသည်မှာ ချစ်သူ၏ရိုးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သည့် ချစ်ခြင်းမေတ္တာဖြစ်သည်။ ချစ်သူ၏လက်ဆောင်သည် မြတ်နိုးဖွယ်သာဖြစ်၏။ ငွေကြေးတန်ဖိုးထက် စေတနာ၊ မေတ္တာကို တန်ဖိုးထားကြသည်။

ဤကဲ့သို့ပင် ယောကျ်ားတစ်ယောက်က အဖိုးတန်လက်ဆောင်ပေးပြီး မိန်းကလေးထံမှ အချစ်(သို့မဟုတ်)ကာမကို ရယူရန် ကြိုးစားပါက နှစ်သက်ခြင်း မရှိကြပေ။

သို့စဉ်လျက် မိန်းမများသည် အမှန်တကယ် ချစ်မြတ်နိုးစိတ်နှင့်ပေးသော လက်ဆောင်ကိုမူ အဖိုးမထိုက်သော်လည်း တန်ဖိုးထားကြ၏။ နှစ်သက်ကြ၏။

အထူးသဖြင့် မိန်းမများသည် မမျှော်လင့်သောအချိန်တွင် မှတ်မှတ်ရရ ဂရုတစိုက်ပြုပေးသော လက်ဆောင်ကိုမူ အနှစ်သက်ဆုံးဖြစ်၏။

အိမ်ထောင်ရှင်ဘဝက ယောကျ်ားက အလေးထားပြီး မိမိနှင့်အတူ ပွဲလမ်းသဘင် ခေါ်သွားခြင်းမျိုး၊ အားလပ်ရက်တွင် မိန်းမနှင့် ကူညီချက်ပြုတ်ပေးခြင်းမျိုး၊ စိတ်ဓာတ်ကျနေသည့်အခါ အရေးတယူနှင့် အားပေးဖေးမခြင်းကို အထူးနှစ်ခြိုက်ကြပေသည်။

## မိန်းမများသည် လှချင်၍ အလှပြင်ကြသော်လည်း ကိုယ်တိုင်လှသူဟု ယူဆခြင်း မရှိတတ်ကြပါ။

ယောကျ်ားများသည် မိန်းမများအား လှချင်သူများသာဖြစ်သည်ဟု ယူဆကြသည်။ "မင်း သိပ်လှတာပဲ"ဟူသော စကားနှင့် မြှောက်ပင့်ချင်ကြသည်။

အမှန်တော့မူ မိန်းမတစ်ယောက်အတွက် ဘဝတွင် "မင်းသိပ်လှတာပဲ"ဟု ပြောလျှင် ကျေနပ်တတ်သည်မှာ မမှတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယောကျ်ားများသည် မိန်းမတို့၏ လုပမှုနှင့်ပတ်သက်၍ လိုသည်ထက် ပို၍မြှောက်ပင့် ပြောဆိုတတ်ကြသည်။

သို့တစေ မိန်းမများသည် ကိုယ့်ကိုယ်ကိုယ် အလှဆုံးဟု ယူဆလေ့ မရှိကြပါ။ ယင်းအဖို့ မိန်းမများသည် မိမိကို အလှဆုံးဟု ပြောခြင်းထက် လှလှ မလှလှ တွယ်တာမြတ်နိုးနေမည်ဆိုသော စကားကိုသာ နှစ်သက်ကြသည်။

အိမ်ထောင်ရှင်ဘဝ၊ မိခင်ဘဝသို့ ရောက်ပြီး မလှမှန်းသိလျက် ယောကျ်ားဖြစ်သူ၏ ချစ်ခင်မြတ်နိုးမှုကို ခံရပါက ကျေနပ်အားရ ဖြစ်တတ်သည်။

မိန်းမတစ်ယောက်က ...

"ကျွန်မတို့ မိန်းမတွေဟာ အလှဆုံးပဲ ဆိုတဲ့ စကားကို ယောကျ်ားတွေ ပြောနေတာထက် "မင်းဟာ ငါ့အတွက် အမြိတမ်း စွဲမက်စရာကောင်းသူ ဖြစ်တယ်"လို့ ပြောတာကို ပိုပြီး ဝမ်းသာကြည်နူးတယ်*"

*ဤသို့ ပြောဖူးသည်ကို မှတ်သားရသည်။

**မိန်းမများသည် အလုပ်ကို အလေးထား လုပ်တတ်သူများ ဖြစ်ကြသည်။**

မိန်းမများသည် မည်သည့်အလုပ်မျိုးမဆို ယောကျ်ားများနှင့် တန်းတူရည်တူ အလုပ်လုပ်ချင်ကြသည်။

ယောကျ်ားများလောက် အလုပ်မလုပ်နိုင်သော ခပ်ညံ့ညံ့များဟု အထင်မခံချင်ကြပေ။

ထို့အတူ မိန်းမများသည် အလုပ်နှင့်ပတ်သက်၍ မိန်းမနှင့် ယောကျ်ား ခွဲခြားသည်ကို မကြိုက်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယောက်ျားများသည် မိမိ၏မိန်းမအား ခွဲခြားသည့်စကားမျိုး၊ စော်ကားသည့်စကားမျိုး မပြောသင့်ပေ။

အိမ်ထောင်ရှင်ဘဝတွင် ယောက်ျားနှင့်မိန်းမ ကျရာတာဝန်ကို လုပ်ကိုင်နိုင်ကြောင်း မိန်းမကပြလျှင် ဟန့်တားခြင်း မပြုသင့်။ ချီးကျူးစကားကိုသာ ပြောသင့်သည်။

ဇနီးမိန်းမသည် မှီခိုသည့်မိန်းမ ဖြစ်ပါစေ အပြင်အလုပ်မရှိသည့် မီးဖိုချောင်ဝင် မိန်းကလေးများ ဖြစ်ပါစေ သူ့အလုပ်နှင့်သူ တာဝန်ကျေသည့် မိန်းမ၊ ဂုဏ်ရှိသည့်မိန်းမဟု ချီးကျူးသင့်ပေသည်။

## မိန်းမများသည် ရင်ဖွင့်ခံ ကြင်နာသနားတတ်သူကို တောင့်တတတ်သည်။

မကျေနပ်မှု၊ အဆင်မပြေမှုများကို ကြိတ်မှိတ်ခံစားရခြင်းသာ ခေတ္တခဏသာ ကောင်း၏။ ရေရှည်အတွက် မကောင်းပေ။

တိုင်ပင်ဖော်၊ ရင်ဖွင့်ဖော်မရှိလျှင် ကြာပါက စိတ်ဓာတ်ချောက်ချားသွားတတ်သည်။ ကျန်းမာရေးကိုပါ ထိခိုက်နိုင်၏။

ထို့ကြောင့် အဆင်မပြေမှုဖြစ်လျှင် ရင်ဖွင့်ခြင်းသည် အလိုအပ်ဆုံးဖြစ်၏။ ရင်ဖွင့်ပြောဆိုခြင်းကို နားထောင်သူ အမြဲလိုအပ်သည်ဟု ဆိုရမည်။

ဤသို့သော အချိန်တွင် မိန်းမတစ်ဦးအတွက် အလိုအပ်ဆုံးသော အဖော်သည် လင်ယောက်ျား သို့မဟုတ် ချစ်သူရှိသင့်ပေသည်။

မိန်းမဖြစ်သူ စိတ်ဆိုးမာန်မဲနေလျှင် ဖေးမပြောဆိုတတ်သည့် ယောက်ျားရှိဖို့ လိုအပ်သည်။ မိန်းမသည် မိမိ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေလျှင် ဖေးမအကြံပြုတတ်သည့်ယောက်ျား လိုအပ်သည်။ မိန်းမသည် ကြင်နာမှုကို လိုအပ်သောသူသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**တစ်ခါတစ်ရံ မိန်းမသည် အထီးကျန်ဆန်စွာ နေလို၏**

ယောကျ်ားနှင့် မိန်းမတို့၏ သဘာဝကို လေ့လာလျှင် မတူညီမှု ရှိနေသည်ကို တွေ့ရ၏။ ယောကျ်ားတို့သည် လူပျိုဘဝတွင် အပေါင်းအသင်းကို ခင်မင်ပျော်ရွှင်တတ်သလို၊ အိမ်ထောင်ရှင်ဘဝတွင် ဇနီး၊ သားသမီးများနှင့် ထွေးရောယှက်တင် ပျော်ရွှင်စွာနေလိုကြသည်။

မိန်းမများကမူ ဤသို့မဟုတ်ချေ။ မိန်းမများသည် အပျိုဘဝတွင်ဖြစ်စေ၊ အိမ်ထောင်ရှင်ဘဝဖြစ်စေ တစ်ဦးတည်း နေချင် ထိုင်ချင်ကြသည်။

သို့ဖြစ်၍ မိန်းမက တစ်ဦးတည်း ဈေးသွားလိုလျှင်၊ ဘုရားသွားလိုလျှင် အခြေအနေကြည့်၍ ခွင့်ပြုသင့်သည်။ အထင်လွဲမှု၊ ပူပန်မှု အရိပ်မပြပါနှင့်။ သူမ၏လွတ်လပ်မှုနှင့် လွတ်လပ်ခွင့်သည် ချစ်သူ ခင်ပွန်းအတွက် အချစ်တိုးခြင်းလည်း မည်ပေသည်။

**မီးဖိုချောင်တွင်းမှရသော အချစ်ကို မိန်းမတို့ လိုလားကြသည်။**

ယောကျ်ားအများစုသည် မိန်းမများအား ချစ်ခြင်းနှင့်ပတ်သက်၍ ပြသရန် အကောင်းဆုံးနေရာသည် ဧည့်ခန်း၊ အိပ်ခန်းဟု ထင်တတ်ကြသည်။ ရာနှုန်းပြည့် မမှန်ဟု ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် ဧည့်ခန်းနှင့် အိပ်ခန်းတွင် အချစ်ကို ပြသခြင်းကိစ္စသည် ချစ်သူဘဝနှင့် အိမ်ထောင်ဦးကာလတွင်သာ မှန်ကန်သောကြောင့်ဖြစ်သည်။

မိန်းမတစ်ဦး၏ ရင်ဖွင့်စကားလည်းရှိသည်။ အိမ်ထောင်ဖက်ကြာမြင့်ပြီးသားများ၊ သမီးများနှင့် နေလာရသော အခါမျိုးတွင် လင်နှင့်မယား ချစ်ကြောင်းပြရန် အကောင်းဆုံးနေရာသည် မီးဖိုချောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အကြောင်းမဲ့ မဟုတ်ချေ။ မိသားစုတစ်ခု၏ စားဝတ်နေရေး အဆင်ပြေအောင် ပြုလုပ်ပေးသော နေရာသည် မီးဖိုချောင်ဖြစ်၏။

မီးဖိုချောင်မှ ကျွေးမွေးသည်။ မီးဖိုချောင်မှ ချွေတာခြင်းသည် ဝင်ငွေတိုး၏။ မီးဖိုချောင်တွင် အဆင်ပြေလျှင် လင်ရော၊ မယားရော အဆင်ပြေသည်။

ထို့အတူ မီးဖိုချောင်တွင် စီးပွားရေး၊ အိမ်ထောင်ရေး ဆွေးနွေးနိုင်သည်၊ မိန်းမ၏မီးဖိုချောင်အလုပ်ကို ချီးကျူးနှစ်သက်ခြင်းဖြင့် အိမ်ထောင်ရေး ပိုမိုအဆင်ပြေနိုင်သည်။

ထို့ကြောင့် မီးဖိုချောင်သည် အိမ်ထောင်ရေး၏အချစ် သော့ချက်ဆိုသည်ကို ယောကျ်ားများ သိထားသင့်သည်။

**မိန်းမများသည် အချစ်ရူး ရူးတတ်သူများ မဟုတ်ကြ။**

ယောကျ်ားများသည် မိန်းမများနှင့် ပတ်သက်၍ လွဲမှားသော အမြင်တစ်ခုရှိသည်။ ဤသည်မှာ မိန်းမများသည် ဆင်ခြင်မှုနည်းပါးပြီး အရူးအမူး ချစ်တတ်ကြသည်ဟု ဖြစ်သည်။

သို့သော် ယခုအခါတွင် မိန်းမများသည် ယောကျ်ားတစ်ဦး၏ စိတ်တည်တံ့မှုနှင့် အားကိုးရလောက်သည့် အရည်အချင်း ရှိ၊ မရှိကို ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မိန်းမများသည် ယခုအခါတွင် ယောကျ်ားများနှင့် တန်းတူယှဉ်ကာ အိမ်ထောင်တစ်ခုကို ထူထောင်နိုင်ပြီ။

ထို့အတူ အရည်အချင်းပြည့်ဝသော မိန်းမများသည် မိမိ အရည်အချင်း ပြည့်ဝသလို မိမိချစ်သူ၊ ခင်ပွန်းကိုလည်း အရည်အချင်း ပြည့်ဝစေချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယခုအခါတွင် မိန်းမများသည် အချစ်မပါဘဲ အိမ်ထောင်ပြုခြင်း သကော်တကို သိနေလေပြီ။ ထို့ကြောင့် အချစ်ရှူးရှူး၍ ဘဝကို မေ့သောသူ မရှိကြတော့ချေ။

ထို့ကြောင့် ယောကျ်ားများသည် မိန်းမတစ်ယောက်ကို တကယ်ချစ်လျှင် ချစ်ကြောင်းပြရုံနှင့် မလုံလောက်တော့။ ယုံကြည်စိတ်ချရသည့် အရည်အချင်းရှိကြောင်း ပြသရန်သာ အထူးလိုအပ်ပေသည်။

**ပြဿနာအဖြေကို မိန်းမများ လျှင်မြန်စွာ ရှာတတ်ကြသည်။**

ပြဿနာအဖြေကို ရှာသည့်နေရာတွင် မိန်းမများသည် ယောကျ်ားထက် လျှင်မြန်စွာ ဖြေရှင်းနိုင်သည်ကို ယောကျ်ားများ သိထားသင့်သည်။

ယောကျ်ားများက အရှည်ကိုသာတွေးသဖြင့်အနီးကိုမမြင်ကြ။

အိမ်ထောင်ရေးတွင် ပြဿနာများဖြစ်သည့် ငွေကြေးကိစ္စများတွင် လျှပ်တစ်ပြက် အကျပ်အတည်းကို ယောကျ်ားများထက် မိန်းမများက ဖြေရှင်းအောင်မြင်သည်မှာ သာဓကဖြစ်သည်။

**မိန်းမများသည် လင်ယောကျ်ား၏ အဆွေခင်ပွန်းကောင်းအဖြစ် ထာဝရ စံယူလိုသည်။**

အိမ်ထောင်တစ်ခုတွင် ယောကျ်ားသည် "အိမ်ဦးနတ်"ဖြစ်ပြီး မိန်းမသည် မှီခိုသူဖြစ်၏။ ဒုတိယလူများသာဖြစ်၏။ ယခုကာလတွင် ထိုအဖြစ်မျိုးကို မိန်းမများ မလိုချင်ကြပေ။

မိန်းမများသည် လင်သားဖြစ်သူနှင့် တန်းတူနေရာယူချင်သည်။ ဤသည်မှာ ခင်ပွန်းကိုကျော်ရန်၊ ကျော်တက်သွားရန် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



တန်းတူနေရာယူခြင်းသည် အပြင်လူများသာမက ခင်ပွန်းသည်ကိုယ်တိုင်က မိမိကို ရိုးသားစွာ လက်ခံလာရန် ဖြစ်ပေသည်။

အကြောင်းမှာ မိန်းမများသည် မိမိ၏လင်ယောကျ်ားများက အိမ်ထောင်ရေးကိစ္စ၊ သားရေး သမီးရေးကိစ္စများကို မိမိအားတိုင်ပင်သလို၊ အလုပ်အကိုင်၊ ငွေရေး ကြေးရေး၊ နေရေးထိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး ကိစ္စများတွင် ဆိုးတူကောင်းဖက် ရဲဘော်ရဲဘက်လို ဆက်ဆံခံယူလိုသည်။

အိမ်ထောင်တစ်ခုတွင် မိန်းမ(ဇနီး)သည် ယောကျ်ား၏မှီခိုသူမဟုတ်ဘဲ အကောင်းဆုံးမိတ်ဆွေ၊ အဆွေခင်ပွန်းကောင်းအဖြစ် ရပ်တည်ချင်သည်မှာ မိန်းမတို့ဆန္ဒ ဖြစ်သည်။

❒

(၅)

ကျွန်တော့်မိတ်ဆွေက ဆောင်းပါးကိုဖတ်ရင်း ပြုံးသည်။

"ကိုအောင်မြတ်ဦးကိုတော့ ကျုပ် ကျေနပ်သွားပြီ"ဟု ပြောသည်။

"ခင်ဗျား ဒီဆောင်းပါးတွေကို ကြိုက်လား"

"ဒီဆောင်းပါးတွေက ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ်တွေပဲ မဟုတ်လား။ ခင်ဗျား တာဝန်ကျေပါတယ်"

"ဒါဆို ကျုပ်တာဝန်ကျေအောင် အာပေါက်အောင် ဆွေးနွေးနေတဲ့ ဗိုဝမ်းကိုလည်း ချီးကျူးရမယ်ဗျ"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တိုင်ပင်ထားသလို ကျွန်တော်တို့ ပြုံးကြလေသည်။ ကျွန်တော့်နှလုံးသားတွင် အင်အားတို့ ပြည့်နေသလို ခြေလှမ်းသစ်နှင့် ဆက်၍ ဆက်၍ လှမ်းရဦးမည်။

သဟာဓာတ မျှတခြင်းတို့ကို ပုံဖော်ရဦးမည်။ ဆွတ်ပျံ့ဖွယ်ကောင်းသည့် ဣတ္ထိယဗေဒ ပဲ့တင်သံများ လွင့်နေရော့မည် ထင်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



# ကတ္တီယအဘိဓာန်

## (၃)

### (၁)

အခုတလော အအေးက ကဲသည်။ ဒီလို အအေးကဲသဖြင့် ကျွန်တော် ဒုက္ခကြုံရ၏။ ယခုတလော ကိစ္စဝိစ္စများသည်ဟု ဆိုရမည်လား မပြောတတ်။ ကျွန်တော် အေးအေးဆေးဆေး စာမရေးနိုင်။ မြို့ထဲမှာ ဗာဟီရကိစ္စတွေ ရှိသလို၊ စာနယ်ဇင်းကိစ္စ၊ ဘုရားသမိုင်းကိစ္စတို့ကြောင့် နေ့ခင်းပိုင်း စာရေးစားပွဲ မထိုင်နိုင်။ စာမရေးနိုင်။

စာကလည်း မရေးလို့မဖြစ်။ လုံးချင်းရေးရန် ရှိသလို၊ လစဉ်မဂ္ဂဇင်းမှာ ပင်တိုင်ယူထားမိသဖြင့် မလွဲမသွေ ရေးရမည်။

ကိုယ့်စာကို စောင့်ဖတ်သည့် ပရိသတ်ကို အလေးထားရမည်။ အထူးသဖြင့် မဂ္ဂဇင်းဆောင်းပါးများ။

ထို့ကြောင့် ညဘက်စာရေးရသည်။ ကြည့် ... ဒီကနေ့လည်း နေ့ခင်းပိုင်း ဟောပြောပွဲအတွက်လုပ်သည့် အစည်းအဝေးမှအပြန် မဂ္ဂဇင်းဆောင်းပါးတစ်ပုဒ်ရေးရန် ညနေစောင်း စာရေးစားပွဲထိုင်စဉ် အာရုံနှောက်စေသည့် ကိစ္စတစ်ခု ဝင်လာသည်။

ပေါက်ကွဲသံစဉ်များ၊ ရိုက်နှက်သံ၊ ငိုယိုသံ စသည်များ။ ညီမောင်တို့ လင်မယားပြဿနာတက်ပြီ။ သူတို့က ညားတာမကြာသေး။ တဂျိမ်းဂျိမ်း ချကြသည်။ သူတို့က ဖြစ်နေကျ။

ကိစ္စမရှိ။ မကြာခင် ပြန်ပြေလည်သွားကြမည်။ သူတို့က ရိုက်နှက်ရန်ဖြစ်ခြင်းသည် အချစ်ကို တိုးပွားစေခြင်းဟု ခံယူထားကြသည်လားမသိ။

ခက်သည်က ကျွန်တော် စာရေးမရတော့။

www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲမှ ထသည်။ "မောင် လက်ဖက်ရည်ဆိုင် ခဏ သွားဦးမယ်"ဟု ဇနီးသည်ကိုပြောပြီး လက်ဖက်ရည်ဆိုင်သို့ ထွက် ခဲ့သည်။

ကျွန်တော် ကြိုက်နှစ်သက်သည့် ပိုလိုနိုင်းစီးကရက်ကလေး ဖွာပြီး လက်ဖက်ရည်သောက်နေစဉ် အတွေးတစ်ခု ဖျတ်ခနဲ ခေါင်း ထဲဝင်လာသည်။

ထိုအတွေးက အခြားမဟုတ်။

ဆူဆူညံညံအသံများ တိတ်ဆိတ်သွားလျှင် ဆောင်းပါးတစ် ပုဒ်ရေးရန်ဖြစ်သည်။ ထိုဆောင်းပါးက အိမ်ထောင်မှုပိုင်းဆိုင်ရာ ဆောင်းပါးဖြစ်သည်။

အိမ်ထောင်မှုပိုင်းဆိုင်ရာ ဆောင်းပါးသည် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် "အိမ်ထောင်မှုပိုင်း"သည် လူ့ဘဝအတွက် လူမှုရေးအောင်မြင်မှုလည်း ဖြစ်သလို စီးပွားရေးအောင်မြင်မှုလည်း ဖြစ်၏။

"ဘာထရန်ရပ်ဘယ်လ်"က ပြော၏။

"အိမ်ထောင်သာယာမှုသည် လူမှုရေးအောင်မြင်မှု ဖြစ်သကဲ့ သို့ စီးပွားရေးအောင်မြင်မှုကိုလည်း ပေးနိုင်စွမ်း၏။ ထို့ကြောင့် အိမ်ထောင်မှု ပုဂ္ဂလိက သာယာမှုကို ဖန်တီးရန် ကြိုးစားရန် အထူး လိုအပ်သည်"ဟု ဖြစ်သည်။

❐

(၂)

ရှေးလူကြီးများသည် အိမ်ထောင်တစ်ခုကို လွယ်လွယ်ကူကူ မပြုကြ။ အိမ်ထောင်ရေးကိစ္စသည် ဘဝအတွက် အရေးကြီးသည့် ကိစ္စဟု ခံယူပုံရသည်။ အချစ်ကို မှတ်ကျောက်တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း ယောကျ်ားလေးကို လေ့လာသည်။ ယောကျ်ားလေးကလည်း မိန်းကလေးကို လေ့လာသည်။ တစ်ဦးကို တစ်ဦး စိတ်ကြိုက်တွေ့ဆုံ အိမ်ထောင်ပြုကြသည်။

ထို့ကြောင့် အိမ်ထောင်ခိုင်မြဲကြ၏။ သာယာကြသည်။

ယခုကား ဒီလိုမဟုတ်။ ခုတွေ့ ခုကြိုက် ခုယူစနစ်ကို ကျင့်သုံးကြသည်။ သည်အခါ အကွဲအပြဲဇာတ်လမ်းတွေ ဗရုဗ္ဗ ဖြစ်ကုန်တော့သည်။

ဤသည်မှာ ကောင်းသောလက္ခဏာ မဟုတ်။ နစ်နာဆုံးရှုံးမှုကို ရင်ဆိုင်ကြရသည်။ အနစ်နာဆုံးက မိန်းကလေးဖြစ်သည်။

ယင်းသမို့ အိမ်ထောင်ရေးအဘိဓမ္မာဆရာတို့က "အိမ်ထောင်ရေးကိစ္စသည် အသည်းနှလုံးတစ်ခုတည်း၊ အချစ်တစ်ခုတည်းနှင့် ဆုံးဖြတ်ရမည်မဟုတ်။ အသည်းနှလုံးနှင့် အရင်းတည်ပြီး ဦးနှောက်နှင့် ဆုံးဖြတ်ရမည်"ဟု ဖြစ်သည်။

ဤဆိုလိုချက်စကားသည် လေးနက်သည့်စကား ဖြစ်သကဲ့သို့ နှလုံးသွင်း အလေးထားရမည့်ကိစ္စဟုလည်း နားလည်ထားသင့်သည်။

## အခက်သုံးခက် တစ်ခက်အပါအဝင်

အိမ်ထောင်မှုပုဂ္ဂလိက ပြဿနာကို စဉ်းစားဆုံးဖြတ်မည်ဆိုလျှင် အိမ်ထောင်မှုနှင့် ပတ်သက်၍ လူကြီးသူမများ ပြောထားသည့် စကားကဗျာကလေး တစ်ခုကို အလေးထားရမည်ဖြစ်သည်။ ထိုစကားကဗျာကလေးက ...

"အိမ်ထောင်မှု ဘုရားတည်
ဆေးမင်ရည် စုတ်ထိုး
သည်သုံးခုမှုမပိုင်လျှင်
နောင်ပြင်နိုင်ရန် ခက်သည့်ဟာမျိုး"ဟု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကဗျာကလေးကို သုံးသပ်လေ့လာကြည့် လောက တွင်ရှိသည့် အခက်ကြီး သုံးခုအနက် အိမ်ထောင်မှုကိစ္စသည် အခန်း တစ်ခု အပါအဝင်ဟု နားလည်နိုင်သည်။

မှန်သည်။ ထိုအိမ်ထောင်မှုကိစ္စသည် အစကတည်းက စေ့စေ့ စပ်စပ် သေသေချာချာ၊ ကောင်းကောင်းမွန်မွန် စီစဉ်နိုင်၊ လုပ်ကိုင် နိုင်မှ တော်ကာကြသည်။ ဖြစ်ပြီးမှ "ဟာ ... မကောင်းဘူး" ဆိုပြီး ပြင်လို့မရ။ ဗလောင်းဗလဲနှင့် အပြောင်းအလဲ လုပ်လို့မရ။

ထိုအိမ်ထောင်မှုကိစ္စက အပြောလွယ်သလောက် အလုပ်ခက် သည့် ပြဿနာလည်း ဖြစ်သည်။

သို့တစေ သည်လိုခက်ခဲသည့် ပြဿနာကို လွယ်လွယ်ဆုံး ဖြတ်ကြသည်လည်း ရှိသည်။

အချို့က လွယ်လွယ်တွေးသည်။ "တစ်ယောက်မကောင်း တစ်ယောက်ပြောင်းပေါ့" လို့ဆိုကြသည်။ "တစ်အိမ်ထောင် မကောင်း တစ်အိမ်ထောင်ပြောင်းပေါ့" တဲ့။

ငှက်ပျောသီး အခွံနွှာစားသလို လွယ်လွယ်တွေး၊ လွယ်လွယ် ပြောကြသည်။ "အိမ်ထောင်ပျက်ဖူးသူ" ဆိုသည့် အမည်းစက်ကြီး အကပ်ခံရမည်ကို မတွေးကြ။

တချို့က ပတ်ဝန်းကျင်စကားကို နားထောင်သည်။ သည် နေရာတွင် ကျွန်တော့်တူတော်မောင်တစ်ဦး အကြောင်းကို ကြားညှပ် ပြောချင်သည်။

သူက ခင်နီနှင့် လက်ထပ်ပြီး မကြာခင် ပြဿနာဖြစ်ကြ သည်။ နှစ်ဖက်ပတ်ဝန်းကျင်က ရင်ကြားစေ့ မလုပ်ဘဲ သွေးထိုးကြ သည်။ ထို့ကြောင့် ကွာလိုက်ကြသည်။ သို့သော် တကယ်တမ်းကြ တော့ မပြတ်နိုင်ကြ။

တူကလေးက ကျွန်တော့်ကို အပူကပ်သည်။ ဇနီးသည် ခင်နီ ကို မပြတ်နိုင်ကြောင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါကြောင့် ငါပြောတာပေါ့။ ကွာဟဲ့ ... ကွာဟဲ့ မပေါင်းနဲ့လို့ သူတို့ကပြောကြပေမယ့် တကယ်ခံစားရတာ၊ လွမ်းရတာက မင်းတို့ကွ"ဟု ပြောတော့ တူကလေးက "ဟုတ်တယ်ဦး" ဟု ပြောသည်။

မကြာမီ သူတို့ ဒုတိယအကြိမ် ခိုးပြေးသည်။

ကျွန်တော့်ကို လာကန်တော့,တော့ ...

"အေး ... မင်းတို့လည်း အိမ်ထောင်ရေးဆိုတာ သိပြီပဲ။ နင်တို့ အပူကောင်တွေ၊ ကောင်မတွေ မဖြစ်အောင် ကြိုးစားကြ။ မယိမ်းမယိုင် အခြေခိုင်အောင် ကြိုးစားကြ။ အိမ်ထောင်ပျက်ဘဝ ဆိုတာ မကောင်းဘူး"ဟု ပြောဆိုဆုံးမရသည်။

## လောကလူ့ဘောင် အိုးအိမ်ထောင်

လူတိုင်းသည် အချစ်နှင့် မကင်းကြ။ အချစ်နှင့်မကင်းသူတိုင်း အိမ်ထောင်ပြုကြ၏။

ရှေးလူကြီးသူမတွေက အိမ်ထောင်မှုဆိုတာ အခက်သုံးခက်ထဲက တစ်ခက်အပါအဝင်ဖြစ်ကြောင်း၊ မယိမ်းမယိုင် အခြေခိုင်အောင် ပြုသင့်ကြောင်း ဘယ်လောက်ပဲ ပြောကြစေကာမူ အိမ်ထောင်မှုကိစ္စကို လွယ်လွယ်ပြုနေကြသည်။

ယင်းသို့ လွယ်လွယ်ပြုနေကြသောကြောင့်လည်း လွယ်လွယ်ပျက်ခြင်းများ ရှိခဲ့သည်ဟု ဆိုရမည်လားမသိ။

တစ်ခုတော့ စဉ်းစားမိသည်။ အိမ်ထောင်ပြုကြသူတိုင်းသည် "ဘာကြောင့် အိမ်ထောင်ပြုကြသနည်း"ဟူသော မေးခွန်း မေးမိပါမည်မဟုတ်။

အကယ်၍ အမေးရှိခဲ့သည်ဆိုလျှင်လည်း ထိုမေးခွန်းသည် "တိမ်မရောင်နှင့်နက်၊ လွယ်မရောင်နှင့်ခက်"ဆိုသော စကားနှယ် အဖြေမှန် ထွက်ရှိရေးက လွယ်ကူလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com



သို့တစေ ဤ"ဘာကြောင့် အိမ်ထောင်ပြုသလဲ"ဆိုသည့် လေးနက်သော မေးခွန်းနှင့်အတူ မရေရာသော အဖြေများစွာရှိခဲ့သည်ကိုမူ တွေ့ရမည်ဖြစ်၏။

အထူးသဖြင့် အိမ်ထောင်ပြုခြင်း အဘိဓမ္မာကို ရေရာစွာမသိသော သူများတွင် မိန်းမများသည် အများဆုံးဖြစ်၏။

ကျွန်တော် သုတေသနပြုချက်အရ အိမ်ထောင်ပြုခြင်းနှင့် ပတ်သက်၍ မိန်းကလေးများ၏ အဖြေများကို ဖော်ပြပါမည်။

ယင်းတို့ကား ...

"တစ်ယောက်တည်းနေရတာ ပျင်းလည်းပျင်းစရာ။ ဟာတာတာကြီးမို့ ပျော်စရာ အဖော်ရှာတာပါပဲ"

"လ,မသာသော ညာ၊ လှိုင်းမထသော ပင်လယ်၊ ဟသ်ာပင်သော ရေကန်၊ အလံမရှိသော ရထား၊ လင်မရှိသော မိန်းမဆိုတာ လောကမှာ မတင့်တယ်ဘူးလေ။ ဒါကြောင့် လောကအလယ်မှာ တင့်တယ်အောင်၊ တစ်အိမ်ထောင် ထူထောင်လိုက်တာပေါ့"

"အချိန်တန်လို့ လင်မယူရင် လူမပြောနဲ့ ခေါင်းကတောင်မရှိသေချင်လို့ လူရှိသေ ရှင်ရှိသေ လင်ယူရတာပါ"

"လင်ဆိုတာ ကိုးကွယ်အားထားရာလေ၊ ဒါကြောင့် တစ်သက်တာ အားထားကိုးကွယ်ရာအဖြစ် လင်ယူလိုက်ရတာ"

စသည့် အဖြေစကားများနှင့်အတူ အချို့သောသူများက "မိဘပေးစားလို့ ယူလိုက်ရတယ်"ဆိုတဲ့ စကားနှင့် မိဘကို ပုံချသူလည်းရှိသည်။

အိမ်ထောင်ရေးကို စစ်ပြောလျှင် ကိုယ့်စိတ်၊ ကိုယ့်ခန္ဓာ၊ ကိုယ့်အယူအဆအရ မှန်သင့်သလောက် မှန်သည်ဟု ဆိုရမည်ပင်။

မည်သို့ဆိုစေ အသေအချာ စစ်တမ်းထုတ်ကြည့်လိုက်လျှင်မူ အခြေခိုင်သည်ဟု မဆိုသာသော အကြောင်းပြချက်များဟု ဆိုရမည်။

□

www.burmeseclassic.com

www.burmeseclassic.com



(၃)

၁၉၉၆ ပတ်ဝန်းကျင်က "အိမ်ထောင်ရေးပုဂ္ဂလိကပြဿနာ" နှင့် ပတ်သက်၍ ကျွန်တော် တစိုက်မတ်မတ် စတင်သုတေသနပြု ခဲ့သည်။

အိမ်ထောင်သာယာချမ်းမြေ့သူများ၊ အိမ်ထောင်ပြိုကွဲပျက်စီး သူများကို တွေ့ဆုံမေးမြန်းခဲ့သည်။ သည်စဉ်ကလည်း ဘာကြောင့် အိမ်ထောင်ပြုရသလဲဆိုသည့် ပြဿနာကို မေးမြန်းစူးစမ်းခဲ့သည်။

အိမ်ထောင်ပြုသူ အတော်များများသည် အိမ်ထောင်ဘာ ကြောင့် ပြုရသလဲဆိုသည့် ပြဿနာကို သတိမထားမိကြ။

အချို့ကလည်း အလေးမထားကြ။ အရေးမကြီးဟု ယူဆကြ သလား မပြောတတ်။ စင်စစ်မူ အိမ်ထောင်ပြုသူသည် ဘာကြောင့် အိမ်ထောင်ပြုရသည်ကို နားလည်ထားသင့်သည်။ သိထားသင့်သည်။

**အိမ်ထောင်ပြုရခြင်း၏ မူလပြဿနာ**

စင်စစ်မူ အိမ်ထောင်ပြုရခြင်းနှင့် ပတ်သက်၍ မစူးစမ်း၍ သာ မသိကြခြင်းဖြစ်သည်။ အိမ်ထောင်ပြုခြင်း အကြောင်းရင်းကို အသေအချာ စူးစမ်းလျှင် ဘာကြောင့် အိမ်ထောင်ပြုရသည်ကို သိ မည်ဖြစ်၏။

အမှန်တော့မူ အိမ်ထောင်ပြုရခြင်း အကြောင်းရင်ကို စူးစမ်း လေ့လာကြည့်လိုက်လျှင် "လောကနှင့်ကာမ" ကိစ္စကို တွေ့ရမည် ဖြစ်၏။

အရင်းစစ်တော့ အမြစ်မြေကဆိုသော စကားနှယ်တည်း။ အိမ်ထောင် ဘာကြောင့်ပြုရသလဲ မသိသူများလည်း ဤလောက သည် ဘာလောကဆိုသည်ကို မသိသူများဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်ကြည့်လျှင် ဤလောကသည် "ကာမလောက"ဖြစ်၏။ ဤဘုံသည် "ကာမဘုံ"ဖြစ်၏။

ကာမလောကသည် အဘယ်နည်း။ ကာမဘုံသည် အဘယ်နည်း။

"ကာမလောက၊ ကာမဘုံ"ဆိုသည်ကို ဆန်းစစ်ကြည့်လိုက်လျှင် "ကာမ"သည် "တဏှာရာဂ၊ အချစ်" မည်သောကြောင့် "ကာမလောက"သည် "တဏှာရာဂအချစ်လောက"၊ "တဏှာရာဂ၊ အချစ်ဘုံ"ဟု ဆိုရမည်။

ထို့ကြောင့် လူ့လောက၊ လူဖြစ်လာသူတိုင်းသည် ကာမလောက၊ ကာမဘုံသားများ ဖြစ်သောကြောင့် တဏှာရာဂ အချစ်၊ လောကဘုံထဲမှာ လူဖြစ်လာကြသူများဖြစ်သည်နှင့်အညီ ကာမဘုံပျံ လူထုံးစံအတိုင်း ချစ်စိတ်၊ ချစ်သွေး၊ ချစ်ပီယဆေးများ သွေးကလည်း ပါလာသည်ဟု ဆိုရမည်။

ထို့အတွက် ကောင်ကလေးများ ကောင်မလေးများ အထူးသဖြင့် ကောင်မလေးများသည် အသက်ကလေး(၁၃)နှစ်၊ (၁၄)နှစ်ရောက်ပြီဆိုလျှင် အချစ်တန်ဆာပလာများ ဆင်ယင်ပြီး ချစ်လွင်ပြင်ကြီးထဲတွင် ချစ်မြားလေးများကိုယ်စီနှင့် ချစ်လက်တည့်စမ်းကြသည်။

ဤသို့ ချစ်လက်တည့်စမ်းခြင်းကပင်လျှင် အိမ်ထောင်ရေး၏ မူလဗီဇအစဟု ဆိုရမည်။

ဤအချစ်စိတ်ကပင် လောကီ လူ့ဘောင် အိမ်ထောင်ပြုခြင်း၏ ဝိသေသလက္ခဏာဟု ဆိုရမည်တည်း။

သုတေသနပညာရှင်များက ပြောသည်။

"ဖိုစိတ်၊ မစိတ်ဆိုတာ ပေါင်းစပ်ဖို့အတွက် ဖြစ်တည်လာကြတာပဲ။ ဖိုစိတ်၊ မစိတ်ရှိတဲ့ ယောကျ်ား၊ မိန်းမ နှစ်ယောက်သား ချစ်ကြိုက် ဖူးစာဆုံရန်အတွက် ပထမဆုံး ဆွဲဆောင်တာက ရုပ်ရုပ်

www.burmeseclassic.com



သွင်ပဲ။ ရုပရုပ်သွင်ကိုမြင်ပြီး ချစ်ချင်လာကြတယ်။ ချစ်ဇောဟုန်ကြွလာကြတယ်။ ဒီချစ်စိတ်၊ တပ်မက်စိတ်ရဲ့ သွေးဆောင်ဖြားယောင်းမှုကြောင့် အိမ်ထောင်ပြုလိုစိတ် ဖြစ်လာတယ်၊ အိမ်ထောင်ပြုကြတယ်”

စင်စစ်မူ ကာမတိုက်ဘောင်တွင် ကာမနတ်မောင်က သိမ်းသွင်းလိုက်ခြင်းဟု ဆိုလျှင်လည်း မမှားပေ။

လင်ယူရတာ ဘာဖြစ်လို့ပါ၊ ဘာကြောင့်ပါလို့ ဘယ်လောက်ပဲပြောပြော အသိထုတ်၊ အနှစ်ထုတ်လိုက်တော့ အချစ်ဆိုသည်ကို ပေါ်ပေါ်ထင်ထင် တွေ့လိမ့်မည်ဖြစ်သည်။

### အိမ်ထောင်ဆိုသည့်စကား အိမ်လား၊ ထောင်လား

“အိမ်ထောင်ဆိုတာ ဘာလဲ”ဟု မေးဖူးကြပါသလား။ အိမ်ထောင်အကြောင်း စိတ်ဝင်စားသူတိုင်းသည် အိမ်ထောင်ဆိုသည့် စကားနှစ်လုံးကို သရုပ်ခွဲကြည့်သည်။ “အိမ်”အဓိပ္ပာယ်က ဘယ်လို။ “ထောင်”အဓိပ္ပာယ်က ဘယ်လို။ “အိမ်”ကို စတင်စူးစမ်းရမည်။

**အိမ်**။ အိမ်ဆိုသည်မှာ လူတို့နေထိုင်ရာ နေအိမ် တိုက်၊ ပျဉ်ထောင်၊ တဲ စသည်ဖြင့် အမျိုးမျိုး အစားစား ရှိသော်လည်း ဤသည်မှာ ဝိသေသသာဖြစ်သည်။ အားလုံးသည် လူတို့နေထိုင်နိုင်စေရန် စီမံထားရာ “နေအိမ်”။

**ထောင်**။ ထောင်နှင့်ပတ်သက်၍ အဓိပ္ပာယ်တွက်ချက်ကြည့်လျှင် သုံးချက်ရှိသည်ဟု ဆိုရမည်။

၁။ တည်ထောင်ဖန်တီးခြင်း

၂။ အချုပ်ထောင်

၃။ ကျော့ကွင်း၊ ထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် အိမ်ထောင်ဆိုသည်မှာ အိမ်+ထောင်ဆိုသည့် စကားနှစ်ချက်အနက် နှစ်မျိုးကို မော်ကွန်းထိုး သုံးစွဲခေါ်ဝေါ်ကြောင်းလေ့လာတွေ့ရှိရသည်။ ယင်း"အိမ်+ထောင်"ဆိုသည့် စကားအား"အိမ်"ကို အရှေ့မှ မဏ္ဍိုင်ထား၍ "ထောင်"ဆိုသည့် စကားအနက်သုံးချက်နဲ့ တွဲကြည့်လိုက်လျှင် "အိမ်ထောင်"ဆိုသည်မှာ အဓိပ္ပာယ်သုံးမျိုး ထွက်လာမည်ဖြစ်သည်။

ယင်းတို့ကား ...

၁။ အိမ် - နေအိမ်၊ တိုက်တာ၊ တဲ

ထောင် - တည်ထောင်ခြင်း၊ ဖန်တီးခြင်း၊ ပြုလုပ်ခြင်း။

(အိမ်ထောင် = မိဘတို့နှင့် မဟုတ်ဘဲ သီးခြားအိမ်သစ်၊ အဖော်သစ်နှင့် တည်ထောင်ဖန်တီး ပြုလုပ်နိုင်ကြသည့် ဇနီးမောင်နှံ)

၂။ အိမ် - နေအိမ်၊ တိုက်တာ၊ တဲ

ထောင် - အချုပ်ထောင်။

(အိမ် + ထောင် = နေအိမ်၊ တိုက်တာ၊ တဲ တည်းဟူသော အချုပ်ထောင်၊ လှောင်အိမ်တွင်းမှ အကျဉ်းချထားခြင်း ခံရသည့်ဇနီးမောင်နှံ)

၃။ အိမ် - နေအိမ်၊ တိုက်တာ၊ တဲ

ထောင် - ကျော့ကွင်း၊ ထောင်ချောက်

(အိမ် + ထောင် = နေအိမ်၊ တိုက်တာ၊ တဲတည်းဟူသော ကျော့ကွင်း၊ ထောင်ချောက်ကြီးများဖြင့် ထောင်ဖမ်းခြင်းခံရသည့် လင်မယားအစုံ။ ဇနီးမောင်နှံ)

ယင်းအိမ်ထောင်အနက် သုံးချက်ကို ထပ်ဆင့်ဒိုကာချဲ့ကြည့်လျှင် အိမ်ထောင်အဓိပ္ပာယ်သုံးချက်နှင့်အတူ ညီမီသော အမည်။ ညီမျှသော ဖွင့်ဆိုချက်များ ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းတို့ကား ...

www.burmeseclassic.com

www.burmeseclassic.com



၁။ သီးခြားလုံအောင်၊ အိုးအိမ်ထောင်
၂။ ချစ်သူလည်းရ၊ အိမ်ထောင်ကျ
၃။ ရှက်ကြောက်လုံအောင်၊ အိုးအိမ်ထောင်

စသည်တို့ ဖြစ်သည်။ ဤအိမ်ထောင်အနက် သုံးချက်၏ အနက်အဓိပ္ပာယ်အမည်နှင့် ဖွင့်ဆိုချက်များကို စူးစမ်းလေ့လာပြီး သကာလ မိမိတို့၏ အိမ်ထောင်မှုကို ညှိကြည့်သင့်သည်။ ဘယ်လို အိမ်ထောင်မှုမျိုးကို တည်ထောင်သင့်သည်ကို စဉ်းစားသင့်သည်။

ဤသည်မှာ အိမ်ထောင်မှုပုဂ္ဂလိက ငြိမ်းချမ်းမှု နိဒါန်းလည်း မည်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## ဤက္ကတ္တိယအဘိဓာန်
## (၄)

ခုတလော ပရိသတ်များထံမှ "ဤက္ကတ္တိယအဘိဓာန်"နှင့်ပတ်သက်၍ အသံများ ကြားရသည်။ ထိုအသံများသည် ဆွတ်ပျံ့ဖွယ်ဟု ဆိုရမည်ပင်။

ဤက္ကတ္တိယအဘိဓာန် မြန်မြန်မှန်မှန် ရေးစေလိုသည့်အကြောင်း၊ စာအုပ်အဖြစ် စုစုစည်းစည်း ထုတ်ဝေရန်အကြောင်း စသည်တို့ဖြစ်သည်။

"ဤက္ကတ္တိယအဘိဓာန်"သည် စာအုပ်တစ်အုပ် ဖြစ်လာမည်မှာ ဧကန်ဖြစ်၏။ သို့သော် "ဤက္ကတ္တိယအဘိဓာန်"အား ကာလအတန်ကြာ ရေးမည်ဟု ကျွန်တော် သိထားသည်။

မိန်းမတို့အကြောင်းလည်း လေ့လာစရာ မကုန်နိုင်သည်လည်း တမုံ့။ ထို့အတူ"ဤက္ကတ္တိယအဘိဓာန်"ကို ရည်ရွယ်ချက်ကြီးကြီးနှင့် ရေးခဲ့သည်ကိုလည်း ကျွန်တော် အသိဆုံးဖြစ်သည်။

အထူးသဖြင့်"ဤက္ကတ္တိယအဘိဓာန်"တွင် ပါဝင်သည့်အကြောင်းအရာများသည် ပကတိဖြစ်စဉ်မှန်ကို တင်ပြသည့်အရာများဖြစ်သကဲ့သို့ အသုံးချလည်း ဖြစ်စေသည်ပင်။

အဘယ်ကြောင့်ဆိုသော် "ဤက္ကတ္တိယအဘိဓာန်"သည် ကျမ်းကိုးပြုစု အကြောင်းအရာသက်သက် မဟုတ်။ စုစည်း သုတေသနပြုချက်များလည်း ပါသောကြောင့်ပင်တည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



(၁)

"ရွှေအကြောင်း ဖယောင်းသက်သေ"ဟူသော စကားနယ် ပင်။ "ကူတ္တိယအဘိဓာန်"တွင် ပါဝင်သော အကြောင်းအရာများ လည်း စေတနာ၊ သဒ္ဒါအပြည့်နှင့် ရေးသည့်အကြောင်းအရာများမှန်း စာဖတ်သူအသိ ဖြစ်သည်။

ကဏ္ဍအလိုက်၊ အပိုင်းလိုက်ရေးခဲ့သလို ထိုကဏ္ဍ ထိုအပိုင်း များတွင် ခေတ်ဟောင်းအယူအဆနှင့် ခေတ်သစ်အယူအဆ ရော ထွေးထားသည်ကို စာဖတ်သူ လေ့လာလျှင် သိနိုင်သည်။

"ရေးထုံးလည်း မပယ်နှင့်"ဆိုသော စကားနယ်၊ အကြောင်း အရာတိုင်းတွင် ရှေးထုံးနည်းများလည်း ပါစမြဲဖြစ်မည် ဖြစ်၏။

ခေတ်သစ်အယူအဆနှင့်ကြည့်လျှင် မတူဟု သာမန်ပြောနိုင် သော်လည်း ကွဲလွဲနေမည်ကား မဟုတ်ပေ။ သံတူကြောင်းကွဲဟု သာ ဆိုရမည်။ အခြေခံ အကြောင်းတရားများကမူ အတူတူသာ ဖြစ်သည်ဟု ဆိုရမည်။

ကျွန်တော်သည် အိမ်ထောင်မှုအပိုင်းကို ပြီးခဲ့သော နှစ်လ ခန့်က စရေးခဲ့သည်။ ထိုအပိုင်းသည် အရေးကြီးသည့် အပိုင်းဟု ဆိုလျှင်လည်း မမှားချေ။ ထို့ကြောင့် အဖန်ဖန်လေ့လာ၍ ရေးခဲ့ သည်။ တစ်ခုချင်း ရှင်းခဲ့သည်။

အချို့က "အိမ်ထောင်မှုအပိုင်းက ဒီလောက်နဲ့ ပြီးပြီလား" ဟု စိုးရိမ်တကြီး မေးလာသည်။ ကျွန်တော် ခေါင်းခါခဲ့၏။ မပြီး ဆုံးသေးဟု ဆိုရမည်။

နားလည်သဘောပေါက်နိုင်သည်အထိ ရှင်းရမည်။ အဘယ် ကြောင့်ဆိုသော် ခေတ်သစ် လူ့ပတ်ဝန်းကျင်တွင် အိမ်ထောင်မှု အပိုင်းကို လွယ်လွယ်တွေးကာ လွယ်လွယ်ပြုနေကြသဖြင့် မမှား သင့်သော အမှားများကို ဝမ်းနည်းစွာ တွေ့ရသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူတစ်ဦးက "အိမ်ထောင်ပြုတယ်ဆိုတာ ဆန့်ကျင်ဘက် လူသားနှစ်ဦး အတူနေကြတဲ့ ကိစ္စပါလေ၊ ဆန်းကြယ်နေလို့လား"ဟု မေးဖူးသည်။

သူ့အသိတွင် အနောက်နိုင်ငံမှာ ခေတ်စားသည့် လက်မထပ်ဘဲ (မြန်မာအယူအဆနှင့် ပြောရလျှင် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် မခံယူဘဲ အတူနေသည့်ကိစ္စ) အတူနေကြ၊ ဆန္ဒဖြည့်ဆည်းကြသည့်ကိစ္စ တိုးဝင်နေသောကြောင့် မေးသည်ဟု ကျွန်တော်သိသည်။

ကျွန်တော်တို့က မြန်မာလူမျိုးများဖြစ်သည်။ "ဟီရိဩတ္တပ္ပ" နှင့် ယှဉ်တွဲနေသော လူမျိုးဖြစ်သဖြင့် ထိုအယူအဆသည် အမြင်မတင့်ဟု ဆိုရမည်။

အိမ်ထောင်မှုကိစ္စသည် အခြားအခြားသော နိုင်ငံအချို့တွင် အဓိကမကျ။ အရေးမပါကောင်း မပါလိမ့်မည်။ မြန်မာပြည်အတွက်မူ အိမ်ထောင်မှုသည် အရေးပါ၏။ ဘဝအတွက် အဓိကကျ၏။

ထို့ကြောင့် အိမ်ယာထူထောင်ခြင်းအပိုင်းကို စိစစ်ဝေဖန်သုံးသပ်ခြင်း ပြုရသည်။

ထို့အတူ အိမ်ထောင်မှုသည် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်ကြောင်းကိုလည်းကောင်း၊ ဆွတ်ပျံ့ ကြည်နူးဖွယ် ကောင်းသလို၊ လွမ်းမောဖွယ်လည်း ကောင်းသည်ကို သိသင့်ပေသည်။

□

(၂)

ကျွန်တော်တို့သည် အိမ်ထောင်ဆိုသည့် အနက်အဓိပ္ပာယ်ကို ဂနသေချာစွာ သိပြီဆိုလျှင် အိမ်ထောင်ပြုခြင်း၏အနက်အဓိပ္ပာယ်ကိုလည်း သိထားမှ တော်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်း သိုးဆောင်းစကားတွင် အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ဖွင့်ဆိုချက် အမျိုးမျိုးရှိသည်။

အချို့က မိန်းမတို့အတွက် ဘဝဆုံးခြင်းဟု ဆိုသည်။ ဤအဆိုသည် လုံးဝမှန်ပါသလား။ လောကတွင် အိမ်ထောင်သည်ဘဝဖြစ်မှ ဘဝရင့်ကျက်လာသူ၊ ဘဝတစ်ဆင့်မြင့်တက်လာသူ စသည်ဖြင့်ရှိ၏။

ထို့ကြောင့် အရာရာကို လေ့နံ့ဓားထစ် မှတ်ယူရန် မသင့်ပေ၊

ပညာရှိတစ်ဦးက မိန့်ဆိုဖူး၏။ "အိမ်ထောင်ရေးဘဝထဲမှာ အလှဖျက်တယ်ဆိုတာ အိမ်ထောင်ရေးကို မသိနားမလည်လို့ပဲ"ဟု မြင်သည်။ သည်အယူအဆကို ကျွန်တော်တို့ လက်ခံရမည်ဖြစ်သည်

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ရေး၏ဖြစ်မှု၊ ပျက်မှု အနက်အဓိပ္ပာယ်ကို သိသူသည် အိမ်ထောင်ရေးတွင် ဆင်ခြင်တံတရားရှိသောကြောင့်တည်း။

အိမ်ထောင်ရေး၏ ဖြစ်မှု၊ ပျက်မှုနှင့် ကောင်းမှု၊ ဆိုးမှုအနက်အဓိပ္ပာယ်တို့ စူးစမ်းလေ့လာလျှင် အိမ်ထောင်ရေးနှင့် ပတ်သက်သည့် အောက်ပါအကြောင်းတရားများကို တွေ့ရမည်ဖြစ်၏။

ထိုအကြောင်းတရားများအပေါ် အခြေခံ၍ အိမ်ထောင်ရေးဘဝသုခ ရရှိနိုင်သလို၊ အိမ်ထောင်ရေးဘဝ ဒုက္ခကိုလည်း ခံစားရမည်ဖြစ်၏။ ယင်းတို့က နိမိတ်ပုံလည်း ဖြစ်သည်တည်း။

**၁။ သီးခြားဘဝကို လို၍ အိုးအိမ်ထူထောင်ခြင်း**

လူဆိုသော သတ္တဝါသည် သတ္တဇီဇရှိသူများထဲတွင် အသိဉာဏ်အရှိဆုံးသော သတ္တဝါတစ်မျိုးဟု ဆိုရမည်။ အသိဉာဏ်များသလောက် အတ္တများသည်။ မာန်မာနကြီးသည်။ ဇီဇာကြောင်သည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



လူသည် ငယ်စဉ်က မိမိကိုယ်မိမိ မယူထောင်နိုင်မီက အမိ၊ အဖ၊ ညီအစ်ကို မောင်နှမ အရိပ်ကိုအေးမြသည်ဟု ထင်တတ်ကြသော်လည်း အရွယ်ကလေး ရသည်နှင့်အမျှ မာနကလေးခေါင်းထောင်ထလာတတ်သည်။

မပြေလည်မှုကလေး မဆိုစလောက်ဖြစ်လျှင် ဒုက္ခကလေး မဆိုစလောက် ကြုံရလျှင် မကျေနပ်ချက်များ ရှိလာသည်။ ငါ့ဟာငါ သီးခြားဆို ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ဒီလို ခံစားရမှာ မဟုတ်ဘူးဟု တွေးလာသည်။

သီးခြားလွတ်လပ်သည့် ဘဝကလေး တစ်ခုကို ထူထောင်ချင်လာသည်။ အထူးသဖြင့် ချစ်သူတို့လို့ တွဲလောင်းရှိသူတွေဖြစ်သည်။

ယောက်ျားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ကိုယ့်အိမ်တွင် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေရသော်လည်း ချစ်သူရှိလာသည်နှင့် တစ်ပြိုင်နက် ချစ်သူနှင့် တစ်အိုးတစ်အိမ် ထူထောင်ပြီး လွတ်လပ်စွာနေဖို့ စိတ်ကူးကြသည်။

အကယ်၍ မိဘက စိတ်မချ၍ အတူတကွ နေထိုင်ရန်ဆိုသော်လည်း လက်မခံချင်ကြ။

လက်ဝေခံဘဝနှင့် မနေလို။ ကိုယ်ပိုင်ဘဝ ကိုယ်သာဆုံးဖြတ်ချင်သည်ဟု စိတ်ရိုင်းစိတ်မိုက် ဝင်သည်။

ချစ်သူနှင့် လက်တွဲပြီး ကိုယ့်ဘဝကို ကိုယ်သာဘုရင်၊ ကိုယ်သာ သခင်အဖြစ် နေချင်သလိုနေ၊ ပျော်ချင်သလို ပျော်ဖို့အတွက် တစ်အိုးတစ်အိမ် ထူထောင်ကြသည်။

ဤကား လွတ်လပ်လို၍ သီးခြားဘဝ အိုးအိမ်ထောင်ကို ထူထောင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ချစ်သူနှင့် အတူတကွ ပျော်ကြရအောင် အိုးအိမ်ထူထောင်ခြင်း

လောကလူ့ဘောင် အချုပ်ထောင်လို့ လူတွေက ပြောကြသည်။ ကာမဆန္ဒ ထကြွသောင်းကျန်းသူတွေကို တုပ်နှောင်ထားတဲ့ နေရာဆိုလည်း မမှားပေ။ "အိမ်ဆိုတာ လူတို့နေထိုင်ရာ အဆောက်အအုံ ဖြစ်သလို၊ လူတွေကို ချုပ်နှောင်ထားတဲ့နေရာလည်းဖြစ်တယ်" ဟု ဖွင့်ဆိုကြ၏။

ဒီနေရာတွင် လူဆိုတဲ့ "မနုဿ"သတ္တဝါ အကြောင်းကို အနည်းငယ် ရှင်းရမည်။ "မနုဿ"ဆိုတာကို အနက်ဖွင့်ကြည့်လိုက်လျှင် ...

မနော – နူးညံ့သိမ်မွေ့သော စိတ်ကောင်းသဘောထား။

ဥဿန္န – ပြန့်ပွားစည်ပင်လျက်ရှိသူ။

(မနော – ဥဿန္န)၊ (မနုဿ)ဆိုတဲ့ ပုဒ်အရ လူရယ်လို့ ခေါ်ဆိုတဲ့ သတ္တဝါအတွက် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ"ဟိရီဩတ္တပ္ပ"ဆိုသည့် အရှက်တရား၊ အကြောက်တရားကို ထိန်းသိမ်းကြရပေသည်။

### (က) အရှက်လုံအောင် အိုးအိမ်ထူထောင်ခြင်း

လူဆိုသည်မှာ သမုဒယနယ်တွင် ရှိကြသော သူများဖြစ်သကဲ့သို့ သမုဒယမကင်းသူများ ဖြစ်သကဲ့သို့ ယောက်ျား၊ မိန်းမ ဆန့်ကျင်ဘက်နှစ်ဦး ကြည်နူးခြင်းဆိုသည့် အချစ်ကို ဖက်တွယ်မြတ်နိုးကြသည်။

၅၂၈ သွယ် မေတ္တာက မောင်ချစ်၊ နှမချစ်က အာသာဆန္ဒမရှိ၊ ကိလေသာမရှိ။

သို့သော် ၁၅၀၀ မေတ္တာသည်ကား အချစ်ဖုံးလွှမ်းသော မေတ္တာ ဖြစ်သည်။ အာသာဆန္ဒနှင့် ကိလေသာ ထုံလွှမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အာသာဆန္ဒနှင့် ကိလေသာ ထုံးလွှမ်းသော အချစ်က တစ်ခါတစ်ရံတွင် ဟီရိသြတ္တပ္ပကို ချိုးဖောက်သည်လည်းရှိ၏။ ထို့ကြောင့်အမြင်မတော်မှုများစွာရှိသည်။

## (ခ) ကမ္ဘာဦးအစ အိမ်ထောင်ကျ

စင်စစ်တော့ သည်ကိစ္စသည် ယခုမှ ပေါ်ပေါက်လာသည့်ကိစ္စ မဟုတ်ချေ။ ကမ္ဘာဦးအစ လူရယ်လို့ ဖြစ်လာကတည်းက ဒီကိစ္စရှိခဲ့သည်ဟု ဆိုရမည်။ သို့သော် ကမ္ဘာဦးအစကဖြစ်သည့် ပုံပြင်ကလေးလိုဖြစ်ပြီး ရယ်စရာလည်း ဖြစ်နေခဲ့သည်။

နှစ်ဦးသားညား၍ ကာမကိစ္စပြုသည့်အတွက် "အရှက်မရှိသူများ"ရယ်လို့ သမုတ်ခံရသည်။ တုတ်နှင့်ရိုက်၊ ခဲနှင့်ပေါက်ခံရသည်။

ထို့ကြောင့် ဒီလိုဖြစ်ရင် ဒီလို လူကြား၊ သူကြား နေလို့မရဘူး။ တစ်ဦးနှင့်တစ်ဦး အမူးအရူး ချစ်နိုင်ရန် ကာမဂုဏ် အာရုံအပြည့်အဝ ခံစားနိုင်ရန် သီးခြားအိမ်ကလေးတစ်ခု ထူထောင်ကြသည်။

သည်အိမ်ကလေးအတွင်းမှ အကျဉ်းကျသလိုနေပြီး မီးကုန်ယမ်းကုန် အချစ်စုံနှင့် ချစ်ကြသည်။ ဤသည်မှစ၍ အိမ်ထောင်ကျသည်ဟု ဆိုခဲ့သည်။

## (ဂ) ကိစ္စများမြောင် အချုပ်ထောင်

အိမ်ထောင်ရေးကိစ္စဆိုသည်မှာ ဆန့်ကျင်ဘက် လူသားနှစ်ဦးမှစခဲ့သည့်ကိစ္စ ဖြစ်သော်လည်း လူ့ဘောင်တွင် ရှုပ်ထွေးခြင်းစသည့်အရာဟု ဆိုရမည်။ မလွတ်မလပ်နှင့် ဆွတ်ကျပ်သောကိစ္စလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပညာရှိများက ...
"ဃရာဝါသ သမ္ဗာဓ"ဟု
"ကိစ္စများမြောင် လူတို့ဘောင်"ဟု ဆိုကြ၏။

လူသားလောက လူ့ဘဝမှာ တစ်ယောက်တည်း၊ နှစ်ယောက်တည်း နေထိုင်ကြတာမှ မဟုတ်ပေမယ့် ဆန့်ကျင်ဘက်နှစ်ဦး ပေါင်းစည်းပြီး တစ်အိုးတစ်အိမ်ထောင်၊ အိမ်တစ်ဆောင် မီးတပြောင် ထူထောင်လိုက်ပြီဆိုရင် ကိစ္စအဝဝ များပြားလာပြီဟု ဆိုရမည်။

နှစ်ဦးသားနှင့် စခဲ့သော်လည်း "နှစ်ဦးတည်းပဲ"ဟု ပြောလို့မရတော့။ ပတ်ဝန်းကျင်တွေ ပါလာသည်။ နှစ်ဖက်မိဘ ညီအွန်ကိုမောင်နှမ ကိစ္စတွေ ပါလာသည်။ ပြီးတော့ သားတွေ၊ သမီးတွေ ရလာရင် သားကိစ္စ၊ သမီးကိစ္စတွေ ပါလာသည်။

ကိစ္စကိ များလှသည်။ ခေါင်းရှုပ်စရာက များလှသည်၊

ထို့ကြောင့် ကိစ္စများမြောင် လူတို့ဘောင်ဟု ဆိုရမည်။ ထို့ကြောင့် အိမ်ထောင်ကျခြင်း တစ်မျိုးဟု ဆိုလျှင်လည်း မမှား။

## ၃။ အမှတ်မထင် အိမ်ထောင်ကျောကွင်း သက်ဆင်းခြင်း

အချို့ကမူ ဟိုလူပြောစကား၊ သည်လူပြောစကား ကြားကြားနေရသဖြင့် ကိစ္စများမြောင် လူတို့ဘောင်တွင် အိမ်ထောင်ကိစ္စ ငြီးငွေ့ကာ တစ်ကိုယ်တည်း အပျိုကြီးလုပ်ရန် ဆုံးဖြတ်ကြသည်။

သို့သော် ကံကြမ္မာ ဖန်လာပုံက ဆန်းသည်ဆိုရမည်လားမသိ။ မြားနတ်မောင် သူ လှည့်စားသဖြင့် မျက်စိလည် လမ်းမှားကာ လောကီဘုံတွင် ခုံမင်မြတ်နိုးစရာ အမှတ်မှားခဲ့သည်။

ချစ်သူရည်းစားနှင့် အမှတ်မထင် အကြင်နာပိုပြီး ဘဝင်လည်းခိုက်၊ မိုက်စိတ်ဝင်လာပြန်၏။

"ချစ်ကြင်သူနှင့် တူစုံယှဉ်တွဲ၊ ဘဝတိုက်ပွဲကို ဆင်နွှဲမှသာ ပြည့်စုံကုန်လုံမည်"ဟု အထင်ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် အိမ်ထောင်ကျော့ကွင်း သက်ဆင်းခဲ့ရပြန်သည်။

ဤကား အမှတ်မထင် ကြင်နာမှုနှင့် အိမ်ထောင်ကျော့ကွင်း သက်ဆင်းရခြင်းပင်တည်း။

❒

(၃)

အချုပ်ဆိုရလျှင် လူအတော်များများသည် "အိမ်"ဆိုသည့် "ထောင်ချောက်"ကြီး အတွင်းတွင် သက်ဆင်းရ၏။ ထို့ကြောင့် "အိမ်ထောင်"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

အချုပ်ကို သုံးသပ်ကြည့်လိုက်လျှင် ...

၁။ သီးသီးခြားခြား အိမ်တစ်ဆောင် မီးတစ်ပြောင် ထူထောင်ခဲ့လို့ "အိမ်"လို့ပဲ ဆိုချင်ဆို၊

၂။ အချုပ်ထောင်ကြီးလို များပြောင်လှတဲ့ လူမှုကိစ္စထောင်ကြီးထဲမှာကျလို့ သို့မဟုတ် ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်တရား လုံခြုံအောင်ဆိုတဲ့ ထောင်ကြီးထဲချထားလို့ "အိမ်ထောင်"လို့ပဲ ပြောပြော၊

၃။ အချောအလှ ငါးဝအာရုံ ကာမဂုဏ်ကျော့ကွင်း ထောင်ဖမ်းခြင်းခံရလို့ "အိမ်ထောင်"လို့ပဲ ခေါ်ခေါ်။

မည်သို့ပင်ဆိုစေ ညားပြီးခါစ လင်မယားများရဲ့ဘဝ၊ အစအဖူးကလေးများရဲ့ အစဖြစ်သော အိမ်ထောင်ဆိုတဲ့ ဘွဲ့ထူးကြီးကို လူတိုင်းရရှိသွားကြမည် ဖြစ်၏။

စင်စစ်မူ အိမ်ထောင်ပြုခြင်းသည် လွယ်ကူသည့်ကိစ္စကား မဟုတ်ပေ။ လွယ်လွယ်နှင့်တွေးပြီး ပြုကြလျှင်မူ "ဖြစ်လွယ် ပျက်လွယ်"သဘော သက်ဝင်မည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့မူ အိမ်ထောင်မှုကိစ္စသည် လူ့ဘဝအဆောက် အအုံကြီးတစ်ခု တည်ဆောက်ရန်အတွက် အုတ်မြစ်ချခြင်းမည်သည်။

အခြေမခိုင်လျှင် ယိုင်လဲသွားမည်မှာ မုချပင်။

ထို့ကြောင့် အိမ်ထောင်ရေးပန္နက် ခိုင်မြဲရန်အတွက် ဖူးစာ ရှင် အရွေးမှန်ရန် လိုအပ်သကဲ့သို့ အိမ်ထောင်ရှင် ဖူးစာဖက် မှန် ကန်စေရန်အတွက် ဖူးစာရှင်ရွေးနည်းကို လေ့လာသုံးသပ်ပြီး အိမ် ထောင်ရေးဓာတ်အိမ်ကို ဂုဏ်သိမ်ရှိရှိ တည်ဆောက်မိဖို့ လိုအပ် သည်။

သို့မှသာ လောကအလယ်တွင် တင့်တယ်ဝင့်ထည်မည်မှာ မုချဖြစ်ပေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိယအဘိဓာန်

(၅)

လူကြီးသူမများက မိန်းမများအား "စောင့်ထိန်းခြင်းများစွာ" ကို ရင်ဝယ်ပိုက်ထားရသူများဟု ခေါ်ဝေါ်သမုတ်ကြသည်။ မိန်းမနှင့်ယောကျ်ားသည် လိင်သဘာဝ ဘဝတာဝန် ထမ်းဆောင်မှုအပိုင်းတွင် သူမသာ ကိုယ်မသာဟု ဆိုရမည်။

ကြီးလေးများမြောင်သော တာဝန်များ ယူရသည်ပင်။

သို့သော် ယောကျ်ားတို့ထက် မိန်းမတို့သည် စောင့်စည်းမှုကြီး၏။ ထိန်းသိမ်းရမှု ကြီးသည်။ ထိန်းသိမ်းစောင့်စည်းမှုဟူသည် ယောကျ်ားတို့တွင်လည်း မရှိမဟုတ် ရှိသည်ပင်။

သို့သော် မိန်းမတို့အနေနှင့် ကိုးဆယ်ဆသာလို့ ဆိုရမည် ထင်ရဲ့။

ဤသည်မှာ အဘယ်ကြောင့်နည်း။

❐

(၁)

လွန်ခဲ့သော ဖေဖော်ဝါရီ ပထမပတ်က ကျွန်တော့်မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ သူနှင့် ကျွန်တော်က လွန်စွာခင်မင်ရင်းနှီးသူများ ဖြစ်ခဲ့ဖူးသည်။

တစ်ပန်းကန်တည်း အတူစား၊ တစ်အိပ်ရာတည်း အတူအိပ်သူဖြစ်သည်။ ကျွန်တော် မှတ်မိနေသေး၏။ ၁၉၆၉–၁၉၇၀ ပတ်ဝန်းကျင်။

www.burmeseclassic.com

www.burmeseclassic.com



သည်စဉ်က ကျွန်တော်က ကချင်ပြည်နယ်တွင် ရှိသည်။ တောင်ခိုးနှင့်တိမ် ရောယှက်လိမ်၊ တိမ်နှင့်တောင်ခိုး ရေယှက်မိုးဒေဒေသ။ ကျွန်တော်က ကချင်တိုင်းရင်းသားတို့ကြားမှာ မြန်မာတဘ်ယောက်။

ဒီတုန်းက သူသည် ကျွန်တော့်အရင်းနှီးဆုံးမိတ်ဆွေ "အင်ခွန်နော်"။

ရိုးသားစွာ ဝန်ခံရလျှင် သည်စဉ်က ကျွန်တော့်ဘဝတွင် အချစ်ဆုံးသူတစ်ဦး ရှိခဲ့သည်။ "အင်ဆိုင်းရော်"။

သူက ဝင်းပသောအလှကို ပိုင်ဆိုင်သည်။ ကြည်လင်သောအပြုံးကို ပိုင်ဆိုင်သည်။ သူသည် ကျွန်တော့်ကို အသက်တမျှချစ်သူဖြစ်လေသည်။ သူသည် ဘဝတစ်လျှောက်လုံးအတွက် ရည်စူးထားသူလည်းဖြစ်၏။

ကျွန်တော် ရန်ကုန်ပြန်လျှင် သူ့ကိုခေါ်မည်။ နောက်ဆုံးထွက်သက်အထိ လက်တွဲနေမည်ဟု ကျွန်တော် ဆုံးဖြတ်ထားသည်။

သို့သော် ကျွန်တော်၏ရည်မှန်းချက် မှန်သမျှ ပြိုကျပျက်စီးခဲ့သည်။ ကျွန်တော်က လက်ထပ်ရန်အကြောင်း၊ ဘွဲ့ချောင်နောက်ဆုံးပါ ရန်ကုန်ကိုလိုက်ခဲ့ရန်အကြောင်း ပြောသောအခါ အင်ဆိုင်းရော်က ခေါင်းခါသည်။ "အစ်ကိုဟာ ကျွန်မရဲ့ဒုတိယအသက်ပါ။ အစ်ကို့ကို ကျွန်မ အသက်လောက် ချစ်ပါတယ်။ ဒါပေမဲ့ အစ်ကို့ကို ကျွန်မ လက်မထပ်နိုင်တာ ခွင့်လွှတ်ပါ အစ်ကို"သူမစကား။

ကျွန်တော် ဘာပြောရမည်မသိ။ ငို၍ ထွက်ပြေးသွားသော အင်ဆိုင်းရော် မျက်နှာကို မြင်ယောင်နေသည်။

ထို့အတူ အင်ခွန်နော် ပြောသည့်စကားများကို ကြားယောင်နေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်း ဆိုင်းရော်ကို ခွင့်လွှတ်နားလည်လိုက်ပါ မြင့်နောင်။ မင်းကို ဆိုင်းရော် ဘယ်လောက်ချစ်တယ်ဆိုတာ ငါ အသိဆုံးပါ။ ဒါပေမဲ့ ဆိုင်းရော်ဟာ အမျိုးဂုဏ်နဲ့ ကချင်လူမျိုးတို့ရဲ့ အစဉ်အလာကို စောင့်ထိန်းသူပါ။ သူဟာ ကချင် မိန်းမကောင်းတစ်ဦးပါ မြင့်နောင်”

သည်စဉ် ချစ်သူနှင့် ခွဲရမည်။ တစ်သက် ဝေးရမည်ဆိုသော အသိကြောင့် ဘာမျှမစဉ်းစားမိခဲ့သော်လည်း အချိန်ကာလ ရှည်ကြာလာသောအခါ ကျွန်တော် အင်ဆိုင်းရော်ကို လေးစားအထင်ကြီးလာသည်။

အင်ဆိုင်းရော်၏ စိတ်ဓာတ်သည် မိန်းကလေးများ ထားရှိရမည့် စိတ်ဓာတ်လည်း ဖြစ်သည်ပင်။

ဤသည်မှာ လူမျိုးသန့်ရေးအတွက် အမျိုးသမီးများ အဓိကစောင့်ထိန်းရမည့်ကိစ္စဖြစ်သည်။ လူမျိုးမသန့်လျှင် ဘာသာမသန့်နိုင်သလို၊ အယူဝါဒလည်း သန့်မည်မဟုတ်။ ဤသို့ဖြင့် ဘာသာရေးကို အကြောင်းပြုကာ မကောင်းမှုများလည်း ဖြစ်ပေါ်လာနိုင်သည်မဟုတ်လား။

(၂)

မျိုးနွယ်စုတစ်ခုအတွက် အမျိုးသန့်ရေးသည် အဓိကအပိုင်းမှ ပါဝင်သည်။ အမျိုးမသန့်မှုကြောင့် အဆိပ်အတောက်လည်း ဖြစ်တတ်သည်ကို သတိချပ်သင့်သည်။

ယခုခေတ်တွင် သွေးနှောစနစ်နှင့် လူမျိုးပြုတ်လမ်းစဉ်ကို လူမျိုးကြီးများ ကျင့်သုံးနေသည်ကို အမျိုးသမီးများ သတိထားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



**မျိုးမသန့်ခြင်း အကြောင်းရင်း**

မျိုးမသန့်ခြင်းနှင့် ပတ်သက်၍ စူးစမ်းသုတေသနပြုကြည့်လျှင် အရင်းစစ်တော့ အမြစ်မြေက ဆိုသည့်နယ်ပင်။ မသန့်ခြင်းအကြောင်းရင်း၏ အဓိကတရားခံသည် "မိန်းမဇာတိ၊ မျိုးဣတ္ထိ" တို့ဘက်မှ စသည့် ချို့ယွင်းချက်မှန်း သိရသည့် မျိုးမတူ၊ ဇာတ်ခြား၊ လူမျိုးခြား၏ မယားအဖြစ် ခံယူခြင်းနှင့် စသည်ပင်။ "အချို့က လူဟာ လူပါပဲ။ ဘာသာအယူ မတူတာနဲ့ ဘာဆိုင်လဲ"ဟု ပြောကောင်း ပြောကြမည်။

မှန်ပါသည်။ ပြောလို့တော့ ရပါသည်။ လူချင်းတူသော်လည်း ဘာသာမတူ၊ လူမျိုးမတူသည်ကတော့ အမှန်ဟု ဆိုရမည်။

ထို့အတူ ဘာသာမတူ၊ လူမျိုးမတူ၊ အယူဝါဒမတူသူကို ယူလိုက်ပြီ ဆိုကတည်းက တစ်လျှောက်လုံး သန့်ရှင်းလာသည့် မျိုးဂုဏ်သိန်သည် တရှိန်ရှိန် တိုးတက်မလာဘဲ ဆုတ်ယုတ်၍သာ သွားပေလိမ့်မည်။

အမျိုးဂုဏ် မစောင့်ထိန်းသူကြောင့် အမျိုးမသန့်မှုသည်လည်း အလိုလို ဖြစ်ပေါ်လာပေလိမ့်မည်။

အိန္ဒိယပြည်၏ လူမျိုးရေးအဓိကရုဏ်းများကို သုံးသပ်ကြည့်လျှင် လူမျိုးခြင်း ခွေးရောယှက်တင်ပြုမှုမှ စသည်ဟု ဆိုရမည်။

တချို့က "ဖူးစာ"ကြောင့်ဟု ပြောကြလိမ့်မည်။ သို့သော်သည်ဖူးစာကြောင့်ပင် မိမိလည်း အမျိုးပျက်သူ ဖြစ်ခဲ့သည်ကို စဉ်းစားရန် လိုအပ်သည်။

**ရွှေအိမ်စည်ကို ပမာထားစေချင်သည်**

ရွှေအိမ်စည် ဆိုသည်မှာ ပေါက္ကံရာမကို အစိုးရသူ၊ အနော်ရထာ၏နောက်ဒုတိယ ထင်ပေါ်လာသော ကျန်စစ်သားမင်းကြီး၏ သမီးဖြစ်သည်။

F 4B
www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ်စည်သည် လူငယ်တို့ဘာသာဘာဝ ကုလားမင်းသား "ပဋိက္ခရား"နှစ် ချစ်ကြိုးသွယ်မိသည်။ "ပဋိက္ခရား"နှင့် လက်ထပ်ရန် အကြံရှိသူ။ သို့သော် ရွှေအိမ်စည်သည် အမျိုးချစ်သော၊ အမျိုး၏ဂုဏ်၊ အမျိုး၏သိက္ခာကို စောင့်ထိန်းသော မိဘနှစ်ပါး၏ အမျိုးစောင့်တရားကို နာကြားပြီးနောက် အမျိုးစောင့်သမီးအဖြစ် ခံယူကာ မွန်မင်းသားနှင့် လက်ထပ်ခဲ့သည်။

အကယ်၍ ရွှေအိမ်စည်သည် အမျိုးစောင့်သူအဖြစ် မခံယူဘဲ ကုလားမင်းသားနှင့်သာ လက်ထပ်မည်ဆိုလျှင် ပုဂံ၏အထင်ကရမင်းဖြစ်သည့် "အလောင်းစည်သူ"၏မိခင်လည်းဖြစ်လာမည်မဟုတ်။

ရွှေအိမ်စည်သည် အမျိုးစောင့်စိတ်ကြောင့် သားကောင်းမိခင်ဖြစ်လာသလို၊ ရာဇဝင်မှာ အမည်းစက်မထင်ခဲ့ခြင်း ဖြစ်သည်။

စင်စစ် သမိုင်းဆိုသည်မှာ လူတစ်ဦး အသက်ရှင်စဉ် သူပြုလုပ်ခဲ့သမျှ အကြောင်းများသာ မဟုတ်လား။

**မြွေပါလည်းဆုံး၊ သားလည်းဆုံး မဖြစ်စေချင်**

လူမျိုးခြား၊ ဘာသာခြားတစ်ဦးကို မိန်းမတစ်ဦးက ယူလိုက်တာဟာ ချစ်ခြင်းမေတ္တာပေတံနဲ့ တိုင်းတာကြည့်ရင် အပြစ်တင်စရာမဟုတ်ငြားသော်လည်း လူမျိုးရေးအမြင်၊ အမျိုးစောင့်ပေတံနှင့်တိုင်းကြည့်လျှင်တော့ ပြောစရာဖြစ်သည်။ အပြစ်ဟု ဆိုနိုင်သည်။

သမိုင်းအကြောင်း မကောင်းသူလည်း ဖြစ်တတ်သည်။ လူမျိုးရေးရာဇဝင်တွင် အရုပ်ဆိုး အကျည်းတန်သူလည်း ဖြစ်ရသည်။

**၁။ ပထမအချက်**

လင်သည်ယောကျ်ား လူမျိုးခြားလက်သို့ မိမိအသက်နှင့်ခန္ဓာကိုယ်တစ်ခုလုံး ဝကွက်ပြီး အပ်လိုက်ရတဲ့အတွက် လူမျိုးရေးဘက်တွင် လုံးဝဆုံးရှုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com



**၂။ ဒုတိယအချက်**

လင်အကြိုက်၊ လင့်သဘောကို လိုက်လျောရလို့ မိရိုးဖလာ မိမိကိုးကွယ်ရင်း ဘာသာရေးဘက်မှ ဆုံးရှုံးရသည်။

**၃။ တတိယအချက်**

ရင်သွေးသည်းချာ သားသမီးရတနာတွေ ရရှိလာတဲ့ အခါကျတော့ သားသမီးများမှာ "မိမစစ်၊ ဖမစစ်"ဟု မှုချိုးမှုချိုး လက်ညှိုး ထိုး မေးငေါ့ခံရခြင်း၊ ထို့အတူ ဘာသာရေးတွင်လည်း ဖအောက်လိုက်ရမလို၊ မအောက်လိုက်ရမလိုနဲ့ ယောင်ဝါးဝါး ဖြစ်စေခဲ့တဲ့ အတွက် သားသမီးဘက်မှ ဆုံးရှုံးရခြင်း။

စသည့်အချက်များသည် မိမိဘက်မှလည်း နစ်နာသလို၊ မျိုးဆက်သစ် သားသမီး၊ မြေးမြစ်တို့အထိ မျိုးဆက်တစ်ခုလုံး ဆုံးရှုံးရသည်ဟု ဆိုရမည်။

တစ်ဦး၏ စောင့်စည်းမှု၊ အားနည်းမှုကြောင့် မျိုးနွယ်စု တစ်စုလုံး ပျက်စီးရသည်။

ထို့ကြောင့် "မြွေပါလည်းဆုံး၊ သားလည်းဆုံး"အဖြစ်ဟု ဆိုခြင်းဖြစ်သည်။

**စဉ်းစားစရာ အချက်များ**

အိမ်ထောင်ရေး စဉ်းစားကြသည့် မိန်းကလေးတိုင်းအတွက် ရင်လေးစရာ ကောင်းသကဲ့သို့ စဉ်းစားစရာ ပြဿနာတစ်ရပ်လည်း ရှိလာပြန်သည်။

ထိုသို့ စဉ်းစားစရာက အခြားမဟုတ်။

၁။ လူမျိုးခြားနှင့်ညားလျှင် လူမျိုးမသန့်တာတော့ ဟုတ်ပါရဲ့။ ဘာသာအယူ ကိုယ်နဲ့တူတဲ့ လူမျိုးခြားဆိုရင်ရော မယူထိုက်ပေဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဘာသာအယူ တူတာ၊ မတူတာ အပထား၊ မျိုးဇာတ်ခြင်းတူခဲ့လျှင် အယူမိစ္ဆာပဲဖြစ်ဖြစ် ချစ်ဖက်ပြုထိုက်သလား။

စသည်တို့ ဖြစ်သည်။ ဤကဲ့သို့ပင် ဤသည်ကို အနက်ဖွင့်လိုက်လျှင် ...

၁။ ဘာသာအယူ၊ ကိုယ်နဲ့တူတဲ့ လူမျိုးခြားကို ယူထိုက်၊ မယူထိုက်ဆိုတာက ယနေ့ ကမ္ဘာတစ်ဝန်းတွင် ကူးသန်းသွားလာမှု လွယ်ကူသလောက် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ပေါင်းသင်းဆက်ဆံမှုသည်လည်း လွယ်ကူနေသောကြောင့် ထိုအချက် ထိုပြဿနာလည်း စဉ်းစားစရာ ဖြစ်လာ၏။

လူမျိုးသန့်ရှင်းရေးသက်သက် ကွက်၍ပြောရလျှင်မူ ဘာသာမတူ၊ အယူခြားသော လူမျိုးခြားကို မယူထိုက်ပေ။

ယင်းသို့ ယူလိုက်သည့်အတွက် ဇာတ်ပျက်သွားပြီဟု ဆိုရမည်။ "ဝံသ"ဆိုသည့် မျိုးရိုးစဉ်းကြီး ကျိုးပေါက်သွားပြီဟု ဆိုရမည်။

ဘာသာရေးဘက်တွင်မူ ဘာသာတူသဖြင့် အေးကွက်ဟုဆိုနိုင်သည်။ သို့သော် လူမျိုးရေးနှင့် ပတ်သက်လာလျှင်မူ ကြောက်စရာကြီးဟု ဆိုရမည်ပင်။

ဤကိစ္စနှင့်ပတ်သက်၍ လူမျိုးရေးအဓိကရုဏ်းကြီးတွင် အပူမီးဝိုင်းခဲ့ရသည့် လူမျိုးခြားတို့၏ မိန်းမများ ကိုယ်တွေ့ဖြစ်မည်။

ထို့ကြောင့် မျိုးဇာတ်မတူလျှင် အပူငြိမ်း ပြီးရော ဆိုသည့်သဘောနှင့် မတိမ်းညွတ်ထိုက်ပေ။

၂။ ဇာတ်တူသား ဖြစ်သော်လည်း အယူမှားသူနှင့် ညားသင့်၊ မညားသင့်။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရေးဟု ဆိုရလျှင် "ညားသင့်ပါသည်"ဟု အမှတ်ပေးရမည်။ ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ဘာသာအယူမတူဟုပင် ထားဦး မယားဖြစ်သူက လိမ္မာပါလျှင် ကိုယ့်ဘာသာရေးသို့ ကွေးညွတ်ကိုင်းရှိုင်းလာစေနိုင်သည်။

ဥပမာအဖြစ် ဝိသာခါ ဆိုသည့် ဇနီးမယားကြီးကို ကြည့်ရမည်။ သူ့လင်နှင့် သူ့ယောက္ခမ မိစ္ဆာဝါဒတွေ လက်လွှတ်ပြီး ကိုယ့်ဘက်ညွတ် ပါလာလေအောင် ဆွဲဆောင် ကျူးသွင်းနိုင်ခဲ့သည် မဟုတ်လား။

ဤသည်မှာ မိန်းမ၏လိမ္မာမှုဟု ဆိုရမည်။ ပြောရလျှင် ကိုယ့်ဘာသာထဲ ဆွဲသွင်းယူလို့ မရသည့်တိုင် ဘေးရန်အန္တရာယ် အဓိကရုဏ်းတွေ ဖြစ်လာနိုင်ဖွယ်မရှိ။

"ဝံသာနုစိတ်"မှာ "တစ်အိမ်တည်းနေ တစ်လှေတည်းစီး" မို့ ရန်မီးပွက်စရာလည်း မရှိပေ။

အယူမှားသူကို မှန်အောင် ဆွဲဆောင်သိမ်းသွင်းခြင်းသည် မိန်းမမြတ်တို့၏ အင်္ဂါဖြစ်လေသည်။ သို့ရာတွင် သဘောဖြူ၊ အူစင်း ဆိုသလို ဇာတ်တူချင်း၊ ဘာသာတူချင်း မေတ္တာနှင်းကြတာလောက် ဝမ်းမြောက်စရာ မရှိဟု ဆိုလျှင် မမှားပေ။

❐

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိယအဘိဓာန်

(၆)

မိန်းကလေးများ၏ အိမ်ထောင်မှုပိုင်း ကိစ္စကို ဣတ္ထိယ အဘိဓာန်(၁၄)တွင် စတင်ရေးခဲ့သည်။ ထိုအပိုင်းတွင် အမျိုးစောင့် ထိန်းခြင်းအပိုင်းကို ရေးသားခဲ့သည်။

ထိုအကြောင်း ထိုကိစ္စသည် အခြေအနေအရ ဟိုလိုလို သည် လိုလို တွေးထင်ကြသော်လည်း စင်စစ်မူ လူ့ယဉ်ကျေးမှုသမိုင်းစဉ် တွင် အထင်ကရ ပြုထားသော အကြောင်းလည်းဖြစ်၏။

လူမျိုးစုတိုင်း၏ ထိန်းသိမ်းမှုဖြစ်သည်။ ယောကျ်ားကလေး များအတွက် အကြောင်းမဟုတ်သော်လည်း မိန်းကလေးတို့အတွက် အရေးပါသောအပိုင်း ဖြစ်သည်။

စစ်မှန်သော အမျိုးဘာသာ၊ သာသနာကို မြတ်နိုးအားထား ယုံကြည်သူတိုင်း လိုက်နာကျင့်သုံးသည့် ကျင့်သုံးလိုက်နာချက်လည်း မည်သည်။

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်မှုအပိုင်းသည် ကျယ် ဝန်းနက်နဲလှသလို တစ်ဘဝလုံးအတွက်လည်း ဖြစ်သောကြောင့် တည်း။

❒

ကျွန်တော့်သူငယ်ချင်းမ တစ်ဦးသည် ဆရာဝန်မတစ်ဦးဖြစ် သည်။ လွန်ခဲ့သော နှစ်လလောက်က မြန်မာပြည်သို့ အလည်အပတ် ပြန်လာရင်း ဆုံစည်းရသည်။ သူ့ခင်ပွန်းသည်ကမူ ဘာသာခြားတစ် ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျွန်တော် ဆုံစည်းရသည်က "ရွှေတိဂုံဘုရား"တွင် ဖြစ်သည်။ သူတစ်ယောက်တည်း။

"ဟော့ ... ယု၊ မင်းခင်ပွန်း မပါဘူးလား"

ကျွန်တော်က မေးလိုက်သဖြင့် သူ့မျက်နှာ ကွက်ခနဲပျက် သွားသည်။ သက်ပြင်းခိုးကို ရှိုက်ပြီး ...

"သူ မပါဘူး မြင့်နောင်ရဲ့။ သူက တို့ဘာသာဝင် မဟုတ် ဘူးလေ"ဟု ပြောသဖြင့် ကျွန်တော် သဘောပေါက်သွားသည်။

ယု ရေသက်စေ့၊ ပန်းသက်စေ့ လှူဒါန်းပြီးတော့ ကွဲကွာနေ သည်မှာ ကြာပြီဖြစ်၍ သူနှင့် ကျွန်တော် စကားပြောဖြစ်သည်။ ပထမ ဟိုအကြောင်း၊ သည်အကြောင်း ပြောနေကြသော်လည်း နောက်ဆုံးတော့ သူတို့အိမ်ထောင်ရေးပိုင်းသို့ ရောက်သွားသည်။

"ယုတို့က ကိုးကွယ်မှုအပိုင်းကတော့ လွတ်လပ်နားလည် ကြသားပဲ"

ကျွန်တော်က ပြောလိုက်သည်။

"သူက နားလည်မှု ရှိပါတယ်။ တို့နှစ်ယောက် အိမ်ထောင် ပြုမယ် ဆိုကတည်းက နားလည်မှု ယူကြတယ်လေ။ တစ်ဦးကို တစ်ဦး ချစ်ကြလို့ ဘာသာအယူအဆ မခွဲကြဘူး၊ သူကြိုက်တာ သူကိုးကွယ်၊ ကိုယ်ကြိုက်တာ ကိုယ်ကိုးကွယ်ပဲ။ တစ်ဦးနဲ့တစ်ဦး ပံ့ပိုးကူညီမှုလည်း ရှိတယ်"

"ဒါဆို တော်သေးတာပေါ့"

ယုက ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

"အမှတ်တမဲ့ကြည့်မယ်၊ အပေါ်ယံကြည့်မယ် ဆိုရင်တော့ တော်သေးတယ်လို့ ပြောရမှာပဲ မြင့်နောင်။ ဒါပေမဲ့ တဖြည်းဖြည်း အချိန်ကာလ ရွေ့လျားကြာမြင့်လာတာနဲ့အမျှ မတော်ဘူးဆိုတာ သိလာရတယ်။ ဒါက ကာယကံရှင်တွေရဲ့ ထိတွေ့ခံစားမှု အတွင်း

www.burmeseclassic.com



ပိုင်းလေးနဲ့ပဲ စဉ်းစားကြည့်လေ။ ယောက်ျားနဲ့ မိန်းမဟာ အိမ်ထောင်တစ်ခု ထူထောင်ခဲ့ပြီဆိုရင်၊ ပေါင်းဖက်လိုက်ပြီလို့ ဆိုရမယ်။ စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်ဆိုတဲ့ ဘဝကိုရောက်သွားပြီ။ ဒီမှာ တစ်ယောက်က အရှေ့၊ တစ်ယောက်က အနောက်ဖြစ်နေရင် ဘယ်ကောင်းမလဲ။ တို့ရဲ့ မြန်မာဆိုစကားကို နင်က စာရေးဆရာ ဆိုတော့ ပိုသိပါတယ်။ လင်မယားဆိုတာ ဘုရားသွားကျောင်းတက် အတူတူ။ အနှစ်နာခံသူလေ။ တို့ဘဝမှာ ဘုရားသွားကျောင်းတက် အတူတူဆိုတာ ရှိသေးလား”

သူ ပြောရင်း မျက်နှာညှိုပသွားသည်။ ကျွန်တော်က အားတုံ့အားနာ အဝေးသို့ အကြည့်လွှဲလိုက်သည်။

သူက ဆက်ပြော၏။

“ဘုရားသွားကျောင်းတက် အတူတူ မဖြစ်တော့တာ ထားဦး။ ဘုရားသွား ကျောင်းတက် အတူတူ မဖြစ်လို့ ခံစားရတဲ့ ငါတို့ခံစားချက်ကို ဘယ်သူမှ မသိကြဘူး။ တကယ့်ကို ခံစားရတဲ့ ခံစားချက်ပဲ မြင့်နောင်။ ခုပဲ နင် စဉ်းစားကြည့်လေ။ ငါ့ခင်ပွန်းဟာ ငါနဲ့ ဘာသာတူ၊ လူမျိုးတူဆိုရင် ဘယ်လောက်ကောင်းမလဲ။ ခုဆို ငါဟာ သင်းကွဲမျောက်လိုပဲ။ ပြီးတော့ လူမသိ၊ သူမသိ ခံစားရတဲ့ ဝေဒနာတွေကလည်း အများကြီးရယ်။ အထူးသဖြင့် သားရေး သမီးရေးကိစ္စ။ ခုဆို ငါ့မှာ သားတစ်ယောက်ရှိတယ်၊ သမီးတစ်ယောက်ရှိတယ်။ သူ့ကို ဘယ်ဘာသာဝင်ဖြစ်အောင် လုပ်ရမလဲ။ ဒါကိုစဉ်းစားနေရပြီ။ သမီးကလေးဆို အများကြီး စဉ်းစားရမယ်။ သူ့ကို ငါချစ်တာ အမှန်ပဲ။ ဒါပေမဲ့ ခုတော့ ငါ နောင်တရချင်နေတယ်။ လူမသိတဲ့ ခံစားချက်တွေ ငါ့မှာအများကြီးရှိတယ် မြင့်နောင်။ တစ်လင်မကောင်း တစ်လင်ပြောင်းဆိုတဲ့ မူဝါဒကို မနှစ်သက်တဲ့ ငါတို့မြန်မာအမျိုးသမီးဘဝကို ငါ သတိရလာပြီလေ”

www.burmeseclassic.com

www.burmeseclassic.com



ယု စကားကို နားထောင်ရင်း ယုကို ကရုဏာသက်မိသည်၊ ယုတို့လင်မယားက မျိုးမတူ ဇာတ်ခြားသော်လည်း အသိတရား ပြည့်ဝကြသမို့ ဘာသာရေးကိစ္စမှအပ အခြားကိစ္စများတွင် ငြိငြင် ဖွယ်မရှိဟု ဆိုရမည်။

**ဘာလုပ်သင့်သလဲ**

ခေတ်သစ်နိုင်ငံရေး ကျမ်းတစ်စောင်တွင် "ခေတ်သစ် ကိုလို နီဝါဒသည် ခေတ်ဟောင်းကိုလိုနီဝါဒကဲ့သို့ လက်နက်နှင့်ကျူးကျော် ဖျက်ဆီးခြင်း၊ ကိုလိုနီပြုခြင်းကို မပြုကြချေ။ လူ့သမိုင်း၏ တိုးတက် မှုဖြစ်စဉ်အရ ယဉ်ကျေးသော ခေတ်သစ်ကိုလိုနီ ကျွန်ပြုစနစ်ကို ကျင့်သုံးလာကြသည်။ ကိုလိုနီကျွန်ပြုလိုသော နိုင်ငံအတွင်းရှိ မိန်း ကလေးများအား တဖြည်းဖြည်း "အမျိုးစောင့်စိတ်ဓာတ်"ယိုယွင်း ပျက်စီးနည်းပါးအောင်ပြုပြီး သွေးနှောစနစ်ဖြင့် မျိုးပျက်အောင်လုပ် ကြသည်။ "မြေမြိုသော်လည်း လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက် သည်"ဆိုသော စကားသည် သတိချပ်ဖွယ် စကားတည်းဟု ရေး သားဖော်ပြထားသည့်ကို မှတ်သားရ၏။

ထိုသြဝါဒနှင့်ပတ်သက်၍ ခြုံငုံလေ့လာကြည့်လျှင် တိုင်း နိုင်ငံ တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသမီးကဏ္ဍ အဘယ်မျှ ကျယ် ပြန့်စွာ ရှိသည်ကို မိန်းကလေးများ သိသင့်သည်။

တစ်ခါက အရှေ့တောင်အာရှနိုင်ငံများသို့ အလုပ်သွားလုပ် ပြီး ပြန်လာသည့် မိတ်ဆွေတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြ ရင်း ...

"ဒီကနေ့ အဲဒီနိုင်ငံတွေမှာ စီးပွားရေးတိုးတက်မှုတွေ ရှိနေ တယ်။ ဒြပ်ထုအဆောက်အအုံ တိုးတက်မှုတွေ ရှိနေတယ် ဆိုပေ မယ့် အဲဒီနိုင်ငံမှာ ကြီးမားတဲ့ စိုးရိမ်မှုတွေ ဖြစ်နေတာကို တွေ့ရ တယ်။ အဲဒါက လူမျိုးပြုန်းတီးမှုနဲ့ ယဉ်ကျေးမှု ကွယ်ပျောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားတွေပဲ။ ဒါတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် တိုင်းရင်းသူတွေ အမျိုးစောင့်စိတ်ဓာတ် အပြည့်အဝရှိလာရေး လှုံ့ဆော်မှုတွေ လုပ်နေကြတာပဲ။ တကယ်ဆော့ သူတို့တိုင်းပြည်မှာ မျက်လုံးပြာကလေးဦးရေ များလာခြင်းဟာ လူမျိုးပြုန်းတီးမှု လက္ခဏာဆိုတာ သိနေကြပြီလေ”

ဟု ပြောသည့် သူ့စကားကို နားထောင်ရင်း ရင်တုန်ပန်းတုန် ဖြစ်ရသည်။

အမှန်တော့မူ ယနေ့ ကိုလိုနီလက်သစ်များ၏ ခေတ်သစ်နယ်ချဲ့ဝါဒအရ သွေးနှောစနစ်ဖြင့် တိုးဝင်ခြင်းကို အများဆုံးရမည့်သူများမှာ မိန်းမများသာ ဖြစ်သည်။

မိန်းမများဘက်မှ တာဝန်ကျေပွန်စွာ စောင့်ထိန်းလျှင် ကိုလိုနီလက်သစ်များ၏ နယ်ချဲ့စနစ် နည်းဗျူဟာသည် အောင်မြင်မည်မဟုတ်။

ယနေ့ကမ္ဘာတွင် သွေးနှောမျိုးဖျက်သည့် ကိုလိုနီလက်သစ်များ၏ မဟာဗျူဟာ နည်းဗျူဟာကို ပြတ်သားစွာ တွန်းကန်နေသည်မှာ အိန္ဒိယနိုင်ငံဖြစ်သည်။

အိန္ဒိယတွင် မျိုးစောင့်စိတ်ဓာတ်ကို “ဇာတ်”နှင့်ထိန်းသိမ်းသည်။ လူ့အခွင့်အရေး လွတ်လပ်မှုမရှိဟု သမုတ်ကြမည်ဖြစ်သော်လည်း နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်နှင့်ကြည့်လျှင် အမှန်တရားဟု ဆိုရမည်။

မိန်းမများသည် လူ့အခွင့်အရေးမရှိဟု ခံယူပြီး “မျိုးစောင့်စိတ်”ကို ပယ်ဖျက်သင့်သလော။

အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော် စည်ပင်သာယာဝပြောရေးအတွက် မိန်းကလေးများသည် မိမိကိုယ်မိမိ အမျိုးစောင့်မယ်အဖြစ် ခံယူသင့်သလော။

❐

www.burmeseclassic.com

www.burmeseclassic.com



## ထိန်းသိမ်းကာကွယ် မျိုးစောင့်မယ်

လူတို့သည် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လျှင် အဖြူအမည်း မရှိ၊ အရောင်အသွေး မရှိဟု ဆိုကြသည်။

ချစ်ခြင်းမေတ္တာသည် နှလုံးသားကိစ္စမည်သည် နှလုံးသားကိစ္စဖြစ်တာမို့ အသည်းနှလုံး၏ လှုံ့ဆော်မှုဒဏ်ကို ခံနိုင်စွမ်းမရှိဟု အပျိုမတို့ ဆိုကြလေမည်လား မသိ။

တစ်နေရာမှာ ကြာကြာနေလို့ ဒီနေရာကလူနဲ့ အကြောင်းပါ မေတ္တာလေးဝေမျှတာ မဆန်းသော်လည်း တိုင်းခြား၊ ပြည်ခြား၊ လူမျိုးခြားတို့နှင့် ယဉ်ပါးပြီး သာယာမှုတွေ ယိုစီးလာမည်ဆိုလျှင်တော့ အမှားသာဖြစ်မည်။ ထိုအခါမျိုးတွင် မေတ္တာယိုစိတ်ကို ချုန်းနှင့်ချိတ်မှ သင့်မည်။

ပျော်ရွှင်စရာ၊ တပ်မက်စရာတွေ များပြားလာရင် ပြန်ကြည့်သင့်သည်တို့ ကြည့်ရမည်။

ဤကား ...

၁။ မိဘ ဆွေမျိုးသားချင်းမျက်နှာ

၂။ မိဘရဲ့အမျိုးဂုဏ်မျက်နှာ

၃။ သာသနာတော်ရဲ့မျက်နှာ

စသည်တို့ဖြစ်ပြီး ဤသုံးချက် ငဲ့ကွက်ရမည့် မျက်နှာများလည်း မည်သည်။ ဤသုံးချက်ကိုမှ ငဲ့ကွက်ထောက်ထားခြင်းမပြုဘဲ တဒင်္ဂသာယာမှုအတွက် စိတ်အလိုလိုက်၊ စိတ်မိုက်မွေးပြီး၊ ငဘ်အစဉ် ဖိတ်စဉ်သွားမည် ဆိုလျှင်ဖြင့် ချောက်ကမ်းပါးကြီးထဲ ကျသည်ကမှ တော်ပေလိမ့်ဦးမည်။

"မျိုးဖျက်မ"ရယ်လို့ သမုတ်မခံရစေဦးတော့ ကိုယ့်အမှားအတွက် တစ်သက် တစ်ဘဝ တမြည့်မြည့် ခံစားရမည်မှာ အနှန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမျိုးကိုချစ်သော အပျိုဂုဏ်၊ အပျိုတန်ဖိုးအပြည့်နှင့် ဝံ့ထည်သော မျိုးစောင့်ဓာနည်၊ မျိုးစောင့်မယ်ပီသ မိန်းမဂုဏ်၊ မိန်းမသိက္ခာအပြည့်နှင့် မိန်းမထုတစ်ရပ်လုံးအတွက် ဂုဏ်ရောင်ကိုပါ ထွန်းလင်းတောက်ပြောင်စေမည် ဖြစ်သည်။

ကိုယ်တစ်ဦးတစ်ယောက် အကျိုးထက် ငါ့မျိုးရိုးဂုဏ်၊ ငါ့ ရွှေဂုဏ်၊ မျိုးဂုဏ်၊ မိဂုဏ်၊ ဖဂုဏ်နှင့် သာသနာတော်၏ ဂုဏ်မျက်နှာ မညှိုးစေဘဲ ထွန်းဖြိုးစေမည်ဆိုတော့ စိတ်ရင်းစေတနာဖြင့် အမျိုးဂုဏ်သန့်ရေး၊ လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်နှင့်လဲ၍ စောင့်ထိန်းခြင်းသည်လည်း "အန္တိမသူရဲကောင်းမယ်"စိတ်ဓာတ် စွမ်းရည် ဖြစ်ပေသည်။

၁။ မျိုးရိုး၊ ဇာတိ၊ သန့်ရှင်းရှိ ဣတ္ထိလိုရင်းဖြစ်။

၂။ မျိုးဇာတ်အယူ၊ တူမတူ၊ ယူသူ စွန်းထင်းညစ်။

၃။ ဖြစ်တတ်သလေး၊ စေ့ပေ့တွေး၊ ရန်ဘေးနုတ်သတ်ထစ်။

၄။ တွေးရှုံ့ဦးကွယ်၊ သတိုးမယ်၊ မျိုးနွယ်တူချင်းချစ်၊

၅။ လူမျိုးလည်းသန့် ချမ်းသာပြန့်၊ နိဗ္ဗာန်လောကီခေတ်။

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိယအဘိဓာန်

(၇)

(၁)

"ဒီအချိန်ကလေးကို ဆရာ မှတ်ထားနော်"

စာရေးသမားကို စာနာသည့် ဗိုလ်ဝမ်း စကားကို အမှတ်ရသည်။ သကြိမ်အပြီး တွေ့စဉ်က ပြောသည့်စကား။

မဂ္ဂဇင်း အချိန်မီထွက်နိုင်ရေးအတွက် ဗျာများလုံးပန်းနေသည့်ကြားမှ စာရေးသူတွေကို သူ နှိုးဆော်တတ်သည်။

ထို့ကြောင့် ကျွန်တော်တို့က လတစ်ဝက်ကျိုးပြီဆို နောက်လအတွက် စာမူစဉ်းစားရသည်။ ကိုယ့်ကြောင့် မနှောင့်နှေးစေချင်။

ကျွန်တော့်လက်ရေး သေးသေးကို ကွန်ပျူတာက ရွံ့သတဲ့။ အားနာစရာပင်။ ခက်သည်က ကျွန်တော့်စာမူ နောက်ကျလျှင် လက်ရေးက ပိုသော့သည်။

ထို့ကြောင့် ၁၅၊ ၁၆ ဆို ကျွန်တော် တာဝန်ယူထားသည့် လစဉ်များကိစ္စ စရသည်။ လုံးချင်းရပ်ရသည်။ ယနေ့ ၁၅ ရက်။ ဣတ္ထိယအဘိဓာန်(၁၆) ရေးရမည်။

မဂ္ဂဇင်း နောက်ကျမည်စိုးသည်။ ဗိုလ်ဝမ်း ပျော်ပါစေတော့။

❒

(၂)

ဘာကစရမည်ကို စဉ်းစားစဉ် လူကြီးသူမ၏ စကားကလေးကို ပြေးသတိရသည်။ မိန်းကလေးတွေနှင့် ပတ်သက်သည့်စကား။

အရွယ်ကောင်းလျှင် အသင့်။

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ကောင်းလျှင် တစ်ပွင့်။ အရွယ်ကောင်းလျှင် ကြံသူများသည်။

စံပယ်ကောင်းလျှင် ပန်ချင်သူများသည်။

ဒီစကားကလေးကို စဉ်းစားမိတော့ သည်စကားနှင့်အတူ ကြံချင်သူ၊ ပန်ချင်သူ၊ ဆွတ်ချူချင်သူတွေ တရှန်းရှန်းနှင့် ပျားပိတုန်းတို့ ရစ်ဝဲနေတုန်း အချိန်သည် မိန်းကလေးများအတွက် ဖူးစာဖက်သက်နှံ၊ ဆက်ဆံဖို့အကောင်းဆုံး ဆိုသည်ကို အထူးသိရန် လိုအပ်ပေသည်ဟု နားလည်မိသည်။

အသေအချာ စဉ်းစားကြည့်ပြန်တော့ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ လိုချင်စိတ်ဇော ထက်သန်ပြီး မက်မက်မောမောရှိနေသောအချိန်သည် ထိုမိန်းမ သို့မဟုတ် ထိုယောက်ျားအတွက် စေတစ်လုံးပိုင်ရှင် ဖြစ်သောအချိန်ဟု ဆိုနိုင်သည်။

ထိုအချိန်ကို "စန်းပွင့်"သော အချိန်ဟု ဆိုရမည်။ ထိုအချိန်မျိုးတွင် တန်းတန်းစွဲဖြစ်သူများပြီး ရှောင်လွှဲမရသော အချိန်လည်းဖြစ်ပေသည်။

ဤကဲ့သို့ပင် ထိုအချိန်မျိုးက "လက်ရွေးစင်ချစ်သူ"သို့မဟုတ် "လက်ရွေးစင်ကြင်ယာကောင်း" ရနိုင်သော အချိန်မျိုးဆိုလည်းမမှားပေ။

## ချစ်မျိုးစုံကွယ် ဘယ်အရွယ်

ကျွန်တော် မှတ်မိနေသေးသည်။ လွန်ခဲ့သောလက မိတ်ဆွေတစ်ဦး ရောက်လာ၏။ သူက "မင်းကသုတေသနသမားဖြစ်လို့ မိန်းမတွေရဲ့ ချစ်မျိုးကြွယ်တဲ့အရွယ်ဟာ ဘယ်အရွယ်ဆိုတာ ငါ့ကို ပြောစမ်းပါ"ဟု မေးသည်။

"စောင့်ဦးကွာ။ မင်းတို့ တိုင်းသိ ပြည်သိ ငါပြောပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤသို့ ပြောခဲ့သည်။ "ထောင်တန်သည့်စကား ရယ်ပေါ့" မဖြစ်စေလို၍ ဤသို့ပြောခဲ့ခြင်းဖြစ်သည်။ ယခုတော့ ပြောချိန်လည်း တန်လာသဖြင့် ကျွန်တော် ပြောရတော့မည်။

လောကတွင် ကြံချင်သူ၊ ဖန်ချင်သူများသည် အရွယ်နှင့်ပတ်သက်၍ လူအတော်များများ သိချင်ကြသည်။ မိန်းကလေးများကိုယ်တိုင်လည်း မသိကြ။

ဤသည်မှာ ပြဿနာတစ်ရပ် အစွန်းထွက်လာခြင်းဆိုလျှင်လည်း မမှားချေ။

သို့သော် ထိုကိစ္စက လွယ်လွယ်ပြောလို့မရ။ ကောင်းလည်း မကောင်း။ ဥပမာ ဥပမေယျနှင့် ပြောမှသင့်မည်။

ယုတ္တိတန်ဖို့လည်း လိုသည်လေ။ ရှေးခေတ် ဓာတ်နိပါတ်ရာဇဝင်မှာ တွေ့မြင်ရတဲ့ ဗဟုသုတ၊ ကာလနှင့်ညီစွာ ပြောချင်သည်။

* နွယ်ချောညီရင် အစစ်မှာလ၊ ရွယ်"ဂေါရီ"အစဉ်ဖြင့်သည်မို့၊ ဝင်း"ရှစ်"လို့ ဆိုကြတယ်။
* တကယ်စစ်သည်မို့ "ဆယ်နှစ်"ကညာမို၍ "ကုမ္မာရီ"၊ "ဒွါဒသ"မှာ လောကမှတ်ဖွယ်။
* တစ်ဆယ့်သုံးမှာလ သွေးစုန်းမေကလျာနှင့်၊ "ဆယ့်ငါး"မှာခေါ်"မျက်မည်း"ဟု နိဿရည်းမှတ်မ်းဖယ်၊ မိန်းမငယ်တို့ အဖြစ်ထူး။
* ယဉ်နုငယ်စို၊ ကြင်မူလုလင်ပျိုတို့ မြင်ရှုလို့ ချစ်ခင်တတ်သည်မို့ ခုခေတ်မီ ဆွေမယ်နတ်တို့မှာ မှတ်ကြပါဦး။

ဤကဗျာကလေးကို ခြုံငုံသုံးသပ်ကြည့်လျှင် မိန်းကလေးတို့အတွက် "၈"နှစ်မှအစ (၁၅)နှစ်အတွင်းသည် ဝင်းစေးစက်စက်နှင့် ချစ်သက်စဖွယ် ကျက်သရေတိုးသည့်ကာလ၊ အလှသွေးအကြွယ်ဆုံးအရွယ်ဟု ဆိုရလေမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အချို့က "အို ရှစ်နှစ်ဆိုတော့ မငယ်လွန်းဘူးလား။ ဒီအရွယ်က ငယ်လွန်းပါတယ်။ လင်နယ်၊ သားနယ်ထဲဆွဲသွင်းဖို့ မကောင်းသေးပါဘူး"ရယ်လို့ ပြောကောင်း ပြောကြမည်။

ထားပါတော့။ အလှသွေးကြွယ်တာက ကြွယ်တာပဲ မဟုတ်လား။

❒

(၃)

ရာဇဝင်မှာ ဆိုစကားကလေးတစ်ခု ရှိသည်။ ရှင်ဘို့မယ်နှင့်ပတ်သက်လို့လေ။ "ရှင်ဘို့မယ်တစ်သက် မင်းဆက်က ငါးသွယ်"တဲ့။ ရာဇဝင်မှာ မင်းငါးဆက် မဟေသီဒေဝီ ရှင်ဘို့မယ်ဟာ"၈"နှစ်အရွယ်မှာ မိဖုရားအမြှောက်ခံရတယ်လို့ ရာဇဝင်က ဆိုထားသည်များရှိ၏။

မည်သို့ဆိုစေ တကယ်တမ်းဆိုရလျှင် အဘက်ဘက်မှပြည့်စုံသောအရွယ်သည် ၁၅ နှစ်အလွန် ၁၆ နှစ်အရွယ်ဟု တိကျစွာဆိုရမည်။

ပွဲသဘင်မှာ တင့်တယ်သော အရွယ်ဟုလည်း ဆိုရမည်။

ဤကဲ့သို့ပင် ဗုဒ္ဓဘာသာ ဓမ္မသတ်အရဖြစ်စေ၊ ခေတ်သုံးဥပဒေပညာရပ်နှင့်ဖြစ်စေ သေသေချာချာ စဉ်းစားကြည့်လျှင် ၁၅ နှစ်အလွန် ၁၆ နှစ်အစွန်းသည် တရားအရာဝင်သလို၊ မယားအရာဝင်သည်ဟုလည်း ဆိုရပေမည်။

ထိုအချိန်က တပ်မက်ဖွယ် အကောင်းဆုံး ဖြစ်သကဲ့သို့စမ်းမြောက်ကြည့်ရှင် မယားတော်ဝင်ဖြစ်ရန် အသင့်ဆုံးအချိန်ဆိုလည်း မမှားပေ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၆ နှစ်မှာ အိမ်ထောင်သည်

အဘွားရှိစဉ်က မြေးမတွေကို ပြောသည့်စကားတစ်ခု ကြားဖူးသည်။

"ဟဲ့ ... အိမ်ထောင်ပြုတယ်ဆိုတာ အရွယ်ကောင်းတုန်း၊ အရိုးနုတုန်းမှ ကောင်းတာ။ အသက်ကြီး အရိုးရင့်ရင် မကောင်းဘူး"

သည်စကား၊ အရင်က အဘွား ဘာကြောင့် ဒီစကားပြောသည်ကို မသိ၊ ဗဟုသုတအဖြစ် စာပေများကို လိုက်စားလာတော့ "သြော် ... ဒါကြောင့်ကိုး"လို့ သဘောပေါက်ရသည်။

ရာဇဝင်၊ နိပါတ်နဲ့ ဇာတ်တော်တွေမှာလည်း ကိုးကားပြစရာ သာဓကတွေ ရှိနေသည်ပဲလေ။

ဗုဒ္ဓဝင်မှာ "သုံးလူထွတ်ထား၊ မြတ်စွာဘုရားလောင်းလျာ၊ သိဒ္ဓတ္ထမင်းသားနဲ့ ဘဒ္ဒကစ္စနာ ယသော်ဓရာဒေဝီတို့ စုလျားရစ်ပတ် လက်ထပ်ကြတဲ့အရွယ်ကို ဆန်းစစ်ကြည့်လိုက်ပြန်တော့လည်း(၁၆) နှစ်ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ဗုဒ္ဓဝင်မှာ "သိဒ္ဓတ္ထ"မင်းသားဟာ (၁၆)နှစ်အရွယ်မှာ ထီးနန်း သိမ်းပွဲနှင့်လက်ထပ်ပွဲကိုတစ်ပြိုင်နက်တည်းကျင်းပခဲ့သည်မဟုတ်လား။

ထိုကဲ့သို့ပင် ယသောဓရာဒေဝီသည် သိဒ္ဓတ္ထမင်းသား၏ဖွား ဖက်တော်တစ်ပါး အပါအဝင်ဖြစ်သဖြင့် သိဒ္ဓတ္ထမင်းသား(၁၆)နှစ် ဆိုလျှင် ယသော်ဓရာဒေဝီလည်း (၁၆)နှစ် မစွန်းနိုင်။

ဝေဿန္တရာဇာတ်တော်တွင် ဖုသတီမင်းသမီး လက်ထပ် တော်မူသည့်အခါ အသက်(၁၆)နှစ်သာရှိပါသေးကြောင်းတွေ့ရသည်။

"ယဉ်ကျေးရွယ်သစ်၊ ဆယ့်ခြောက်နှစ်သော်၊ ရန်မြင်ခါချ၊ သိဝိနှလျှင်၊ သဥ္စယပေါ်တင်၊ ခေါ်မည်တွင်သား၊ လုလင်နွယ်ရှင်း၊ သားတော်ရင်းနှင့်၊ ဆောင်နှင်းရေစင်၊ ဘိသက်တင်သည်"

(ဝေဿန္တရာပျို့)

www.burmeseclassic.com

www.burmeseclassic.com



ထိုထိုသော ရာဇဝင်များ၊ နိပါတယ်များ၊ ဇာတ်တော်များတွင်လည်း (၁၆)နှစ်အရွယ်ကို လင်ယောကျ်ားယူနိုင်သည့်အရွယ်၊ အလှပန်းပွင့်သောအရွယ်ဟု ဆိုကြသည်။

သို့သော် အချို့ကမူ စောစောကလို ငယ်သေးသပ လွန်သပ လို့ ဆိုကောင်း ဆိုကြ ဆိုမည်က ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ရေးနယ် ဆိုသည်က ကျယ်လည်းကျယ်သည်။ ပရိယာယ်လည်း ကြွယ်သည် မဟုတ်လား။

ပြီးတော့ တစ်ခုပိုပြီး သတိထား ဆင်ခြင်စဉ်းစားရမည်က "ဖုသဿတီဒေဝီ"၊ "ယသော်ဓရာ"တို့က ဘုရင့်သမီးများဖြစ်သည်။ ခေတ်စကားနှင့် ပြောရလျှင် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေနိုင်သူများဖြစ်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ချစ်ကြိုးသွယ်ရသော်လည်း မဟာဆီ မဟာသွေး ဘုရင့်သမီးများ ဖြစ်သဖြင့် အိမ်ထောင်မှုလုပ်ငန်းကို ယောင်လို့ပင် ထမ်းရမည်မဟုတ်။

မဟာဆီ မဟာသွေးပီပီ အေးအေးကလေး စံနေနိုင်သည်။ ကာမဂုဏ်အမှုတော်ကို ပျော်ပျော်ထမ်းနိုင်လျှင် ပြီးစတမ်းဟု ပြောရမည်။

သို့စဉ်လျက် ခေတ်ကာလ မိန်းကလေးများအတွက်မူ ဒါ တစ်ခုနှင့် ပြီးမည်လား။ ဒါကိုတော့ အလေးအနက် စဉ်းစားရပေလိမ့်မည်။

❐

(၄)

မိတ်ဆွေတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။ သူ့တွင် သမီးလေးတစ်ဦးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကညာ အချိန်အခါမလင့် ဆိုသည့်အတိုင်း သမီးကလေးကို (၁၆)နှစ်အစွန်းတွင် နေရာချပေးလိုက်သည်။ သမီးကလေးက ပညာမစုံသေး။ အိမ်ထောင်ရေးပညာလည်း မတတ်သေး။

ထို့ကြောင့် အိမ်ထောင်ရေးလောကတွင် သူကလေး ဒုက္ခရောက်ရသည်။

သည်အကြောင်းကို သူ့မိဘတွေက ဝမ်းနည်းပက်လက် ယူကျုံးမရ ပြောပြသည်။ "တကယ်တော့ ဒါဟာ ငါ့အပြစ်ပါကွာ။ ငါက သမီးကညာ အရွယ်မလင့်ချင်တာကိုး။ ငါ့သမီးလေးကတော့ သမီးငယ်ပါသေးတယ်။ သမီး ပညာသင်ပါရစေလို့ ပြောပါသေးတယ်။ ငါဆန္ဒစောလို့ ဖြစ်ရတာ။ ငါ့ဆန္ဒစောလို့ ဖြစ်ရတာ"

သူ့စကား နားထောင်ရင်း ဒီလိုအဖြစ်တွေ လောကမှာများစွာရှိသည်ဟု သိရသည်။

BURMESE CLASSIC

စင်စစ် ဤသည်မှာ မဆန်းချေ။ လောကတွင် လူချင်းတူသော်လည်း အသက်ရှုပုံချင်း ကွဲပြားသည်။

ထို့ကြောင့် အခြေအနေ တစ်ခုနှင့်တစ်ခု တုပလို့မရချေ။ မြန်မာစကားတစ်ခု ရှိပေသည်၊ ဖားတု ခရုပွက် အိုင်ပျက်"ဟုဖြစ်သည်။ ဘုရင့်သမီးတော်ကို တုပပြီး (၁၆)နှစ်အရွယ် ငယ်ကာလမှာ ကာမစည်းစိမ်ခံယူချင်လျှင် ကိုယ်က သာမန်သာဖြစ်သဖြင့် အချိန်ပင်တန်သော်လည်း ဟန်ကျလိမ့်မည် မဟုတ်ချေ။

## လင်မယူခင် ဒါတွေသင်

"မိန်းကလေးအများစုဟာ လင်ယူခြင်းကိစ္စကို လွယ်လွယ်ထင်ကြတယ်။ ဒါဟာ ကြီးမားတဲ့ အမှားတစ်ခုပဲ။ တကယ်တော့ လင်ယူခြင်းကိစ္စဆိုတာ မိန်းမသားတစ်ဦးအတွက် မဟာဗေဒမှုဒ္ဒရာကြီးကို ကူးဖြတ်ရတာနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားက အိမ်ထောင်မှု ပုဂ္ဂလိက သုတေသနပညာရှင် တစ်ဦး၏ ဆန်းစစ်ချက်ဖြစ်၏။

မှန်တော့ မှန်ပေသည်။ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး လက်ထပ်ပြီး အတူနေခြင်းဖြင့် သာယာသော အိမ်ထောင်ရေး ဖြစ်မလာနိုင်ချေ။

ရှေ့ရေးက ရှိသေးသည်။ သည်မှာ ဆန့်ကျင်ဘက်လူသား နှစ်ယောက် လေ့ငယ်တစ်စင်းနှင့် ပင်လယ်ဖြတ်ခြင်းမည်သည်။

အထူးသဖြင့် အဓိကကျသည်မှာ မိန်းကလေးများ။ မိန်းကလေးတစ်ဦးသည် အိမ်ထောင်ရှင်ဖြစ်ပြီဆိုလျှင် ...

၁။ အိမ်ထောင်ထိန်းသိမ်းမှုပညာ ဗဟုသုတ သင်ကြားရသည်။

BURMESE CLASSIC

၂။ ဆင်ခြင်စဉ်းစားမှုဉာဏ် ရင့်သန်အောင် ကြိုးစားရမည်ဟု ဖြစ်သည်။

စင်စစ် မိန်းကလေးများအား ဒုက္ခပေးနေသည်ဟု အတုမြင် အတတ်သင်ခြင်းဖြစ်သည်။ မိန်းကလေးများက ပညာသင်ကြားချိန်ဖြစ်လျက် ပညာသင်ကြားနေလျက်က ခင်မင်သူက ယောကျ်ားယူလျှင် အားကျသည်။ ဘေးတီးကောင်းလျှင် ပွဲပြားပင်လို ယိမ်းနွဲ့ချင်သည်။ ဤသည်မှာ အမှားပင်။

အမှန်တော့ ပညာသင်ချိန်မှာ ပညာသင်ရမည်။ ဉစ္စာရှာချိန်မှာလည်း ဉစ္စာကိုသာ ကြိုးစားရှာရမည်။

(၁၆)နှစ်ဆိုသည့် အရွယ်က အသိဉာဏ်ဖွံ့ဖြိုးသော၊ ပွင့်လန်းသောအရွယ် ဖြစ်တာမို့ အချိန်ကောင်းဟု ဆိုရမည်။

သို့သော် ဤအချိန်မှာ လင်စည်းစိမ် ခံစားချင်လျှင် "အချစ်" နှင့်ပတ်သက်၍ မိမိအတွက် အခိုက်အတန့် ခဏတာမျှ စည်းစိမ် ခံစားရမည်ဖြစ်သော်လည်း ရေရှည်တွင်မူ ရင်လေးစရာဖြစ်၏။ ခရီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်တွင် အခက်အခဲများ ချို့ယွင်းချက်များ ကြုံတွေ့ရပြီး ပျော်ရွှင်သာယာရေး နှောင့်နှေးရမည်ဖြစ်သည်။

ထို့ကြောင့် အိမ်ထောင်သာယာရေး၊ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ အချစ်စည်းစိမ် ခံစားနိုင်ရေးအတွက် အိမ်ထောင်ရေးပညာကို နားလည်အောင် ကြိုးစားရမည်။ ဆည်းပူး လေ့လာရမည်။

မိန်းမတို့ တတ်အပ်သည့်ပညာက အိမ်ထောင်သာယာရေးပညာဆိုလည်း မမှား။ ယင်းသမို့ မိန်းမဆန်သောမိန်းမ ဖြစ်ရန်လည်း အထူးလိုအပ်သည်။

BURMESE CLASSIC

မည်သို့ဆိုစေ အနှစ်ချုပ်လိုက်တော့ "အစကောင်းမှအနှောင်းသေချာ" ဆိုသော စကားနယ်ပင်။ အိမ်ထောင်ရေးဆိုသည်မှာ မငှဲ့မသွေ ကြုံရမည့်အရေး ဖြစ်သည်မို့ အိမ်ထောင်ရေးပညာကို ဆည်းပူးရပေမည်။

လင်သားယူချင်ပြီး အိမ်ထောင်ရေးလုပ်ငန်းကို ဖြောင့်ဖြောင့်တန်းတန်း မလုပ်တတ်လျှင် အဘယ်မှာ နေရာကျမည်နည်း။ အဘယ်မှာလျှင် သာယာမည်နည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဣတ္ထိယအဘိဓာန်

## (၈)

BURMESE CLASSIC

### (၁)

မိုးက ဖြုန်းကနဲ ရွာချလိုက်သည်။ မဆင်ဘဲ ရွာလိုက်သည့် မိုးကြောင့် အတော်ကလေးကို ကိုးလိုးကန့်လန့် ဖြစ်သွားသည်။ ဒီကနေ့မှ ထီးကမပါ။

ထီးယူသွားဖို့ပြောသည့် ဇနီးမျက်နှာကို ပြေးမြင်သည်။ စိုးရိမ်တတ်သည့်ဇနီး။ "ထီးမယူရင်လည်း မိုးရွာထဲ ပေပြီးမသွားနဲ့ဦးနော်" ဟု မှာကြားသံကို ကြားယောင်သည်။

နီးရာဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။

"ဩော် ... လက်ဖက်ရည်ဆိုင်"

ဆိုင်ထဲမှ လက်ဖက်ရည်ကြိုက်သူနှင့် မိုးခိုလက်ဖက်ရည်သောက်သူ ရောပြွမ်းနေ၏။ စားပွဲတော်တော်များများမှာ လူအပြည့်။ အသံတွေ ညံနေသည်။

နေရာလွတ်ကိုရှာစဉ် "ဆရာမြတ်"ဟု ခေါ်သံကြားသည်။ ကျွန်တော်ကြည့်လိုက်တော့ တစ်စုံတစ်ယောက်ကို တွေ့ရသည်။ အသိတစ်ဦးပဲ။ ဥပဒေဝန်ထမ်းတစ်ဦး ဖြစ်သည်။ သူ့နာမည်က ဦးစောဖေ။

သူ့ဆီကို လျှောက်သွားပြီ ...

"ဩော် ... ကိုဖေပါလား၊ ဘယ်လဲ"

"တရားရုံးချုပ်ဘက် သွားမလို့လေ၊ ဆိုင် ... ကျွန်တော်လည်း ဆရာမြတ်ကို တွေ့ချင်နေတာ"

သူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းရှိလား"

"အပျိုမ ဆောင်းပါးကိစ္စ မေးမလို့ပါ"

"ဩော် ... ကိုဖေလည်း ဒီဆောင်းပါး ဖတ်လား"

"ဖတ်တယ်လေ၊ မိန်းမကြိုက်တော့ ကျုပ်လည်း ကြိုက်ရတာပေါ့"

ထိုင်လိုက်သည်။ စီးကရက်တစ်လိပ် မီးညှိရင်း ...

"ဘာမေးမလို့လဲ"

"ခု ဆရာမြတ်တို့က ထိမ်းမြားမင်္ဂလာပိုင်းကို ရေးနေပြီနော်။ ဆရာ အိမ်ထောင်ဖက် ရွေးချယ်မှုအပိုင်း ရေးပြတာကိုတော့ အရမ်းကိုကြိုက်တယ်"

"တချို့ကတော့ ဘာညာဝေဖန်ကြတယ်ဗျာ။ တချို့ပါ"

"ဒီလူတွေက အမြင်ကျဉ်းမြောင်းသူတွေပဲ ဖြစ်မယ်ဗျာ၊ အမြင်ကျယ်ရင် မဝေဖန်ဘူးလေ။ ဒါက မိန်းမတစ်ယောက် စောင့်စည်းရမယ့်ကိစ္စဗျာ။ ဖောက်ပြားရင် မိန်းမအပြစ်ပဲ။ ဒါကို နိုင်ငံကြီးသား အမျိုးသမီးတော်တော်များများ နားလည်နေပါပြီ"

"ဒါထက် ... ကိုဖေ မေးမယ်ဆိုတာ ဘာလဲ"

ကျွန်တော်က ထပ်မေးလိုက်သည်။ သူက ...

"ကျွန်တော် မေးချင်တာက အိမ်ထောင်ရက်သားကျခြင်းဆိုတဲ့ ကိစ္စကို သိချင်တာပဲ"

"သဘောက အိမ်ထောင်ကျခြင်းဆိုတာ ဘာလဲဆိုတဲ့သဘောကို သိချင်တာ မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

ကျွန်တော် ပြုံး၍ ...

"ဒါက အရှင်းကြီးပါ ကိုဖေရယ်။ တကယ်တော့ 'အိမ်ထောင်ကျခြင်း' ဆိုတာ ကမ္ဘာသစ်တစ်ခုကို ပြုစုပျိုးထောင်ခြင်းနဲ့ အတူတူပဲလို့ ဆိုရမယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကမ္ဘာသစ်တစ်ခုကို ပြုစုပျိုးထောင်ခြင်းဖြစ်လို့ ကမ္ဘာနဲ့ကြီးကျယ်မှု ကန္တာရခရီးမှာ ကိုယ်တို့ဦးစီးဦးဆောင်သူအဖြစ်နဲ့သွားရမှာဖြစ်လို့ လူမှုရေးများစွာကို တတ်သိလိမ္မာဖို့ လိုတယ်လို့ပြောရမယ်ထင်ရဲ့"

"သိပ်မှန်တာပေါ့ဗျာ၊ ကျွန်တော်က ဒီအကြောင်းရေးမှာပါ၊ ကိုဖေတို့ဇနီးမောင်နှံ ကျေနပ်မှာပါ"

"ကျေးဇူးပဲဗျာ။ ဇနီးကို နိဒါန်းပျိုးလိုက်ပါ့မယ်"

သူနဲ့ ကျွန်တော် ပြုံးကြည့်မိသည်။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အငြိုးတကြီး ရွာချသောမိုးက ယခုတော့ သူနှင့်မဆိုင်သလိုပဲ။ တိတ်သွားရုံမက နေရောင်ခြည်ပါ ဝင်းလဲ့လာပြီ။

ကျွန်တော်တို့နှစ်ယောက် ကဖီဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

❐

(၂)

**စုလျားရစ်ပတ် လက်ထပ်ဖို့ချိန်ခါ**

ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်၊ အနုမြူခေတ်ကာလ သမယမှာ ခုမြင်၊ ခုကြိုက်၊ ခုလိုက်၊ ခုပြေးနှင့် အမြန်ခေတ်ကြီးတွင် အိမ်ထောင်မင်္ဂလာပြုရသည့်အချိန်ကို သတိမထားကြသော်လည်း စနစ်ကျသောမိဘများ၊ အိမ်ထောင်ရေး ထာဝရခရီးရှည်ကြီးမှာ ခိုင်ကျည်တိကျဖို့ လိုသည်ဟု နားလည်ထားကြသည်။

မိန်းမများကမူ စုလျားရစ်ပတ် လက်ထပ်၍ အချိန်အခါကို သတ်မှတ်နားလည်ထားကြသည်။

အိမ်ထောင်ရေးသဘာဝ အိမ်ထောင်ရေးကိစ္စသည် အဆိုးအကောင်း၊ အကျိုးအကြောင်းနှင့် လူမှုရေးအဖြာဖြာကို တတ်သိနားလည် ထိန်းသိမ်းနိုင်လေမှ ကောင်းသည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လျှင်ကား ရေစိမ့်နေသည့် လှေကလေးနှင့် ပင်လယ်ခရီး သွားရသည်နှင့် တူချိမ့်မည်။

ထို့ကြောင့် အသိမကြွယ်သေးသည့် (၁၆)နှစ်အရွယ် မိန်းကလေးများသည် သွေးသားသဘောဆန္ဒအရ အိမ်ထောင်သားမွေး ပြုနိုင်သော်လည်း အိမ်ထောင်ပြုလို့တော့ မကောင်းသေးဟု ဆိုရမည်။

ယင်းသမို့ တချို့မိန်းကလေးတို့က "ပုစွန်ဆိတ်ကလေး ငယ်ပေမယ့် ပင်လယ်ကူးနိုင်ပါတယ်"လို့ ဆိုလေမည်လားမသိ။ ဒါတော့ ဟုတ်ချင်ဟုတ်မည်။

သို့သော် အိမ်ထောင်ရှင်မကြီးတော့ မဖြစ်နိုင်သေးဟု ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ရေးကိစ္စသည် "သွေးသားကိစ္စ"တစ်ခုတည်းနှင့် တည်ဆောက်ထားသည် မဟုတ်သောကြောင့်တည်း။

စင်စစ်မူ မိန်းကလေးများသည် မိမိကိုယ်မိမိ "အိမ်ထောင်ရှင်မ"အဖြစ်သာ (၁၈)နှစ်မှာမှ ခံယူသင့်သည်။

ထိုအချိန်သည် ဖူးစာဖက်နှင့် ကံနှစ်ဆူဖက်စပ် လက်ထပ်ရန် အလွန်တရာကောင်းသော အချိန်ပင်တည်း။

ကျွန်တော် မှတ်မိနေသေးသည်။ တစ်ခါက ကျွန်တော့်မိတ်ဆွေ အမျိုးသမီးတစ်ဦးအား "နင် လက်ထပ်သင့်ပြီနော်"ဟု ထိုစဉ်က သူက ခေါင်းခါပြီး ...

"ငါကတော့ အသက်(၂၀)လော်က်မှ အိမ်ထောင်ပြုချင်တယ်စိတ်ကူးတယ်။ မိန်းမတို့အတွက် အိမ်ထောင်ပြုဖို့ မနှောင်းတဲ့အရွယ်နဲ့ပတ်သက်လို့ အသက်(၃၀)အတွင်းလို့ ဆိုထားတယ် ဟုတ်လား"

ဟု ပြောသည်။ သူပြောသည်မှာ မှန်သည်။ အသက်(၃၀)ကျော်လျှင် ဟိုင်းသွားပြီ။ နောက်ကျသွားပြီ ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်တော် တစ်ဆိတ်ဟိုင်းသွားပြီ ဖြစ်သလို ဆေးပညာသဘောအရလည်း အရိုးအချဉ် ရင့်သွားသဖြင့် အိမ်ထောင်ရေးနှင့် ဆက်နွယ်နေသော သားမွေးကိစ္စတွင် အခက်အခဲ ကြုံတတ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် အိမ်ထောင်ရေးကျမ်းများတွင် အိမ်ထောင်ပြုသည့်အရွယ်နှင့် ပတ်သက်၍ သုံးပိုင်း ပိုင်းခြားထားသည်ကို တွေ့ရသည်။

ယင်းတို့က ...

၁။ ၁၆ နှစ်အရွယ်။

၂။ ၁၈ နှစ်အရွယ်။

၃။ ၃၀ အတွင်း စသည်တို့ ဖြစ်သည်။

ဤသို့ ပိုင်းခြားထားသည်မှာလည်း အကြောင်းမဲ့မဟုတ်ချေ။ အသေအချာ လေ့လာလျှင် သဘာဝတရားနှင့် ယှဉ်တွဲပြထားသည်ကို တွေ့ရသည်။

မိန်းမတို့သဘာဝမှာ "အရွယ်ရှိခိုက်တွင် အဖိုးထိုက်"လှသော်လည်း အရွယ်တော်တစ်ဆိတ်ဟိုင်းပြီ ဆိုမှဖြင့် "အပယ်ခံအပိုင်း"သို့ ရောက်သွားတတ်သောကြောင့်တည်း။

❒

သည်နေရာတွင် မိန်းမတို့သည် ပုရိသယောက်ျားတိုင်း၏ သဘာဝကိုလည်း နားလည်ထားသင့်သည်။

ပြောရလျှင် "ပုမ္ဘာဝ"ဆိုတဲ့ အဖိုများသည် အပျိုရည်နှနှ ထွတ်ကလေးကိုမှ မလွတ်တမ်း သဘောမှတ်ပြီး မနောဓာတ် ပြစ်မှ ဖိတ်စဉ်တတ်သည်။ အရွယ်ဟိုင်းစပြုပြီဆိုလျှင်ကား အလုံးစုံ စိုက်ချင်သည် မဟုတ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



အသက်(၂၀)စွန်းလျှင်ပင် ရွံ့ချင်ကြသကိုး။ ခေတ်အလိုက် ကြည့်လျှင် အလှအပဖြည့်ဖြိုး၊ ကျက်သရေတိုးသည့် အစွယ်သည်သာ အကောင်းဆုံးဖြစ်ပြီး အစွယ်လွန်လျှင် တဏှာကျွန်တွေဝိပီ မြတ်နိုးသူ ရှားသည်မှာ မဆန်းချေ။

❒

(၃)

**မိန်းမဘာဝ ပန်းအလှသဖွယ်**

မိန်းမများအား နိတိကျောင်းများက ပန်းနှင့်ပမာပြုထားသည်ကို မှတ်ထားရသည်။

မှန်တော့ မှန်သည်။

ပန်းဆိုသည်က ပွင့်ကာစတွင် အသွေးအရောင် လတ်ဆတ်ပြီး ရနံ့ဓာတ်ကလည်း တကြိုင်ကြိုင် တသင်းသင်းနှင့်မို့ လူတင်းချူချင်ကြပါသည်။

ပန်းဆိုသည်မှာ မကြာခင် ညှိုးခြောက်ရသလို ကြိုင်သင်းရနံ့လည်း ပျောက်ရစမြဲပင်။

မွှေးမိုန်ညှိုးငယ် ရနံ့မပြယ်အောင်လည်း ပန်းကို မည်သူမှ မနှစ်သက်သလို အမှိုက်သရိုက်အဖြစ် စွန့်ပစ်တတ်သည်မှာ ဓမ္မတာဖြစ်လေသည်။

ထို့ကြောင့် မိန်းမတို့သည် မိမိဘဝကို ပန်းပမာလို သဘောထားပြီး နားလည်သင့်သည်။

စုဖြိုးလှပ ဝင်းပနေချိန်မှာ လိုချင်သူတွေ ဝိုင်းလည်ခနေမည်မှာ ကိုယ့်အလို ကိုယ့်အကြိုက်၊ ကိုယ်နှင့်လိုက်ဖက်သူကို ရွေးချယ်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်တော် တစ်ဆိတ်ဟိုင်းပြီ ဆိုရင်ဖြင့် စိတ်တိုင်းကျ ရွေးစရာလမ်း မရှိတော့။

❒

"မိန်းကလေးဆိုတာ အခြေအနေနဲ့ အချိန်အခါကို နားလည် တတ်မှ ဘဝသာယာမှု ရနိုင်မှာ။ ရာသီမသိ၊ ပန်းနဲ့ညှိဆိုသလိုပေါ့။ နို့မဟုတ်ရင် မကျေနပ်မှုတွေနဲ့ အထီးကျန်ဘဝကို ပိုင်ဆိုင်ရမှာ မလွဲဘူး"

သည်စကားက အပျိုကြီးမမတစ်ဦး စကားပင်၊ အလှသွေး ကြွယ်စဉ်က တဒင်္ဂကို အစဉ်ထာဝရ ထင်ခဲ့သည်။

မိန်းမလှဘဝမှ အရွယ်တော် တစ်ဆိတ်ဟိုင်းကြီး စိတ်တိုင်း မကျ ဖြစ်ခဲ့သူ။

ခုတော့ "ရတာမလို၊ လိုတာမရ" ဆိုသည့် စကားနှယ် "ဘောင်လည်းမတင် ရေလည်းမကျနှင့်"အပျိုဟိုင်းကြီးဘဝနှင့် တစ် သက်လုံး ကိစ္စတုံးသွားလျှင်ကာ မကောင်းဟု ဆိုရမည်။

သူက ပြောသေး၏။

"လသာခိုက် ဗိုင်းငင်"ဆိုတဲ့ စကားလိုပေါ့။ အရွယ်တော် နုသစ်စဉ်မှာ အချစ်ဆုံး အလိုက်ဖက်ဆုံးကိုရွေးပြီး "ဒွေးဧက ဒွေး လိုက်တာဟာ မိန်းမတို့ဘဝအတွက် စိတ်အအေးမြဆုံးပါပဲ"

စင်စစ် သူ့စကားက သတိထား မှတ်သားသင့်သည်ဟု ဆိုလျှင် မမှားပေ။

❒

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထိယအဘိဓာန်

(၉)

(၁)

ကျွန်တော် မြို့ထဲမှ ပြန်ရောက်လျှင် ဇနီးက ဖိတ်စာတစ်စောင်ကိုပေးသည်။ ဖိတ်စာကို ကြည့်လိုက်ရုံနှင့် မင်္ဂလာဆောင်ဖိတ်စာမှန်းသိသည်။

ဘယ်သူ့မင်္ဂလာဆောင်လဲ မသိ။ ဝါမဝင်ခင် အမိအရမင်္ဂလာဆောင်ကြသဖြင့် ယခုတလော မင်္ဂလာဆောင်ဖိတ်စာတွေက ဝင်လာမစဲ တသဲသဲ။

လူမှုရေးမို့ ဥပေက္ခာ မပြုစကောင်းသော်လည်း ဖတ်ချင်စိတ် မရှိတော့။

"ဘယ်သူ့မင်္ဂလာဆောင်လဲ"

"အပျိုကြီးတင့်တင့် မင်္ဂလာဆောင်လေ"

ကျွန်တော် ပြုံးလိုက်မိ၏။ ကျွန်တော်တို့နှင့် တင့်တင့်က ရင်းနှီးသည်။ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း အတူနေခဲ့သည်။ တင့်တင့်ကို ကျွန်တော်တို့က အပျိုကြီးလို့ခေါ်သည်။ သူမက မကြိုက်ချင်။ နှုတ်ခမ်းစူတတ်သည်။

"တင့်တင့်က အခုမှ သုံးဆယ်ထဲ ရောက်ရုံပဲ ရှိသေးတာ၊ အပျိုကြီးဖြစ်နေပြီလား"

သူက မေးတတ်သည်။

ကျွန်တော်က ...

"အမယ် ... ဒါတောင် ငါက အားနာလို့ အပျိုကြီးခေါ်တာ။ တကယ်ဆို အပျိုသိုးကြီးလို့ ခေါ်ရမယ်။ တစ်ခုရှိတာက

www.burmeseclassic.com



ဟိုင်းတော့ မဟိုင်းသေးပါဘူး”ဟု ပြောလျှင် “ဦးမြင့်နောင်ကတော့ လုပ်ပြီ”ဟု တင့်တင့်က ပြောတတ်သည်။

ထို့အတူ ...

“တော်ပြီ ... တော်ပြီ၊ ဒီတစ်ခုတော့ ရွေးချယ်ရေးစနစ် သိပ်ကျင့်သုံးလို့ မဖြစ်တော့ဘူး။ တော်ကြာနေ အပျိုဟိုင်းကြီး အခေါ်ခံရနေရဦးမယ်”

“ကောင်းပါတယ်၊ မြန်မြန်ယူစမ်းပါ။ တို့လည်း လက်ဖွဲ့ချင်ပြီ။ ပြီးတော့ ငှက်ပျောတုံးကြီး စတိထည့်ပေးရရင် မကောင်းဘူးလေ”

“ကြည့်ဦး ... ဦးမြင့်နောင်ကတော့ လုပ်ပြီ”

သို့သော် တင့်တင့်မျက်နှာ ညိုသွားသည်ကို တွေ့ရသည်။

သူက သည်လိုပြောသည်ကို မကြိုက်။ အပျိုကြီးလို့ခေါ်သည်ကိုပင် မကြိုက်။ စင်စစ်မူ သူကိုယ်တိုင်လည်း အပျိုကြီးဘဝနှင့်နေချင်သူ မဟုတ်။

သူက တကယ်လည်း ပြုပြုပြင်ပြင်ရှိသည်။ အလှအပရှုသည်းကြိုက်သည်။ ခက်သည်က အရွယ်ကို လိမ်လို့မရ။ ရင့်လာသည်။

နည်းနည်းရင့်လာသလို အခြေအနေလည်း ပြောင်းလာသည်။ အရင်ကတော့ သူ့ကိုချစ်သူ ပေါသည်။

လက်ထပ်ဖို့ ခွင့်တောင်းသူတွေ ရှိခဲ့သည်။ သူက ဇီဇာကြောင်၏။ ရွေးချယ်သည်။ ဤသို့ဖြင့် အချိန်တို့ လင့်လာသည်။ အရွယ်တို့ ရင့်လာသည်။

ထို့ကြောင့် စိတ်ဝင်စားသူ လျော့လာသည်။ သည်တော့ သူ ပိုပြင်ဆင်သည်။

ခုတော့ ပြင်ဆင်ရကျိုး နပ်ပြီထင့်။ သူစွံသွားပြီ။

“သူ ဘယ်သူနဲ့ ယူမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဇနီးက ပြောပြသည်။ ကျွန်တော် ပြုံးမိသည်။ မကြာမီက ပြောင်းလာသည့် သူငယ်။ အသားမည်းမည်း ပိန်ပိန်။

"ဒါဆို အသက်ကွာမှာပေါ့"

"ဆယ်နှစ်တည်းပါ"

"မမထားနဲ့ အပါပေါ့"

ဇနီးက ပြုံးသည်။ ပြုံးရင်း ...

"သူလည်း အပျိုကြီးဝင် ကျတ်သွားတာပေါ့။ မောင်လည်း နောက်စရာ လူတစ်ယောက် လျော့သွားတာပေါ့"ဟု ပြောသည်။

"ရွှေပြည်နန်းသနပ်ခါးနဲ့ မိတ်ကပ်တွေ အရောင်းကျသွားမှာပဲ"

ဇနီးက ခိုးခိုးခစ်ခစ် ရယ်သည်။

❒

(၂)

မြန်မာစကားတွင် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဟု ရှိသည်၊

ရက္ခဗေဒသဘောအရ သီးချိန်တန်မသီးလျှင် ပွင့်ချိန်တန် မပွင့်လျှင် "အမြုပင်"ဟု သမုတ်လိုက်လျှင် ပြီးသော်လည်း လူသားတွေအနေနှင့်မူ သီးချိန်မသီး၊ ပွင့်ချိန်တန် မပွင့်လျှင်မကောင်း၊ ယောကျ်ားလည်း မကောင်း။ မိန်းမလည်း မကောင်း။

အထူးသဖြင့် မိန်းကလေးများဆို ပိုမကောင်းဟု ဆိုရမည်၊

ထို့ကြောင့် ပညာရည်ပြည့်ဝသော လူကြီးသူမများက "သမီးကညာ ချိန်ကာရွယ်သင့် ပန်းနှယ်ပွင့်စေ"ဟု ဆိုမိန့်လမ်းညွှန်ခဲ့သည်များ ရှိခဲ့ခြင်းဖြစ်သည်။

ဤသို့ လမ်းညွှန်ခြင်းလည်း အကြောင်းမဲ့မဟုတ်။ မဖြစ်သင့်တာ မဖြစ်ရန်နှင့် အဆိုးဘက်သို့ မျက်နှာမမူမသွားရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**သိထားစေရန် အချိန်တန်**

အပျိုမလေးတစ်ဦးက မေးခွန်းတစ်ခု မေးသည်။

"ထိမ်းမြားခြင်းဟာ မိဘရဲ့တာဝန်လို့ဆိုတယ်။ သမီးကညာ ချိန်ခါရွယ်သင့်ရင် ပန်းလိုပွင့်စေအောင် စွမ်းဆောင်ရမယ်လို့ ဆိုတယ်။ ဒါဟာ တာဝန်ပိုကြီး ဖြစ်မနေဘူးလား။ ဒီတာဝန် မထမ်းဆောင်လို့ ဘာဖြစ်မလဲ"

သူ့အမေးက သဘာဝကျသည်။

လူမှာ သဘာဝတရားအရ "အချိန်"ဟု ရှိသည်။ ပညာသင်ချိန်ရှိသလို၊ အချစ်ကို စိတ်ဝင်စားချိန်၊ အိမ်ထောင်ရေးကို စိတ်ဝင်စားချိန်ဟု ရှိသည်။

လိင်စိတ်ဆိုသည်က ထိန်းချုပ်ရခက်သော စိတ်ဖြစ်သည်။

မိဘတစ်ဦးက ပြောသည်။

"သမီးတစ်ယောက် မွေးရတာ နွားတစ်ထောင် မွေးရတာလောက် ပင်ပန်းခက်ခဲတယ်။ အမြဲတမ်း မျက်ခြည်မပြတ် ဂရုစိုက်နေရတာ၊ သူတို့ရင်ထဲမှာ လင်စိတ် သားစိတ် ရှိလာပြီဆိုတာနဲ့ သူတို့ကို သင့်တင့်တဲ့သူနဲ့ ရွေးချယ်ပြီး နေရာချပေးဖို့ စီစဉ်ရတယ်။ အချိန်လွန်သွားရင် မကောင်းဘူးလေ။ မဖြစ်သင့်တာ ဖြစ်တတ်တယ်"

ဟိုအကြောင်း၊ သည်အကြောင်း စဉ်းစားရင်း ခင်သူဇာ အကြောင်းကို သတိရသည်။ ခင်သူဇာ ရင်ဖွင့်ပြောပြသည့် စကားက အမှတ်အသားပြုစရာမို့ ပြန်ပြောပြရသည်။

"ကျွန်မတို့ မိန်းမသားတွေမှာ နှိပ်ကွပ်ရခက်တဲ့စိတ် တစ်နေ့ပူးကပ်ခံရတာ မမွှတာပဲ။ အဲဒီစိတ်က လိင်စိတ်လေ။ ဆန့်ကျင်ဘက်ဖြစ်တဲ့ ယောကျ်ားကို တပ်မက်စွဲလမ်းတဲ့စိတ်ပဲ။ အဲဒီစိတ်ဝင်ရင် နှိပ်ကွပ်လို့မလွယ်ဘူး။ ကျွန်မဘဝမှာ သာဓကရှိခဲ့တယ်လေ။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်ဖြစ်တဲ့အချိန်မှာ အမေတို့က ကျွန်မကို ကလေးလိုမြင်ကြတယ်။ ဒါကြောင့် ကျွန်မ ဆန္ဒစေ့ဆော်ရာနောက် လိုက်ခဲ့ရတယ်။ ဒီအချိန်မှာ အမှားအမှန် မဝေခွဲတတ်ဘူးလေ။ မကောင်းရင်တော့ တစ်သက်လုံး ဒုက္ခပဲ။ ကျွန်မ မျိုးဆက်သစ်မှာတော့ ကျွန်မဂရုစိုက်ရတယ်”

ထို့ကြောင့် မိဘများသည် ကိုယ့်ရဲ့သားသမီးရတနာလေး (၁၆)နှစ်မှ (၁၈)နှစ် လွန်လာပြီဆိုရင် ဂရုထားကြသည်။

အချို့က ဒါကိုမသိ။

ထို့ကြောင့် လိင်စိတ်လှုံ့ဆော်ခံရသော မိန်းကလေးများသည် စိတ်အလို လိုက်ကြသည်။ အချို့က ချုပ်တည်းရင်း အရွယ်လွန်ဝေဒနာ ခံစားရသည်။

စင်စစ်မူ သားသမီးများနှင့် ပတ်သက်၍ မိဘများသည် အရွယ်ကို သတိထားကြ၏။

ထိုကိစ္စကို ပညာရှိလူကြီးများကလည်း သတိထားကြသည်။ မိဘများ သတိရရန် လင်္ကာလေးနှင့် ညွှန်ပြထားသည်လည်းရှိသည်။

ထိုလင်္ကာကလေးက ...

၁။ စပယ်ညိုးလျှင် အမှိုက်ဖြစ်
အရွယ်သိုးလျှင် မကြိုက်ချစ်၊

၂။ ပန်းမန်ပွင့်ကောင်း၊ မလင့်ကောင်း
သမီးကညာ အခါဖင့်နှောင်း၊ မလင့်ကောင်း၊

၃။ ပန်းကောင်းပန်းမွှန်၊ အချိန်လွန်သော်
စွန့်သွန်ပန်းမှိုက်၊ မနှစ်ခြိုက်၊

၄။ သမီးကညာ၊ ရတနာမွန်
အချိန်လွန်သော်၊ မစွံလူဝယ်
လွှဲဖယ်ငြင်းလိုက် ကိုးမထိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဤအလင်္ကာကလေးကို သုံးသပ်ကြည့်လျှင် မိန်းကလေးတို့ဘဝ အမှိုက်တစ်ခုနှယ် စွန့်ပစ်မခံရလေအောင် ညွှန်ပြခြင်းဖြစ်သည်။

စင်စစ်မူ မိန်းကလေးများအတွက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းသည် မင်္ဂလာပြုရန် အချိန်ကောင်းဖြစ်သလို သီးချိန်ပွင့်ချိန်ဆိုလည်း မှန်သည်။

အပျိုကြီးတစ်ယောက်၏ စကားဌားပြောရလျှင် "အခွင့်လည်းကောင်း၊ ဈေးလည်းကောင်းတဲ့အရွယ်မှာ ကိုယ့်ကုန်ကို အစွံထုတ်ရမယ်။ နို့မဟုတ်ရင် မစွံဖြစ်ပြီး အပျိုကြီး အပိုင်းဘဝနဲ့ ကိုယ့်ကိုယ်ကိုယ် အလိမ်ကျဖြစ်ရမယ်"ဟု ဖြစ်သည်။

သို့မဟုတ်လျှင်ကား "ရတာမလို လိုတာမရ၊ ဩော် ... ဒုက္ခ"ဆိုသော ဘဝဖြစ်မည်မှာ မုချတည်း။

❐

(၃)

ဒီကနေ့ ကောင်မလေးတွေ၊ ကောင်လေးတွေ တစ်ဦးကိုတစ်ဦး အသည်းပေါက်မတတ် ချစ်လို့ပဲဖြစ်ဖြစ်၊ မိဘကပေးစားလို့ပဲဖြစ်ဖြစ် နှစ်ကိုယ်တူမျှ အတူနေကြဖို့ ရုံးတက်လက်မှတ်ထိုး၍ မင်္ဂလာဆွမ်းကျွေးသူ ရှိကြသလို၊ နာမည်ကြီးသော ယုဇနဂါးဒင်းမှာ၊ အင်းလျားလိတ်မှာ၊ နာမည်ကြီးဟိုတယ်တွေမှာ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပြုကြသော်လည်း အချို့က လူကြီးတွေပြောသည့်အတိုင်း အာဝါဟ ဝိဝါဟမင်္ဂလာလို့ ပေါင်းရုံးသိကြသည်။ "အာဝါဟ၊ ဝိဝါဟ"သည် တစ်မျိုးတည်းလား၊ နှစ်မျိုးလား ဆိုတာကိုမသိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



**သိထားသင့်သေရာမင်္ဂလာ**

"ထိမ်းမြားမင်္ဂလာ"အကြောင်းကိုပြောမည်ဆိုလျှင်"မနုသာရ ဓမ္မသတ်ကျမ်း"ကို ကိုးကားရပေမည်။

ထိုကျမ်း၏ အလိုအရ ထုတ်နုတ်ပြောရမည်ဆိုလျှင် "ထိမ်းမြားမင်္ဂလာ"သည် မင်္ဂလာ(၁၂)ခန်းတွင် တစ်ခန်းအပါအဝင်ဖြစ်၏။

ယင်းကျမ်းတွင် နှစ်မျိုးခွဲဝေ ပြထား၏။

၁။ အာဝါဟမင်္ဂလာ

၂။ ဝိဝါဟမင်္ဂလာ

**၁။ အာဝါဟမင်္ဂလာ**

မိန်းကလေးသည် ယောက်ျား၏အလိုအတိုင်း ယောက်ျားနှင့်ရာသို့ မိန်းကလေးက လိုက်ပါဆောင်နှင်းသော မင်္ဂလာကို"အာဝါဟ မင်္ဂလာ"ဟု ခေါ်သည်။ သမီးပေးမင်္ဂလာမည်၏။

**၂။ ဝိဝါဟမင်္ဂလာ**

မိန်းကလေးအလိုကျ ယောက်ျားလေးက မိန်းကလေးရှိရာသို့ လိုက်ပါပြီး ဆောင်နှင်းသော မင်္ဂလာကို ဝိဝါဟမင်္ဂလာဟုခေါ်၏။ သားပေးမင်္ဂလာမည်သည်။

ထို့ကြောင့် မဟာပညာကျော် လူငယ်များက ...

"ကျွန်တော် ကျွန်မတို့ဟာ ဘယ်သူ့အိမ်မှာမှလဲ မင်္ဂလာမဆောင်ပါဘူး။ ယုဇနဂါးဒင်းဟိုတယ်မှာ ဆောင်မယ်။ ဒါဆို ဘယ်လိုခေါ်မလဲ"

ရယ်လို့ မေးကောင်းမေးမယ်။

ဒါဆိုလည်း ရှင်းပါသည်။ ဘယ်ဟိုတယ်မှာပဲ မင်္ဂလာသွားဆောင်ဆောင် "ယောက်ျားလေးဘက်မှ အကုန်ခံ တာဝန်ယူလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဝိဝါဟမင်္ဂလာ”မည်၏။ “မိန်းကလေးဘက်မှ အကုန်ခံ တာဝန်ယူလျှင် အာဝါဟမင်္ဂလာ”သာဖြစ်သည်။

□

(၄)

တစ်နေ့သ၌ ကျွန်တော့်အား မိတ်ဆွေတစ်ဦးက ...

“ဆရာ့ကို ကျွန်တော် တစ်ခုမေးချင်တယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ဒီကနေ့မိဘတွေဟာ ကိုယ့်သားသမီး အရွယ်ရောက်ပြီဆိုတာနဲ့ သူတို့ကို တစ်အိုးတစ်အိမ် ထူထောင်ပေးဖို့စီစဉ်ကြတယ်။ ဒါဟာ ဘာကြောင့်လဲ”ဟု မေးသည်။

“ဒီလို မိဘတွေက သားသမီးတွေကို အချိန်တန် အရွယ်ရောက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အိမ်ရာထူထောင်ပေးကြတာဟာ အကြောင်းမဲ့ မဟုတ်ဘူး။ အထူးသဖြင့် သမီးမိန်းကလေးတွေကို နေရာချထားပေးရတာ အဓိပ္ပာယ်ရှိတယ်။ အကြောင်းလည်းရှိတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ မနုသာရကျမ်းမှာ ယောက်ျားပေးစားရခြင်းအကြောင်း ရှစ်ပါးပြထားတာရှိတယ်”

“ဒါကို ကျွန်တော် သိပါရစေ”

ကျွန်တော်ကပြုံးလိုက်ပြီးအောက်ပါအတိုင်းပြောပြလိုက်သည်။

**မနုသာရကျမ်းလာ**
**ယောက်ျားပေးစားရခြင်းအကြောင်းရှစ်ပါး**

၁။ အမျိုးမြတ်သူတို့အား ပူဇော်သောအားဖြင့် သမီးပေးခြင်းအား ဗြဟ္မာခေါ်သည့် သမီးပေးခြင်း

၂။ အမှုအခင်း လုပ်ဆောင်တတ်သူအား သမီးပေးခြင်းကို “ဒဒေယျ”ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကျွဲနွားစသည်တို့အပြင် ဘဏ္ဍာတို့အား ယူမိသဖြင့် လူသိ နတ်ကြား ထိမ်းမြားပေးခြင်းကို "ကိရိယာ"ဟု ခေါ်သည်။

၄။ မကောင်းမေတ္တာ၊ ကောင်းရာသွန်သင်ပေးမယ့် သမီး ပေးခြင်းမျိုးကိုမူ "သညာ"ပေးခြင်းဟု ခေါ်သည်။

၅။ အထူးထူးဖြစ်သော အတွင်းဘဏ္ဍာတို့ကိုယူပြီး ဆွေမျိုး ကိုပင် မပန်ကြားဘဲ သမီးပေးခြင်းအား"အ-သုတ"ဟု ခေါ်၏။

၆။ အမိနှင့်အဖ တူညီသောဆန္ဒဖြင့် သဘောတူညီသော ကြောင့် သမီးအားပေးခြင်းကို "ဂန္ဓဗ္ဗာ"ဟုခေါ်၏။

၇။ အနိုင်အထက်ပြု၍ နှိပ်စက်ကာ မိမိသမီးအား ပေးစား ခြင်းကို "အဗ္ဗာဟိတ"သမီးပေးခြင်းဟု ခေါ်သည်။

၈။ သူငယ်ချင်းတို့နှင့် အတူတကွ အိပ်ရာနေခန်းတွင် အိပ် စက်နေသည်ကို တွေ့ရ၍ ပေးစားလိုက်ရခြင်းကို "သာမသဿာ"ခေါ်သည့် သမီးပေးခြင်း မည်ပေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဣတ္ထိယအဘိဓာန်

## (၁၀)

### (၁)

ဒီကနေ့ အမျိုးသမီးများ အိမ်ထောင်ရေးကိစ္စကို ပေါ့ပါးတွေးကြသည်။ ထိလျှင် ထသည်။ ရှသည်။ လျှစ်စစ်ခေတ်ကာလတွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးကြသည်။

ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ်လုပ်လျှင် ပိုပြီးနိုင်ပြီဟု ထင်သည်။ ကိုယ့်ချစ်ဖို့သာ အရေးကြီးသည်။ ကိုယ့်ကိုချစ်ဖို့သာ အရေးကြီးသည်ဟု ယူဆကြသည်။

စင်စစ်မူ အိမ်ထောင်ရေး သာယာချမ်းမြေ့ဖို့၊ နှလုံးစိတ်ဝမ်းအေးချမ်းစေဖို့အတွက် အချစ်ကိစ္စသည် မပါလျှင်မဖြစ်သော ကိစ္စဖြစ်သော်လည်း အရေးပါ အရာရောက်ဆုံးသော ကိစ္စဟု မယူဆနိုင်ချေ။

အဘယ်ကြောင့်ဆိုသော် သူချစ်ကိုယ်ချစ် နှစ်ကိုယ်ချစ်သူတွေ၊ နှစ်ဦးသဘောတူ လက်ထပ်လိုက်ပြီးမှ ကွဲကြပြဲကြသည့် ကိစ္စများ ရှိနေသောကြောင့်ပင်။

အိမ်ထောင်ရေးကိစ္စပိုင်းသည် အသည်းနှလုံးကို အဓိကထားသည့် ချစ်ခင်မှုတစ်ခုတည်းနှင့် ဆုံးဖြတ်အခြေတည်လို့မရ။

အိမ်ထောင်ရေးသည် တစ်ဘဝလုံးအတွက် အရေးကြီးလှသောကြောင့် ဦးနှောက်နှင့် စဉ်းစားဆုံးဖြတ်ဖို့ လိုအပ်သည်ဟု ဆိုရမည်။

အိမ်ထောင်ရေးပိုင်းတွင် လူငယ်တွေကိစ္စအား လူကြီးမပါဝင်ရခြင်းသည် အကြောင်းမဲ့မဟုတ်ချေ။ လူငယ်တွေ၏ တစ်ဘဝလုံးအတွက် ကြိုတင်စဉ်းစားခြင်းဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ထောင်ရေးကိစ္စအား လူငယ်များသည် မိမိကိုယ်တိုင် တစ်ဖွတ်ထိုး မစဉ်းစားဘဲ လူကြီးမိဘများနှင့် ညှိနှိုင်းသင့်သည်။ လူကြီးမိဘများ၏ အကြံဉာဏ်ကို ယူသင့်သည်။

နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုသော စကားသည် နှလုံးသွင်းရမည့်စကားဖြစ်၏။

❐

(၂)

ပြီးခဲ့သောတစ်ပတ် "ဩဂုတ်လ"က မိန်းကလေးများ အိမ်ထောင်ပြုခြင်းအပိုင်းကို အကျဉ်းချုပ် တင်ပြပြီးဖြစ်သည်။ ယင်းအိမ်ထောင်ပြုခြင်းအပိုင်းအား အပျိုမကလေးများ ကြိုတင်သိရှိနားလည်နိုင်ရန် တင်ပြရပေသည်။

ဤအကြောင်းသည် သမီးကညာများအား အိမ်ထောင်ချပေးခြင်းနှင့် ပတ်သက်၍ လူကြီးများ လက်ခံသည့်အကြောင်းများ ဖြစ်သလို အခြေအနေ၊ အချိန်အခါ၊ ဒေသအလိုက် ပြုလုပ်သည့် အလေ့အထ ထုံးစံဟုလည်း ပြော၍ရသည်။

ထိုလက်ထပ်ခြင်း အကြောင်းများကိုကြည့်၍ မည်သည့်လက်ထပ်ခြင်းက မြတ်သည်။ မည်သည့် လက်ထပ်ခြင်းမျိုး ခံယူသင့်သည်ကို စဉ်းစားဆုံးဖြတ်နိုင်သည်။

ယင်းတို့က ...

**၁။ အမျိုးမြတ်၍ ပေးစားခြင်း**

၎င်းကို "ဗြဟ္မာ"ဟုခေါ်သည်။ ရာထူးဂုဏ်သိမ် ရှိန်ရှိသူအား အကွက်ဆိုက်သည်နှင့် တစ်ပြိုင်နက် သမက်အဖြစ် အမိဖမ်းသည့်အလေ့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ကုမ္ပဏီတွေခေတ်စားချိန်တွင် ဒါရိုက်တာ၊ မန်နေဂျာ၊ ပိုင်ရှင် စသော ဂုဏ်ဒြပ်ကိုကြည့်ကာ သမီးကိုပေးခြင်းဖြစ်သည်။

သည်စကားတွင် တစ်ခုစဉ်းစားရမည်က အမျိုးမြတ်ခြင်းသည် ရာထူးဂုဏ်သိမ်နှင့် သက်ဆိုင်သလောဟူသည်ပင်ဖြစ်သည်။

## ၂။အလုပ်ကောင်း၍ ပေးစားခြင်း

၎င်းကို "ဒဒေယျ"ဟုခေါ်သည်။ စိတ်သဘောလည်း ဖြူစင်ပြီး အလုပ်ကို ဖျတ်လတ်သွက်လက် ကြိုးစားလုပ်သဖြင့် သမီးနှင့် ပေးစားခြင်းဖြစ်သည်။ ဤသို့ ရွေးချယ်သည့်စနစ်သည် တောလက်ကျေးရွာများမှာ ကျင့်သုံးသည်။ မြို့ကြီးပြကြီးများတွင် ရွေးချယ်ရခက်လှသည်။

## ၃။ လက်ဆောင်ယူ၍ ပေးစားခြင်း

၎င်းကို "ကိရိယ"ဟုခေါ်သည်။ ထိုသမီးပေးခြင်း၊ ပေးစားခြင်းကား မကောင်းသလို၊ ရှားလည်းရှားသည်။ လောလောဆယ်သမီးရှင်မိဘတွေ အခက်အခဲ ကြုံနေသဖြင့် ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ(သို့မဟုတ်) စက်ပစ္စည်းကိုယူကာ သမီးကို ပေးစားခြင်းဖြစ်သည်။

မြန်မာမိဘများ လုပ်လေ့လုပ်ထမရှိ။

အရင်က ချစ်တီးများသည် လယ်များပေးပြီး ငွေမပေးနိုင်လျှင် သမီးကို သိမ်းယူသည်မျိုးဖြစ်သည်။

## ၄။ လိမ္မာရေးခြားရှိ၍ ပေးစားခြင်း

၎င်းကို "သညာ"ဟု ခေါ်သည်။ ထိုပေးစားခြင်းက အကြွအမြင်ကြီးသည့် ပေးစားခြင်းဟု ဆိုရမည်။ မိဘကိုယ်တိုင် မလိမ္မာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို လိမ္မာအောင် ဆုံးမပဲ့ပြင်သည်။ သမီးအပေါ် သဘောထားကြီးပြီး ရာသက်ပန် ရိုးမြေကျပေါင်းမည့်သူဖြစ်သည်။ မလိမ္မာရင် သွန်သင်ပြီး ပေါင်းသင်းနိုင်ရန် လိမ္မာရိုးသားသူကို ပေးစားခြင်းဖြစ်သည်။

**၅။ မြူဆွယ်၊ ချူစားပြီးပေးစားခြင်း**

ငင်းကို "အ–သုတ"ဟုခေါ်သည်။ တချို့မိဘများသည် သမီးကိုဗန်းပြ၊ သမီးနှင့်မြူဆွယ်ပြီး ယောက်ျားကလေးများထံမှ စားသောက်ခြင်း၊ လက်ဆောင်ပစ္စည်းယူခြင်း ပြုတတ်သည်။ လက်ဆောင်ပစ္စည်းများများရသူထံ သမီးအပ်သည့် ပေးစားခြင်းဖြစ်သည်။

**၆။ နှစ်ဦးသဘောတူ ပေးစားခြင်း**

ငင်းကို "ဂန္ဓဗ္ဗာ"ဟု ခေါ်သည်။ ယောက်ျားလေးဘက်၊ မိန်းကလေးဘက်မှ တစ်ဦးကိုတစ်ဦး အသေအချာ လေ့လာစူးစမ်းပြီး နှစ်သက်သဘောကျ၊ သဘောတူပေးစားခြင်းဖြစ်သည်။ ထိုလက်ထပ်ခြင်းက မြင့်မြတ်သလို မင်္ဂလာအရှိဆုံးဟု ပြောရမည်။ ရိုးမြေကျအိမ်ထောင်ဖက် ဖြစ်စေသည်။

**၇။ မရမက အတင်းပေးစားခြင်း**

ငင်းကို "အဗ္ဗာဟိတ"ဟု ခေါ်သည်။ ငင်းလက်ထပ်ထိမ်းမြားပေးခြင်းသည် အကျည်းတန်သည့် လက်ထပ်ထိမ်းမြားခြင်းဖြစ်သည်။ အိမ်ထောင်တည်မြဲခြင်းလည်း မရှိတတ်။

အဘယ်ကြောင့်ဆိုသော် ထိုလက်ထပ်ထိမ်းမြားခြင်းမျိုးကား မိဘများ အနိုင့်အထက်ပြုလုပ်၍ လက်ထပ်ပေးခြင်းမျိုး ဖြစ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ မယူချင်မှန်းသိလျက် မိဘ၏ဩဇာအရှိန်အဝါကိုသုံးကာ အတင်းအဓမ္မ လက်ထပ်ပေးခြင်းမျိုးဖြစ်သည်။

**၈။ ချစ်ပန်းပွင့်နေစဉ် လူမိ၍ ပေးစားခြင်း**

၎င်းကို "သမဿ"ဟု ခေါ်သည်။ ၎င်းလက်ထပ်ထိမ်းမြားရခြင်းက လူငယ်များသည် ချစ်သူချင်းဆုံတွေ့စဉ် အတွေ့ဒဏ်ကို မခံစားနိုင်ဘဲ မှောက်မှားမိသည်ကို လူကြီးများသိပြီး အရှက်မကွဲစေရလေအောင် လက်ထပ်ပေးခြင်းဖြစ်သည်။

အချို့က မိဘများမသိ။

သို့သော် မဖုံးနိုင် မဖိနိုင် သန္ဓေသားရှိနေမှ လက်ထပ်ပေးစားလိုက်ရခြင်းမျိုးလည်း ဖြစ်သည်။

❒

(၃)

အထက်တွင် ဖော်ပြခဲ့သည့် ထိမ်းမြားမင်္ဂလာပြုခြင်း"ရှစ်"ရပ်နှင့် ပတ်သက်သည့် အကြောင်းများအား "မနုဿီက ဓမ္မသတ်ကျမ်း"တွင် ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။

မိမိက ဤသို့ ဖော်ပြသည့်အတွက် မိန်းကလေးတို့က "ဒီထိမ်းမြားမင်္ဂလာပြုခြင်း (၈)ရပ်နဲ့ကင်းပြီး လက်ထပ်လို့မရဘူးလား" ဟု မေးကောင်း မေးလိမ့်မည်။ မှန်ပါသည်။ လောကတွင် ထိုထိမ်းမြားမင်္ဂလာပြုခြင်းနှင့်ကင်းသော ထိမ်းမြားမင်္ဂလာကိစ္စသည် မရှိပါ။

သို့သော် မိဘများ အပျိုကလေးများကမူ ထိမ်းမြားမင်္ဂလာပြုခြင်း(၈)ရပ်အနက် ...

၁။ မိဘနှစ်ဦး သဘောတူကြည်ဖြူ၍ ပေးစားခြင်း

၂။ ဉာဏ်ပညာအမြော်အမြင်ကြီးသဖြင့် ပေးစားခြင်း

၃။ အလုပ်အကိုင်စွမ်းရည်သတ္တိရှိ၍ ပေးစားခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသည့် မင်္ဂလာသုံးဖြာသည်သာ အသင့်မြတ်ဆုံး မင်္ဂလာအရှိဆုံး မင်္ဂလာဟု သိထားရသည်။ ချီးကျူးထောမနာ ပြုရမည့် မင်္ဂလာလည်း မည်၏။

ကြွင်းကျန်ရစ်သော ထိမ်းမြားခြင်းမင်္ဂလာငါးခုကိုမူ အပြစ်အနာအဆာရှိသော ထိမ်းမြားမင်္ဂလာဖြစ်သဖြင့် ရှောင်သင့်သည်။

မသင်တော် မလျော်သော မင်္ဂလာဟု ဆိုနိုင်လျှင်လည်းမမှားပေ။

**မယူလျှင်အရှင်း ယူပါလျှင် ချစ်သူချင်းဖြစ်ပါစေ**

အိမ်ထောင်ရေးကိစ္စ ဆိုသည်မှာ အပျိုမတို့၏ဘဝ သုံးပုံနှစ်ပုံပိုင်စိုးသည့်ကိစ္စ ဖြစ်သောကြောင့် ဂရုစိုက်ရပါမည်။

လက်ထပ်ထိမ်းမြားမည့်သူအား ကိုယ့်ချစ်သူ၊ ကိုယ်ကချစ်နိုင်သူ ဖြစ်စေရပါမည်။ အကယ်၍ မိဘက သဘောတူသည်ဆိုလျှင်လည်း စဉ်းစားပါ။ လေ့လာပါ၊

အထူးသဖြင့် မိမိက ပိုင်ပိုင်မချစ်နိုင်သေးလျှင် ယူရန်မသင့်ပါ။

အဘယ်ကြောင့်ဆိုသော် လောကဓမ္မတာအရ အိုးအိမ်ထူထောင်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် အိုးအိမ်ထူထောင်ခြင်း နှစ်မျိုး ရှိသည်ကို တွေ့ရပါလိမ့်မည်။

ယင်းတို့က ...

၁။ သူချစ် ကိုယ်ချစ် နှစ်ကိုယ်ချစ်၍ ယူကြခြင်း၊

၂။ ချစ်ခင်နှစ်သက်ခြင်း မရှိသော်လည်း လူကြီးမိဘသဘောတူ၍ ယူရခြင်း။

စသည်တို့ ဖြစ်ပါသည်။

ဤနေရာတွင် မိန်းကလေးများ အထူးသတိချပ်ရမည်မှာ လူကြီးမိဘများအနေနှင့် သားသမီးများအား သူတို့မျက်စိကျသော

www.burmeseclassic.com

www.burmeseclassic.com



ဘွေ့သူနှင့် လက်ထပ်ထိမ်းမြားရန် တိုက်တွန်းပြောဆိုသည်မှာ သားသမီးများ ဆင်စီးမြင်းရံ၍ ကောင်းစားလို၍ ဖြစ်ပါသည်။

သို့သော် သားသမီးများဘက်မှ ကြည်လျှင်မှု ကိုယ့်တစ်သက်တစ်ဘဝ ထာဝရပေါင်းသင်းရမည့်သူကို ချစ်ခင်နှစ်သက်ခြင်း မရှိဘဲ အောင့်အည်းသည်းခံရမည့် အလုပ်လည်း လွယ်သည့်အလုပ်မဟုတ်ပါ။

အင်မတန် ရင်လေးဖွယ်ကောင်းသည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် မိန်းကလေးတို့ အိမ်ထောင်ရေးကိစ္စအား မိန်းကလေးတို့ဘက်မှလည်း စဉ်းစားရန်လိုသလို၊ မိဘတို့ကလည်း သားသမီးဆန္ဒကို ဥပေက္ခာမပြုမိရန် အထူးလိုအပ်ပါသည်။

ပွင့်လင်းစွာ ပြောရမည်ဆိုလျှင် သာယာငြိမ်းချမ်းသော အိမ်ထောင်ရေးဖြစ်စေရန်အတွက် မိဘလူကြီးများကလည်း သဘောတူကိုယ်ချင်းလည်း ကြည်ဖြူမည်ဆိုလျှင် အထူးပြောဖွယ်ရာ မရှိပေ။

ထို့ကြောင့် မိန်းကလေးများသည် အရွယ်တင့်ရွှန်းစဉ် ချစ်လွန်းတင်ချင်သည့်အချိန်တွင် ဘဝတစ်သက် လက်တွဲဖက်ကို စိတ်ကြိုက်ရွေးပြီး မိဘဆန္ဒယူ ကြည်ဖြူစွာ ပေါင်းဖက်၊ တစ်သက်ပန်အတွက် စဉ်းစားဆုံးဖြတ်ရန် သင့်လှပေသည်။

အဘယ်ကြောင့်ဆိုသော် ...

၁။ ထိမ်းမြားမင်္ဂလာ၊ ပြုသင့်ရာ အခါရက်ပိုင်းခြား။

၂။ စံပယ်ကောင်းလျှင် ကေသီမင်၊ ပန်းချင်သူကများ။

၃။ အရွယ်ကောင်းလျှင်၊ လူ့ရပ်ခွင်၊ ကြံချင်သူကများ။

၄။ ပန်းကောင်းပွင့်မှန်၊ အချိန်လွန်၊ စွန့်သွန်အမှိုက်ထား။

၅။ ပန်ချင်ကြချင်၊ ချိန်ပါတွင်၊ ဆောင်လျှင်သင့်တကား။

၆။ ကညာပျိုမှန်၊ အရွယ်လွန်၊ မစွံကြိုက်သူရှား။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဆယ့်ခြောက်၊ ဆယ့်ရှစ်၊ သုံးဆယ်နှစ် လင်းခေတ်သုံး မျိုးထား။

၈။ ကိုယ်ချင်းကြည်ဖြူ၊ သဘောတူယှုလေလင်ယောက်ျား။

၉။ ရာကျော်ရှည်သက်၊ ဂုဏ်ရောင်လက်၊ နတ်ဖက်လင် မယား။

၁၀။ ကာမဘောဂီ၊ ဝ,ပြေဒအီ၊ မမီနတ်သိကြား။

ဤသို့ ဤနှယ် ရှေးသူကောင်းများက ဆိုမိန့်ထားကြသော ကြောင့် ဖြစ်သတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com



# ဣတ္ထိယအဘိဓာန်
## (၁၁)

### (၁)

အပျိုမ မဂ္ဂဇင်းတွင် မိုဝမ်း၊ ကိုမြင့်စေ(လက္ခဏာ)တို့နှင့် ကျွန်တော့်ကြား ကြီးမားသည့် သံယောဇဉ်ကြောင့် "ဣတ္ထိယအဘိဓာန်"ကို စဉ်ဆက်မပြတ် ရေးသားခဲ့ရာ ယခုဆိုလျှင် အမှတ်(၂၀) တိုင်ပြီဖြစ်၏။

ဣတ္ထိယအဘိဓာန် အားလုံး ချရေးနေသည့်ကြာမှ ရေးရသည့်အတွက် တစ်ခါတစ်ရံ ကျွန်တော် စာမူပေး နောက်ကျတတ်သည်။ ထိုအခါများတွင်လည်း စောင့်ဆိုင်းနောက်ကျခံပေးသဖြင့် သူတို့အား ကျေးဇူးတင်လို့ မဆုံးနိုင်။

ကျွန်တော်သည် "ဣတ္ထိယအဘိဓာန်"အား အချိန်ကာလ၊ အရွယ်အပိုင်းအခြားအလိုက် ခွဲခြားရေးခဲ့သလို ချစ်သူပိုင်း၊ ဘဝထူထောင်ရေးအပိုင်း စသည်ဖြင့် ခွဲခြားရေးခဲ့ရာ၊ ဘဝထူထောင်ရေး အပိုင်းအထိ ရေးပြီးခဲ့ပြီဖြစ်သည်။

ယခု ကျွန်တော်ရေးရန် စီစဉ်ထားသည်က မိန်းကလေးတစ်ဦး အိမ်ထောင်ပြုလိုက်လျှင် ဇနီးမယားဘဝသို့ ရောက်ခဲ့သလို၊ သိသင့်သော မယားအပိုင်း၊ မိန်းကလေးများ ဇနီးမယား ဖြစ်လာလျှင် ဘယ်လိုဇနီးမယားမျိုး ဖြစ်သင့်သည်နှင့် ဆောင်ရန် ရှောင်ရန်များကို ရေးရမည်ဖြစ်သည်။

ရေးသားရန်လည်း ရှာဖွေသုတေသနပြုပြီးဖြစ်သည်။ ရေးသားရန်လည်း အဆင်သင့် ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျွန်တော့်ထံသို့ မမျှော်လင့်သောသူတစ်ဦး ရောက်ရှိလာခဲ့သည်။ သူက တခြားမဟုတ်။ တစ်ချိန်က ကျွန်တော်နှင့် ကျွမ်းဝင်ရင်းနှီးခဲ့သည့် တရားရေးဝန်ထမ်းတစ်ဦး၏ ဇနီးဖြစ်သည်။ သူ့နာမည်က "ဒေါ်ခင်ခင်ဝေ"ဖြစ်သည်။

သူက သမီးတို့အမေဖြစ်၏။ ကျွန်တော်က ဖော်ရွေပျူငှာစွာ နှုတ်ဆက်တော့ သူကပြုံးပြီး "ကျွန်မ ဆရာ့ဆီလာတာ ဂုဏ္ဍသိုယ အဘိဓာန်နဲ့ ပတ်သက်လို့ အကြံပေးချင်လို့ လာတာပါ"ဟုပြောသည်။

"ဆရာမက ဂုဏ္ဍသိုယအဘိဓာန် ဖတ်လား"

"ဖတ်တာပေါ့၊ အစကနေပြီး နောက်ဆုံးလထိ စောင့်ပြီး ဖတ်တာ၊ စာအုပ်ထုတ်မှာလား"

"စီစဉ်နေပါပြီ၊ ဒါထက် ဆရာမ အကြံပေးချင်တာက ..."

"ဩော် ... စာရေးဆရာက ဒီအခန်းဆက်ဆောင်းပါးမှာ မိန်းကလေးတွေ ထိန်းသိမ်းလိုက်နာဖို့နဲ့ အပျိုမကနေ မိခင်တို့ဘဝ ရောက်တဲ့အထိ ဆောင်ရန်ရှောင်ရန်တွေ ရေးထားတာ တွေ့ရတယ်။ အပိုအလိုမရှိ ပြည့်စုံတယ်လို့လည်း ဆိုနိုင်ပါတယ်"

"ဒါဆို ဆရာမက အကြံပြုချင်တာက ..."

"ကျွန်မ အကြံပြုချင်တာက အတော်ပြည့်စုံတယ် ဆိုပေမယ့် အပျိုမလေးတွေ အတွေးမှား မတွေးမိအောင်၊ မိဘတွေ စောင့်ထိန်းဖို့အပိုင်းနဲ့၊ မတော်တဆ အပျိုမလေးတွေ အတွေးချော်သွားရင် အနိမ့်ဆုံးဘဝကို မရောက်ရအောင် မိဘတို့ရဲ့ပြုမူသင့်တဲ့ အပြုအမူ ဆက်ဆံရေးအကြောင်းကို ကဏ္ဍတစ်ခုအနေနဲ့ ရေးစေချင်တာပါ"

ဒေါ်ခင်ခင်ဝေ၏ အကြံပြုချက်စကား ဆုံးသည်နှင့် ဒေါ်ခင်ခင်ဝေ၏ အကြံပြုချက်စကားသည် အင်မတန်မှ ဖြည့်စွက်သင့်သော အကြောင်းဟု နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရလျှင် ကျွန်တော် ကိုယ်တိုင်လည်း ဤအကြောင်းကို စဉ်းစားမိသည်။ ခံစားချက်ရှိသည်။ ကျွန်တော်ကိုယ်တိုင် သမီးတို့အဖေပဲ။

ထို့ကြောင့် အပျိုဖြစ်လာသည့် သမီးကလေး အတွေးမိုက်၊ အတွေးမှားများ မဖြစ်အောင် ကြိုတင်ကာကွယ်မှုများ ပြုထားခဲ့သည်။

ကျွန်တော် သိထားသော နည်းစနစ်များအပြင် ဒေါ်ခင်ခင်ဝေ သိထား နည်းစနစ်များကို စုစည်းရမည်။ ဒေါ်ခင်ခင်ဝေကို ပြောပြသောအခါ သူကလည်း ရှာဖွေထားသည့် ထိန်းသိမ်းနည်းများကို ပြောပြရင်း အဖြစ်နှင့်အတူ ပျက်တတ်သောအချက်များကိုလည်း ပြောပြသည်။ ကျွန်တော် ဂရုတစိုက် မှတ်သားသည်။

ဤအကြောင်းအရာများသည် အပျိုမတို့နှင့် အပျိုမတို့အား အုပ်ထိန်းသည့် အုပ်ထိန်းသူများအတွက် အတိုင်းအတာတစ်ခုတော့ အကျိုးပြုပေလိမ့်မည်။

❐

(၂)

လူကြီးဆုံရာ တောင်းရမ်းယူသော စနစ်သည် ယဉ်ကျေးမှု ထွန်းကားလာခြင်းနှင့်အမျှ ဂုဏ်သိက္ခာရှိသော စနစ်တစ်ခုဟု နားလည်ရသည်။

ဂုဏ်သိက္ခာကို တန်ဖိုးထားသော မိဘများသည် လူကြီးစုံရာနှင့် တောင်းရမ်းယူသည့်စနစ်ကို လွန်စွာသဘောကျသည်။ တင့်တယ်သည်ဟု ယူဆကြသည်။

အထူးသဖြင့် သမီးရှင် တော်တော်များများလည်း ကိုယ့်သမီး ခိုးရာလိုက်သည့်အဖြစ်ကို လိုလားနှစ်သက်ခြင်းမရှိချေ၊ (မိန်းကလေး တော်တော်များများသည်လည်း တောင်းရမ်းယူငင်မှုကို နှစ်သက်ကြသလို၊ တောင်းရမ်းယူခြင်းဖြင့် မိမိဂုဏ်ရှိသည်ဟု ယူဆကြသည်။)

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်ထောင်ရေးကိစ္စတွင် တောင်းရမ်းလက်ထပ်ယူခြင်းနှင့်အတူ ချစ်သူနှင့်အတူ တိတ်တဆိတ် ထွက်ပြေးပေါင်းသင်းသည့် "ခိုးရာလိုက်ခြင်း"စသည့် အဖြစ်များ ရှိနေသည်ကို တွေ့ရသည်။

ဤသို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း။

ဤအခြင်းအရာကို စူးစမ်းသုတေသနပြုသောအခါ အောက်ပါအချက်အလက်များကို တွေ့ရှိရသည်။

**၁။ အပျိုအရွယ်မိန်းမတို့၏ သဘောသဘာဝ**

အပျိုအရွယ်(၁၆ နှင့် ၂၀)ကြား မိန်းကလေးများကို လူအများက "အပျိုအရွယ်"ဟု ခေါ်ကြသည်၊ ထိုအရွယ်သည် နုနယ်လွန်းသောအရွယ် မဟုတ်သလို ရင့်သောအရွယ်လည်း မဟုတ်။

ထိုအရွယ်၏စိတ်သည် လေရူးနှင့်တူ၏။ စိတ်ကစားတတ်သည်။ တပ်မက်အားကျတတ်မှု၊ လွတ်လပ်မှုကို လိုချင်မှု စသည့် သဘောသဘာဝတို့ရှိသည်။

ထိုအရွယ် မိန်းကလေးများသည် စိတ်ညစ်ညူးမှုကို မခံနိုင်သလို ထွက်ပေါက်ရှာတတ်သည်။

**၂။ သတိထားရမည့် အခြေအနေများ**

(က) အပျိုအရွယ် သမီးငယ်ရှိသော မိဘများသည် မိမိ၏ သမီးငယ်အား ချုပ်ချယ်မှု မလွန်မိစေဖို့လိုသည်။ လွတ်လပ်ခွင့်ပေးခြင်း မပိုမိဖို့လိုသည်။

အဘယ်ကြောင့်ဆိုသော် အချို့မိဘများသည် ကိုယ့်သမီးအရွယ်ရောက်ပြီဆိုလျှင် စိုးရိမ်မှုလွန်ကဲပြီး ဟိုနေရာမသွားနဲ့၊ ဒီလူနဲ့ မတွဲနဲ့ စသည်ဖြင့် ပိတ်ပင်တားဆီးမှုများပြုပြီး ချုပ်ချယ်တတ်သည်။

www.burmeseclassic.com



လောကဓမ္မတာအရ ပိတ်ပင်မှုများလျှင် ထွက်ပေါက်ရှာတတ်သည့် ဓမ္မတာရှိ၏။

အချို့မိဘများက ကိုယ့်သမီးကို အရွယ်ရောက်ပြီဆိုလျှင် ဘဝအတွေ့အကြုံရရန်ဟု ဆိုကာ လွတ်လပ်မှု ပေးတတ်သည်။

ထို့ကြောင့် မဖြစ်သင့်သည်များ ဖြစ်တတ်၏။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်မှုသည် အတိုင်းအဆမရှိ ယစ်မူးနိုင်သောကြောင့်တည်း။

(ခ) ကိုယ့်သမီးငယ် ကိုယ့်အိမ်ကို ချစ်ခင်၊ ပျော်ရွှင်သည့် နေရာဟု မြင်ပါစေ။ အချို့မိဘများက စိုးရိမ်စိတ် လွန်ကဲပြီး ပညတ်မှု၊ စည်းကမ်းထိန်းသိမ်းမှုတွေကိုသာ အထပ်ထပ်လုပ်ပြီး ကိုယ့်သမီးငယ် အိမ်ကိုချစ်ခင်အောင်၊ အိမ်ကို ပျော်ရွှင်သည့်နေရာအဖြစ် မြင်အောင် ဖန်တီးခြင်း မရှိပါ။

စိတ်ချမ်းသာမှုသည် ပျော်ရွှင်မှုကို ဖြစ်စေသလို ချစ်ခင်မှုကို ဖြစ်စေသည်ကိုလည်း သတိပြုပါ။

အပျိုမအရွယ် မိန်းကလေးများ အတွေးမှား၊ အတွေးမိုက်ပြုမိခြင်း အကြောင်းတရားများကို လေ့လာလျှင် အိမ်တွင်းပျော်ရွှင်မှု၊ လွတ်လပ်မှု ဆုံးရှုံးရခြင်းကြောင့် ဖြစ်သည်ကို တွေ့ရသည်။

## ၃။ အိမ်တွင်းလွတ်လပ်ပျော်ရွှင်မှုအကြောင်းများ

အိမ်တွင်းပျော်ရွှင်မှုနှင့် လွတ်လပ်မှုမရှိသော မိန်းကလေးများသည် အတွေးမှား အတွေးမိုက်များကို ပြုလုပ်တတ်သည်ကို တွေ့ရ၏။

တင့်တင့်တယ်တယ် တောင်းရမ်းယူသည့် အခြေအထိ မစောင့်ဆိုင်းဘဲ ခိုးရာလိုက်ခဲ့သော မိန်းကလေးများကို လေ့လာလျှင် အိမ်တွင်းပျော်ရွှင်မှုနှင့် လွတ်လပ်မှု ကင်းဝေးနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦးက ပြော၏။ "ကျွန်မ အိမ်မှာနေတာ မပျော်ဘူး၊ ကျွန်မအိမ်ဟာ လွတ်လပ်မှုမရှိတဲ့ နှောင်အိမ်ကြီးနဲ့တူ နေတယ်"ဟု ဖြစ်သည်။

အဘယ်ကြောင့်နည်း ...

အိမ်တွင်းလွတ်လပ်ပျော်ရွှင်မှု ကင်းဝေးသည့် မိန်းကလေး အများစုသည် ချို့တဲ့သူများ၊ မိသားစုများပြားသူများ ဖြစ်နေသည်ကို အများဆုံးတွေ့ရသည်။

အချို့မိဘများက ကိုယ်တိုင်ချို့တဲ့ ဆင်းရဲသော်လည်း သမီးဖြစ်သူကို လွတ်လပ်ပျော်ရွှင်မှု ပေးတတ်သည်။

အိမ်တွင်းလွတ်လပ်ပျော်ရွှင်မှု ဆုံးရှုံးရသော မိန်းကလေး အများစုမှာ ပစ်ပစ်များသော မိဘ၊ ပစ်ပစ်များသော ဘိုးဘွားများ၊ အိမ်ထောင်အဆင်မပြေသော မိဘများ ဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် အပျိုဖော်ဝင်စ မိန်းကလေးများ အတွေးမှား အတွေးမိုက် မဖြစ်စေရန် အိမ်တွင် လွတ်လပ်ပျော်ရွှင်မှုရစေရေး ဖန်တီးပေးရန် အထူးလိုအပ်သည်ဟု ဆိုချင်သည်။

❒

(၃)

မိဘများက ကိုယ့်သားသမီးအတွက် ရည်မှန်းချက် ကြီးကြီး ထား၊ မျှော်လင့်ချက်ကြီးကြီးထားစဉ် သမီးကညာက အတွေးမှား အတွေးမိုက်ဝင်ကာ မပြုသင့်သောအမှုကို ပြုသွားလျှင် သမီးရှင်မိဘများသည် ဒေါသူပုန်ထကြ၏။ မပြုလုပ်သင့်သော အမှုကိုပြုကြ၏။

ဤသည်မှာ သမီးရှင်မိဘများ မပြုသင့်သော အမှုဟု ဆိုရချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ယင်းသို့ မပြုသင့်သော အမှုကို ပြုသည့်အတွက် မဖြစ်သင့်သည့်အဖြစ်များ ဖြစ်တတ်သည်ကို သတိချပ်ရမည်။

တစ်ခါက ကျွန်တော်၏မိတ်ဆွေတစ်ဦး၏သမီး ချစ်သူ၏နောက်သို့ အထုပ်အပိုးနှင့် ခိုးရာလိုက်သွားသဖြင့် မိတ်ဆွေကလည်း ဒေါသူပုန်ထကာ ရဲတိုင်၊ အမှုဖွင့် ပြုလုပ်၏။

သို့သော် သမီးဖြစ်သူက "မိမိတို့ ချစ်ကြိုက်နေကြသဖြင့် နှစ်ဦးသဘောတူ ခိုးပြေးကြောင်း၊ ဖြားယောင်းသွေးဆောင်ခြင်း မဟုတ်ကြောင်း" ထွက်ဆိုသည့်အခါ တစ်ရက်မှ နှစ်ရက်ဖြစ်ရ၏။

ယင်းသို့ မိမိ၏သမီးဖြစ်သူ မိမိမနှစ်သက်သောအမှုကို ပြုသော်လည်း စိတ်လိုက်မာန်ပါ မပြုသင့်ပါ။

မိမိကိုယ်ကို ဂုဏ်သိက္ခာရှိသော၊ လူကြီးလူကောင်းဆန်သောသူအဖြစ် နေထိုင်ကြရန် လိုပါသည်။

တစ်ဖက်မှ မိသားဘသားပီပီ လာရောက်အပ်နှံလျှင် မိမိဘက်မှ သဘောထားကြီးကြောင်းပြပါ။

မိမိ၏ လိုအပ်ချက်အား အခြေအနေကိုကြည့်ကာ လိမ္မာပါးနပ်စွာ မိမိဘက်ပါအောင် ဆွဲဆောင်ပါ။

မဖြစ်နိုင်သည်ကို မတောင်းဆိုမိပါစေနှင့်။

**စိတ်လိုက်မာန်ပါပြုခြင်း၏ ဆိုးကျိုးများ**

မိဘများ၏ စိတ်လိုက်မာန်ပါ ပြုမူမှု၊ မာနကြောင့် မိမိ၏သမီးဖြစ်သူ များစွာမျက်နှာငယ်ရသည်ကို သမီးရှင်မိဘများ သိထားသင့်သလို ဆိုးကျိုးများကို နားလည်သင့်သည်။

သမီးဖြစ်သူအား မိဘများ၍ ဥပေက္ခာပြုထားသဖြင့် ...

၁။ သမီးဖြစ်သူ မျက်နှာငယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ခင်ပွန်းသည်၏ ဆွေမျိုးမောင်နှမများ၏ အနိုင်အထက်ပြုခြင်းကို ခံရသည်။

အဆိုးဆုံးက မိဘကလည်း ဥပေက္ခာပြုထားသဖြင့် အားကိုးမဲ့ကာ ခင်ပွန်းဖြစ်သူ၏ ဆွေမျိုးမောင်နှမများ အနိုင်ကျင့်ခြင်းကို ခံရသဖြင့် ကိုယ်စွမ်းကိုယ်စများ နည်းသွားခြင်း၊ ဘဝကို မှားယွင်းစွာ ရင်ဆိုင်ဖြေရှင်းတတ်ခြင်း ဖြစ်သည်။

ထို့ကြောင့် အပျိုမလေးတို့၏မိဘများသည် သမီးကညာအရွယ်သင့်ချိန်တွင် ထိန်းသိမ်းပဲ့ပြင်မှု လိုအပ်သလို အကြောင်းကြောင်းကြောင့် သမီးမိုက်ဘဝသို့ ရောက်သွားလျှင်လည်း ခွင့်လွှတ်နားလည်ခြင်းဖြင့် မိမိသမီးငယ်အား ပဲ့ပြင်တည့်မတ်ပေးရန် လိုအင်သည် မဟုတ်လား။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဤကတ္တိယအဘိဓာန်
## (၁၂)

ဆရာစိုးနှင့် တွေ့သည်။

ဆရာစိုးနှင့် ကျွန်တော်က မိတ်ဆွေများဖြစ်သည်။ ၁၉၉၇ ခုနှစ်ပိုင်းက သီရိခေတ္တရာတွင် တရင်းတနှီးနေခဲ့သူ။ သီရိခေတ္တရာ မြို့ဟောင်းအကြောင်းကိုလည်းကောင်း၊ ရွှေဆံတော်စေတီတော်မြတ် သမိုင်း လျှို့ဝှက်ချက်များကိုလည်းကောင်း ကူညီရှာပေးခဲ့သည်။

ဆရာစိုးက ဗဟုသုတ စုံလင်သူ။ ဆရာစိုးတွင် စာအုပ်စာတမ်းစုံသည်။ အထူးသဖြင့် ရှေးဟောင်းစာအုပ်စာတမ်း စုံသည်။ သူက သီရိခေတ္တရာခေတ်သား။

ယနေ့ ဆရာစိုးနှင့် ရန်ကုန်တွင် ဆုံရသည်ဆိုတော့ ဆရာစိုး ရန်ကုန်ရောက်နေပြီဟု သိလိုက်သည်။ ဝမ်းလည်းဝမ်းသာသွားသည်။ သူက ပြုံးလျက်။

"မင်း အံ့သြနေသလား အောင်မြတ်ဦး"

ဆရာစိုးက မေးသည်။

"အင်း ... ဝမ်းသာတာ ပိုတယ် ဆရာစိုး။ ဒါထက် ဆရာစိုး ရန်ကုန်ကို ဘယ်တုန်းကရောက်လဲ"ဟု ဆိုသောအခါ ...

"ဒီနေ့လေ၊ ညကားနဲ့ လာတာ။ မောင်ရင့်ကို လက်ဆောင်ပေးချင်လို့ ဝင်လာတာ"ဟု ပြောသည်။

"ဆရာစိုးရယ် ... ကျွန်တော်နဲ့ ဆရာစိုးကြားမှာ လက်ဆောင်တွေ ဘာတွေ မလိုပါဘူး"

"ဒီလက်ဆောင်မျိုးတော့ လိုတယ်ကွ။ ဒီလက်ဆောင်ကို တွေ့ရင် မင်းလည်း ကျေနပ်သဘောကျ ဝမ်းသာမှာပါ။ အသုံးချ လက်ဆောင်လေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး သူ၏အညာလွယ်အိတ်ကြီးကြီးထဲမှ ပလတ်စတစ်နှင့်ထုတ်ထားသော အထုပ်တစ်ထုပ်ကို ကျွန်တော့်ကို ကမ်းပေးလိုက်သဖြင့် ကြည့်လိုက်ရာ အမှန်ပင် အံ့သြဝမ်းသာသွားပါသည်။

ပလတ်စတစ်ထုပ်ထဲတွင် စာရွက်စာတမ်းများမှာ တစ်ထပ်ကြီးဖြစ်သည်။ ဘာတွေမှန်းမသိသော်လည်း အဖိုးတန်စာရွက်စာတမ်းများ ဖြစ်လိမ့်မည်ဟု နားလည်မိသည်။ ဆရာစိုးက ရှေးဟောင်းစာပေစုသူလေ။

ထိုစဉ် သူက "ဖွင့်ကြည့်လေ"ဟု ပြောသဖြင့် ဖွင့်ကြည့်လိုက်ရာ ပို၍ဝမ်းသာသွားရသည်။ စာရွက်စာတမ်းများက အချို့ လက်ရေးနှင့်ကူးထားပြီး အချို့ မိတ္တူကူးထား၏။ အကြောင်းအရာများကို ကြည့်ပြီး ...

"ဟာ ... ဆရာစိုး လက်ဆောင်က ရွှေတွေပဲ"ဟု ပြောလိုက်မိ၏။

သူက ထုံးစံတိုင်း တဟားဟားရယ်ရင်း ...

"ဖြစ်ရမယ်လေ၊ ကိုရင် အခုရေးနေတဲ့ အပျိုမ မဂ္ဂဇင်းက "ဣတ္ထိယအဘိဓာန်"ဆောင်းပါးရှည်ကြီးကို ကျုပ်ဖတ်ရင်း မောင်ရင့်အတွက် လိုအပ်မယ့်စာတွေ ထုတ်ယူလာတာ။ ဒီလိုဆောင်းပါးမျိုးဟာ လိုအပ်တဲ့ ဆောင်းပါးပဲ။ မိခင်အိမ်ထောင်စုဆိုတာ မျိုးဆက်သစ် ဖြစ်ထွန်းဖို့ အင်အားတွေပဲ။ မောင်ရင် ဖတ်။ လိုသလိုသုံး" ဟု ပြော၏။

"စိတ်ချ ဆရာစိုးရေ၊ ကျွန်တော်ကလည်း ရေးဖို့ ရေးသင့်တာ ရှာနေတာ။ အားလုံးကလည်း ရေနဲ့ကြာ ပန်းသင့်ဆိုသလို ဖြစ်နေတာမို့ ဒီလကပဲစပြီး ရေးတော့မှာ"

"ကောင်းတာပေါ့ကွာ၊ ကောင်းပေါ့"ဟု ပြောလေသည်။

□

www.burmeseclassic.com



ကျွန်တော်သည် ဗိုဝမ်း၊ ကိုမြင့်ဝေတို့၏ပံ့ပိုးမှု၊ သည်းခံစိတ်ရှည်မှုနှင့် "ဣတ္ထိယအဘိဓာန်"ဆောင်းပါးရှည်ကြီးကို ကြိုးစားရေးခဲ့ရာ ယခုဆိုလျှင် အိမ်ထောင်ရေးပိုင်းသို့ ရောက်ခဲ့ပြီဟု ဆိုရမည်။

ဤဆောင်းပါးရှည်ကြီးသည် မိန်းမတို့၏ဝတ်စ်ဘဝလုံးအတွက် ရည်ရွယ်ရေးသားခြင်းဖြစ်သဖြင့် အနစ်ပ်နိုင်ကောင်း၊ စိပ်နိုင်ပေလိမ့်မည်။ သို့သော် သည်စာမျိုးက စိစစ်နိုင်မှ. တော်ကာကျသဖြင့် အနစ်ပ်ရသည်ကို ပရိသတ်တို့အနေနှင့် နားလည်စေလိုသည်။

ယခုလတွင်ကား အိမ်ထောင်တစ်ခု၏ အဓိကကျသည့်မိန်းမနှင့် သက်ဆိုင်သည့် "မယား"ဆိုသည့်အပိုင်းကို ရေးရချေမည်။

လူအများသည် လင်မယားဆိုသော စကားအနက်မှ "လင်"ဆိုသောစကားနှင့် "မယား"ဆိုသောစကား ဖန်တရာတေ ကြားနေရသော်လည်း အနက်အဓိပ္ပာယ်ကို တိတိပပသိသူ နည်းပါးကြောင်းတွေ့မြင်ရ၏။

အချို့က "မယား"ဆိုတာ "မယား"ပဲပေါ့ဟု လွယ်လွယ်ပြောပြ၏။

စင်စစ်သော်ကား "မယား"ဆိုသော စကားအဓိပ္ပာယ်သည် ပေါ့လျှပ်လျှပ်မဟုတ်။ လေးနက်လှပေသည်။ အချို့ပညာရှင်များကမူ "မယား"အား ကမ္ဘာလင်းလေးအိုးကြီးဟု တင်စားကြသည်။

အချို့ပညာရှင်များက "မယား"ဆိုတာ သူမပါလျှင် ဘယ်အခါမှ မပြီးတဲ့ အရသာခံရတဲ့ ကမ္ဘာ့အဆင်းတန်ဆာ ဘဏ္ဍာဟု တင်စားပြောကြသည်။

ပြောပြစရာ ဥပမာတွေကလည်း များလှ၏။ "မယားနဲ့ဆင်မှယဉ်တယ်"၊ "မယားနဲ့ပြမှကျတယ်"၊ "မယားနဲ့ပျော်မှပျော်တယ်"၊ "မယားနဲ့တွဲမှစွဲတယ်"၊ "မယားနဲ့ပြုမှနုတယ်"စသည်ဖြင့် တင်စားကြသလို နေရာတကာတွင် မယားဆိုတဲ့ အဆင်းတန်ဆာနှင့်ကင်းလို့ ဘယ်လမ်းမှ မတင့်တယ်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်လျှင် မမှားပေ။ အဘယ်ကြောင့်ဆိုသော် အမြင်ပသာဒမှာရော၊ အသွင်ပသာဒမှာရော မချောတို့မပါလျှင် လောကကြီးသည် မျှင်းစရာ ငြီးငွေ့စရာ၊ အလဟဿကမ္ဘာကြီး ဖြစ်ရမည်ကို စေ့စေ့တွေးမှ ရေးရေးပေါ်မည်ဖြစ်၏။

သို့သော် အချို့ကမူ ...

"မယား"ဆိုတာ ဘာကိုခေါ်သလဲ။

"မယား"ဟာ ကမ္ဘာတစ်ခွင် ဘယ်နေရာတွင်အသုံးဝင်သလဲ။

စသည်ဖြင့် မေးကောင်းမေးမည် ဖြစ်သကဲ့သို့ "မယား"ဆိုတာ ကမ္ဘာလောကကြီးကို လှပအောင် တင့်တယ်အောင် မွမ်းမံပြင်ဆင်ခြယ်သရာမှာ မပါမဖြစ်တဲ့ "ရတနာအစစ်"ဖြစ်သည်ဟု ပြောရမည့်အကြောင်းတွေလည်း များစွာရှိသည်။

**အပိရိကဆိုငြား များလိမ့်မည်**

မယားနှင့် ပတ်သက်၍ လင်သားတို့က သာမန်အမြင်နှင့် မကြည့်သင့်သလို မိန်းမဆိုတာ ယောကျ်ားအလိုဖြည့်ရတဲ့ ဒုတိယလူသက်သက်ပါဟု ပေါ့ပေါ့မတွေးသင့်ပေ။

လောကီတွင် မယားကဲ့သို့ လောကုတ္တရာရေးရာတွင် "ဘုရားဖြစ်အောင် ဘယ်သူပို့ဆောင်ခဲ့ပါသလဲ"ဆိုသည့် မေးခွန်းများကို ချင့်တွက်ကြည့်သင့်သည်။

လောကုတ္တရာရေးရာတွင် "စွန့်ခြင်းငါးပါး"ဟုရှိ၏။ ထိုစွန့်ခြင်းငါးပါးတွင် "သားမယား"ကို စွန့်လွှတ်ခြင်းသည် အပါအဝင်ဖြစ်သည်ပင်။ သည်တော့ သားမယားရှိသူသည် မည်သို့လျှင် စွန့်ခြင်းငါးပါးကို ခံယူနိုင်မည်နည်း။

"ဗောဓိပုဂ္ဂိုလ်၊ သြောင်ထိုထို၊ လူပျို ဘုရား မရှိငြား" ဟု စကားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


သည်တော့ သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားဖြစ်ဖို့ မယားရှိဖို့လိုသည်ဟု ဆိုရမည်။

မယားမရှိလျှင် ဘယ်မှာ ဘုရားဖြစ်နိုင်မည်နည်း။ သားမယား အနားကပါသလို ပါရမီတစ်ခု၊ လူ့ဖွယ်တစ်မျိုးနဲ့ လင့်သက်ဝေ အကျိုးကို သယ်ပိုးထမ်းရွက်ပေးနိုင်သည့် မယားကြောင့် ဘုရားဖြစ်ခဲ့သည်ဆိုလျှင်လည်း မမှား။

ထို့ကြောင့် မယားဆိုသည်ကို အပရိကောင်းကြောင်း လင်ကောင်းများစွာ ပေါ်ထွန်းသည့် သာဓကများစွာရှိသလို လောကုတ္တရာရေးရာတွင်လည်း များစွာရှိသည်ပင်။

လောကီရေးရာတွင် "လင်သားအတွက် မယားအရေးကြီး" ဟု ရှိသကဲ့သို့၊ မလိုဟု မယူဆသင့်။

အဘယ်ကြောင့်ဆိုသော် လောက၏အထွဋ်မြတ်ဆုံးသော ဘုရားဖြစ်အောင်ပင် မယားက ပို့ပေးနိုင်သောကြောင့် ဖြစ်သတည်း။

**မယားဆိုတဲ့အကြောင်း သိကောင်းစရာ**

မယားဆိုတဲ့အကြောင်း အဓိပ္ပာယ်ကို အများထင်းလင်းအောင် မြင်နိုင်၊ သိနိုင်ဖို့အတွက် "ရတနာပုံခေတ်"မှာ ထွန်းသစ်ကျော်ကြားတဲ့ ကျေးဇူးရှင် သစ်စိမ့်ဆရာတော်ဘုရားကြီးရဲ့ ဖွင့်ဆိုချက်ကို ပထမဆုံး လှစ်ပြချင်သည်။

သစ်စိမ့်ဆရာတော်ဘုရားကြီးက ...

"သ–သာမိကေန၊ ဣဿရတာ၊ မယိတဗ္ဗာ၊ ဂန္တဗ္ဗာတိ၊ ယား၊ မ"ရယ်လို့ ဝိဂြိုဟ်ခင်းပြီး မယားအနက်ကို ရှင်းလင်းခဲ့သည်။

"သ–သာမိကေန၊ အသက်သွင်၊ ကြင်နာဆပွား၊ ကိုယ့်လင်သားက၊ ဣဿရတာ၊ သူ့သာသက်ဆိုင်၊ ကာမပိုင်အဖြစ်နှင့် မယိဘဗ္ဗာ၊ ဂန္တဗ္ဗာတိ၊ ပေါင်းသင်းဆက်စပ်၊ သွားလာအပ်၏။ ဣတိ၊ ဆို့ကြောင့် မာယား၊ မယားမည်လေ၏"တဲ့။

www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ဘုရားကြီး၏ ဖွင့်ဆိုချက် အနက်အဓိပ္ပာယ်ကို သိလွယ် မြင်လွယ် အကျယ်ဖွင့်ဆိုရလျှင် "ဣတ္ထိဘာဝ၊ မိန်းမတို့၏ ကာမကို လင်သားလုပ်သူသာ သက်ဆိုင်၏။ ကာမပိုင်ယောက်ျား" ဆိုသော စကားနှင့်အညီ ဘယ်သူ၊ ဘယ်ဝါနှင့်မှမဆိုင် တစ်ဦးတည်း မူပိုင်၊ ကာမခရီးကို တစ်ဦးတည်း တွင်တွင်ကြီး သွားလာအပ်သည်မို့ မယားလို့ ပညတ်သည်။

ဤကဲ့သို့ပင် ဝိဂ္ဂဟဒီပနီကျမ်းတွင်လည်း "မယား"ကိုယင်းသို့ စိစ်တမ်းထုတ်ထားပြန်၏။

"သ-သာမိကံ မယတိ၊ မာယာပေတိ၊ ပိယာပေတီတိ၊ ဝါ၊ မယား။ အတ္တနောသမိကေန မယိတဗ္ဗါ ပိယိတဗ္ဗော၊ တိ မယား" ဟု ဆိုထားသည်ကို တွေ့ရ၏။

ရှင်းလင်းချက်က ...

"ယာ-အိမ်ထောင်ကျပြီး အကြင်အမျိုးသမီးသည်၊ သ-သာမိကံ ကိုယ့်လင်ယောက်ျား မယ့်သက်ထားကို မာယာ ပေတိ၊ ပိယာ ပေတိ၊ မိမိအထံ ချစ်တုံ့ပြန်စေတတ်၏။ ဣတိတသ္မာ-ထိုသို့ ကိုယ့်ကို လင်မောင်၊ ချစ်ခင်အောင် ပြုတတ်သည့်အတွက်၊ သာ-ထိုမိန်းမသည်၊ မယား-မယားမည်လေ၏"တဲ့။

နောက်တစ်မျိုးက ...

"ယာ-အကြင်နှစ်သက်မပြေ၊ ချစ်သက်ဝေဇနီးကို၊အတ္တနော-မိမိ၏ သာမိကေန-ကာမပိုင်ရှင်၊ ချစ်ကျွမ်းလင်က၊ မယိတဗ္ဗာ၊ ပိတတဗ္ဗာ-အသည်းတဖျပ်ဖျပ် ကွဲမတတ်အောင် ချစ်တတ်၏။ ဣတိ-ထို့ကြောင့်၊ သာ-ဇနီးယဉ်စ ထိုအိမ်ရှင်မသည်၊ မယား-မယားမည်၏"တဲ့။

ယင်းသို့ ကျမ်းဂန်များတွင် ဖွင့်ဆိုပြထားသည့် အရာများအား အနှစ်ချုပ် ဖြန့်ကြည့်လိုက်လျှင် ...

www.burmeseclassic.com

www.burmeseclassic.com



က။ လင်က ချစ်တတ်လို့ မယား။

ခ။ လင်က မိမိကို ချစ်လာအောင်ပြုတတ်လို့မယား

ဂ။ သက်ပုံနှင်းအပ် လင်ချစ်အပ်လို့ မယား။

စသည်ဖြင့် တွေ့ရသကဲ့သို့ "ကာမဘောဂီ လောကီ ထုံးစံအတိုင်း ကိလေသာဆိုသည့် ယားယံခြင်းတစ်မျိုးကြောင့် ထုံကျဉ်ကိုက်ခဲ ယားနာစွဲသလို ဖြစ်နေသည့် ခင်ပွန်းသည်ကို ဝေဒနာပျောက်ကင်း ယားယံခြင်းမရှိအောင် ပီတိတွေအရည်ပျော်အောင် ဖြေဖျော်ပေးနိုင်သည့်အတွက် "မယား"ဟု ခေါ်သည်လည်း ရှိသည်။

မည်သို့ဆိုစေ "မယား"၏အဓိပ္ပာယ် အဖွင့်ကျယ်ကို သိလျှင် မယားအပြား အမျိုးအစားကိုလည်း သိသင့်သည်။

ယင်းတို့ကား ...

၁။ ဝဓာ၊ လူသတ်သမားနဲ့ တူတဲ့မယား။

၂။ စောရီ၊ ဓားပြ သူခိုး လူဆိုးနှင့် တူတဲ့မယား။

၃။ အယျာ၊ အရှင်သခင်နှင့် တူတဲ့မယား။

၄။ မာတာ၊ မွေးမေမေနှင့် တူတဲ့မယား။

၅။ ဘဂိနီ၊ အစ်မကြီး၊ ညီမလေးနှင့် တူတဲ့မယား။

၆။ သခီ၊ မိတ်ကောင်း၊ ဆွေကောင်းနှင့်တူတဲ့မယား။

၇။ ဒါသီ၊ အစေခံ ကျွန်ကလေးနဲ့ တူတဲ့မယား။

စသည်တို့ ဖြစ်သလို မည်သည့်မယားမျိုးက အကျိုးပြုသည်၊ အကျိုးမပြုသည်ကို သိသင့်သလို မိန်းကလေးတို့အနေနှင့် မည်သို့သောမယား ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကိုလည်း တွက်ဆဆင်ခြင် ပြုပြင်မိဖို့ လိုပေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



# ဣတ္ထိအဘိဓာန်
## (၁၃)

### (၁)

ပြီးခဲ့တဲ့လက "အင်္ဂုတ္တိုရ်ပါဠိတော်"လာ မိန်းမတို့အကြောင်း အနက် "မယားအပြားခုနစ်ပါး"ကို ရေးသားခဲ့ပြီး ဖြစ်သည်။

သို့သော် ကျွန်တော့်ဆောင်းပါးတွင် ဖော်ပြခဲ့သည့် မယား အပြား ခုနစ်ပါးက ပါဠိနှင့်အနက်ကို ဖော်ပြခြင်းသာဖြစ်ပြီး အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့သည်မဟုတ်။ ဆောင်းပါးရှင်တွင် ဖွင့်ဆိုပြသရန် တာဝန် ရှိသည်။

ကျွန်တော် ဖျတ်ခနဲ သတိရလိုက်သည်။ အခြားမဟုတ်။ ကျွန်တော် ဤအခန်းဆက်ဆောင်းပါးကို ရေးသားမည်ဟု ဆိုတော့ ဒီဆောင်းပါးဟာ မိန်းမအလွှာအသီးသီးနှင့် လူများအတွက် အသုံးချလိုက်နာစရာ ဖြစ်တာမို့ ကျမ်းကိုး၊ ကျမ်းကိုင် အရေးကြီးကြောင်းနှင့် အတတ်နိုင်ဆုံး လူတိုင်းနားလည်လွယ်စေရန် အဓိပ္ပာယ်ရှင်းလင်းချက်များ ပါရှိအောင် စွမ်းဆောင်ကြိုးစား အားထုတ်ဖို့ ကျွန်တော့်ကို "ဆရာတော် ဦးအဂ္ဂဓမ္မ"က ဩဝါဒပေးဖူးသည်။

ထို့ကြောင့် ကျွန်တော် တတ်စွမ်းသရွေ့ ကြိုးစားအားထုတ်ခဲ့သည်။ ယခုလည်း ဆောင်းပါး(၂၁)တွင် ရေးသားခဲ့ ဖော်ပြခဲ့သည့် "မယားအပြား ခုနစ်ပါး"၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြမည် ဖြစ်သည်။

ဤဖွင့်ဆိုချက်သည် "လင်ကောင်း"ဖြစ်ရန် ကြိုးပမ်းနေသည့် မယားကောင်းတို့၏ ဆောင်ရန်၊ ရှောင်ရန်ဆိုလည်း မှားပါချေ။



www.burmeseclassic.com

www.burmeseclassic.com



(၂)

မယားအပြား ခုနစ်ပါးနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ...

**၁။ ဝဓာ၊ လူသတ်သမားနှင့် တူတဲ့မယား**

လင်ကို ကာပြန်တဲ့မယား၊ လင်ကို ပြန်သတ်တဲ့မယားမျိုးကို လူမိုက်အိုးကွဲ လူ့မိုက်ခဲ၊ လူသတ်သမားနှင့် တူသည်ဟု ဆိုရမည်။ ကိုယ့်လင်သားပေပဲလို့ ဦးစားမပေး ရိုသေလေးမြတ်ခြင်းမရှိတဲ့အပြင် လင်ကိုမြင်သည်နှင့် စောင်းမြောင်း မျက်စောင်းခဲပြီး ကျော်မကောင်း ကြားမကောင်းလောက်အောင် ယုတ်မာရိုင်းစိုင်း သရုပ်ဆောင်းသည့် မိန်းမမျိုး(မယားမျိုး)ကို ဆိုခြင်းဖြစ်သည်။

**၂။ စောရီ။ ဓားပြ သူခိုး လူဆိုးနှင့် တူတဲ့မယား**

စားတဲ့အခါမှာ လင်ကို တော်ရုံကျွေး၊ ဝတ်တဲ့နေရာမှာ လုံရုံဝတ်စေပြီး၊ လင်ကွယ်ရာမှာ တစ်ဖြုန်စစ်ဖြုန်စား၊ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အဝတ်အစားတွေကို ဝတ်တတ်တဲ့ မိန်းမမျိုး(မယားမျိုး)ကို "သူခိုးဓားပြ မယားမျိုး"ဟု ခေါ်သည်။

လင်ရှေ့တွင် ဟန်လုပ်၊ မခုတ်တတ်တဲ့ကြောင်ကလေးလိုနေပြီး လင်၏ကွယ်ရာတွင် ထင်ရာစိုင်း ကိုယ့်အတွက်သာ အရချိုင်အပိုင်ကြံတဲ့ မိန်းမမျိုးကို ဓားပြတစ်ပိုင်း သူခိုးဂိုဏ်း မယားဟုဆိုခြင်းဖြစ်သည်။

**၃။ အယျာ။ အရှင်သခင်နှင့် တူတဲ့မယား**

ငါ့ယောကျ်ားဟာ ငါ့ရဲ့အိမ်ဦးနတ်ပဲ။ ငါ့ရဲ့အရှင်သခင်ပဲ၊ ကျေးဇူးရှင်ပဲလို့ မထောက်ထားဘဲ၊ လင်သားအိမ်ဦးနတ်ကို အော်လား၊ ငေါက်လား၊ ဆဲရေးတိုင်းထွာလားနှင့် ခိုင်းထားတဲ့ အစေခံလိုလင်ကို ဩဇာမာလကာနှင့် လင်နိုင်မ,အဖြစ် ဝင့်ကြွားတဲ့သခင်မကို "အရှင်နှင့်တူတဲ့ မယား"ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမမျိုးသည် လင်ကိုနိုင်ရလျှင် ဂုဏ်ရှိသည်ထင်ပြီး လင်ကို နှိမ်ချထားသည့် မယားအမျိုးအစား ဖြစ်သည်။

**၄။ မာတာ။ မွေးမေနှင့် တူတဲ့မယား**

ကိုယ့်လင်သားကို ကိုးလလွယ် ဆာယ်လဖွား၊ ရင်ဝယ်ထား ပြီး ကြင်နာသနားစိတ်ဖြင့် မေတ္တာမိုးရွာ၊ ကရုဏာမိုး ဝေဖြိုးလျက်၊ မြတ်နိုးခင်မင် ကြင်နာသမျှ လုပ်ကျွေးသမှုပြုစုပြီး "သုမာတာ"ကို အတုခိုးတဲ့ မယားမျိုးကိုတော့ အဖိုးတန်တဲ့ အမြတ်တော "မွေးမေမေ နှင့် တူတဲ့မယား"ဟု ခေါ်သည်။

စားသောက်အိမ်နေ၊ လင်သက်ဝေကို၊ မျက်ခြည်မပြတ်၊ အကဲ ခတ်ပြီး ကြင်နာယုယနေသည့် မယားအမျိုးအစားဖြစ်သည်။

**၅။ ဘဂိနီ။ အစ်မကြီး၊ ညီမလေးနှင့် တူတဲ့မယား။**

အကြီးရှေ့ရောက်တဲ့ ညီမငယ်လို ခေါင်းကလေးငုံ့၊ ကိုယ် ကလေးကျုံ့ ပြုံးဖြုံးချိုချို လင်ကို ဘုရားအရာထားပြီး ရိုသေလေး စား ကြင်နာသနားတတ်တဲ့ မယားမျိုးကို နှမနှင့်တူတဲ့မယားဟု ခေါ်သည်။

သို့သော် အချို့အချို့သော မိန်းမများက လင်ကို ခလုတ် တိုက်တော့မတတ်၊ မသွားတတ်၊ မလာတတ်ရုံ မကဘူး ပါးစပ် ပေါက်ဆိုးတဲ့ မိန်းမတို့ကြောင့် မယားဂိုဏ်း နာမည်ပျက်ရသည် လည်းရှိသည်။

**၆။ သခီ။ မိတ်ကောင်း ဆွေကောင်းနဲ့ တူတဲ့မယား**

မိတ်ကောင်း၊ ဆွေကျောင်း အပေါင်းအသင်းကောင်းလို ကောင်းတူဆိုးဖက် ဆောင်ရွက်စရာရှိသည်ကို လင်ကရှေ့သွား၊

www.burmeseclassic.com

www.burmeseclassic.com



မယားက နောက်လိုက်ဖြစ်ပြီး အစဉ်တစိုက် လင်၏ကောင်းကျိုးကို မျှော်ကိုးတောင့်တပြီး လင်နှင့်အတူ ကူဖော်လောင်ဖက်ရတဲ့ မိန်းမမျိုး(မယားမျိုး)ကို "မိတ်ကောင်း၊ ဆွေကောင်းနဲ့ တူတဲ့မယား" ဟုခေါ်သည်။

မူကြီး၊ မူသေး၊ အတွင်းရေး၊ အပြင်ရေးနှင့် စီးပွားရေးတို့အား လင်နှင့်အတူ တိုင်ပင်ဆွေးနွေး ကျောထောက်နောက်ခံပြုပေးသည့် မိန်းမမျိုးကား အမြတ်တမယားမျိုး မည်သည်။

**၇။ ဒါသီ။ အစေခံ ကျွန်မနှင့်တူသည့် မယား**

လိမ္မာပိရိ၊ သခင်ရဲ့အလို၊ အကြိုက်ကိုသိတဲ့ အစေခံမလေးလို အိပ်သော်လည်း နောက်ကျ၊ ထတော့ ရှေ့ပြေး၊ ပေးမှယူအပ်စေ့စပ်သေသပ်၊ ကျေးဇူးမြွက်တတ်သည့် မယားမျိုးကို "ကျွန်နဲ့တူတဲ့မယား" ဟု ခေါ်သည်။

ထိုမယားမျိုးက လင်ကိုချစ်ကြောက်ရိုသေ၊ အရိပ်အခြည်ကြည့်ပြီး လင်အလိုက်သိသည့် မယားမျိုးဖြစ်သည်။

❐

(၃)

**အမြတ်၊ အယုတ်၊ စစ်တမ်းထုတ်ပါ**

လူ့ဘဝ ဆိုသည်ကို ပညာရှိများက ဇာတ်ရုံကြီးဟုခေါ်လျှင် "မယား" ဆိုသည်ကိုလည်း ဇာတ်ရုံထဲက ကကြိုးစုံသည့် "မယားစုံ" ဟု ခေါ်ရမည်။

ဒီမယားစုံက ဘယ်မယားက အလှဆုံး အချောဆုံးဖြစ်ပြီး ဘယ်မယားက ရုပ်ဆိုးကျည်းတန်သည်ကို မျက်နှာမထောက် ရွေးကောက်ကြည့်ရန် အထူးလိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမုသံခိပ် မဇ္ဈှသတ်"တွင် ဖွင့်ဆိုထားသည်ကား ...

"ဝဏ္ဏ၊ စောရ၊ အယျကနှင့် နမ,အမိ၊ ဒေါသိအဆွေ၊ ပြား ထွေသတ္တ၊ ရှေးသုံးဝတွင် သားစသမီး၊ ပွားစည်းပစေ၊ စွန့်ထိုက်စေ၏။ သက်ဝေပြားထွား၊ ကျွန်မယားကို၊ အမြတ်ဆို၏"

ဤသို့ ဖြစ်သည်။ ထို့အတူပင် ကျေးဇူးရှင် မန်လည်ဆရာ တော်ဘုရားကြီးကလည်း "မာဃဒေဝလင်္ကာသစ်"တွင် ...

"မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်၊ သူခိုးအရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နမ မယွန်း၊ ခင်ပွန်းတစ်ဖြာ၊ ကျွန်နှယ်လေးဖြာ၊ မယားမှာကား၊ နိဗ္ဗာန်နတ်ပြည်၊ လားမြဲမည်၏။ ယှင်းသည်၄လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ် အလား၊ ထိုမယားမူ၊ ယောကျ်ားဆုမွန် နိဗ္ဗာန်ဆုတောင်း၊ တောင်း ကမလွတ် မချွတ်တူသည် ပြည့်မြဲမည်၏"ဟု ဖွင့်ဆိုပြထားသည်ကို တွေ့ရသည်။

ဤကဲ့သို့ပင် မယားခုနစ်ယောက်အနက် ဘယ်သူအလှဂုဏ် မောက်သည်ဆိုခြင်းကို သိနိုင်မည်ဖြစ်၏။

ထို့ကြောင့် ရှေးသူဟောင်းပညာရှိများက "စိတ်ကြမ်း ကိုယ် ကြမ်း၊ အာပေါင်ကြမ်းလှတဲ့ မယ်သောင်းကျန်း သူသတ်မယားရယ်၊ လင်သားဘယ်လိုနေနေ၊ စိတ်ရွှေအပြည့်နှင့် ကိုယ့်အတွက်သာကြည့် ပြီး လင်သိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုးနှင့် လင့်ပစ္စည်းကို လုယက်တိုက်ခိုက်ယူတတ်တဲ့ သူခိုးမယားရယ်၊ အာဏာပါဏာနှင့် လင်သားအပေါ် အာဏာပြချင်တဲ့ အရှင်မယားရယ် ထိုသို့ မယား သုံးမျိုးကို နတ်သမီးတမျှပင် ချောစေ၊ မိန်းမကောင်းမယားကောင်း အဖြစ် မဆိုအပ်ပေ။ မယားဆိုး၊ မယားမိုက်သာ ဖြစ်သောကြောင့် သားညွှန့်၊ မီးရစေ ခွာရှောင်စွန့်ထိုက် မပေါင်းအပ်"ဟု ဆိုမိန့်ထား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပင် မယားကောင်း မယားမြတ် ပေါင်းသင်းအပ်သူနှင့် ပတ်သက်၍ "နမအဆွေ၊ မွေးမေမေနှင့် အစေခံမယား၊ ဒီလေးပါးသာ၊ ပြင်လျာသဘော ရုပ်ရည်မချောသော်လည်း လောကစာတ်တစ်ခွင်လုံးနှင့်မှာ အမြတ်ဆုံး အချောဆုံး မယား"ဟု ဆိုအပ်သည်ဟု ဖွင့်ဆိုပြထားသည်။

ထို့ကြောင့် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ ဆန်းစစ်ကြည့်သည့်အခါတွင် သူသတ်သူခိုး၊ အာဏာစိုးချင်တဲ့ မယားမျိုးကို ခင်တွယ်ရန် မသင့်ဟု ဆိုရမည်ဖြစ်၏။

❒

(၄)

ဤဆောင်းပါးကိုဖတ်ရင်း စာဖတ်သူများက မေးခွန်းတစ်ခု မေးလိမ့်မည်ဟု ထင်သည်။ ထိုမေးခွန်းက အခြားမဟုတ်။ ဘယ်ဟာ အယုတ်၊ ဘယ်ဟာအမြတ် ဆိုတာလည်း သိပြီ။ ဘယ်ဟာအကောင်း၊ ဘယ်ဟာမကောင်း ဆိုတာလည်း သိပြီ။ ဒါပေမဲ့ အကောင်းဆုံးထဲက အကောင်းဆုံးဟာ ဘာလဲဟူသော မေးခွန်းတည်း။

မိမိအနေနှင့်လည်း ဤမေးလာမည့် မေးခွန်းအတွက် အဖြေကိုရှာပြီးပြီဟု ဆိုချင်သည်။ အဖြေက အခြားမဟုတ်။

"နိဗ္ဗာန် တစ်ဖိုလ် တစ်လျှောက်၊ ထုတ်ချင်းပေါက် ရောက်အောင်၊ စွမ်းဆောင်နိုင်သည့် အကောင်းဆုံးထဲက အကောင်းဆုံး မိန်းမ(မယား)က ကျွန်နှင့်တူသော မယားဟု ဖြေရမည်။

ထိုမယားမျိုးက အကောင်းဆုံး၊ အမြတ်ဆုံးမယား ဖြစ်သကဲ့သို့ "သမ္မာသမ္ဗုဒ္ဓ"ဆုကြီးပန်လျှင်တောင် မြန်မြန်ပြည့်နိုင်သည်ဟု ဆိုရမည်။

ထိုကဲ့သို့ပင် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ မရှောင်သာ၊ မလွှဲသာ မယားအရာ ရောက်လာကြမည့် ဣတ္ထုယသွေး မိန်းကလေးတို့အား မေးလိုက်ချင်စမ်းပါဘိ။

"ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမယား ဖြစ်ချင်ပါလဲ"

"ငရဲသွားလား"

"နိဗ္ဗာန်သွားမလား"

ကိုယ်ပြုလေရာ ကိုယ့်ကံကြမ္မာမို့ မိမိကောင်းမှု အကြောင်းပြုပါဦးလို့ တောင်းဆုချွေလိုက်ချင်စမ်းပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဣတ္ထိယအဘိဓာန်

## (၁၄)

(၁)

"မယားကောင်း၊ မယားမြတ်"ဖြစ်ရန် မလွယ်ကူသလို မိန်းကလေးတို့အတွက် မယားအလိမ္မာဆိုသောဘဝ ရရှိရန်လည်း မလွယ်ကူဟု' ဆိုရပေမည်။

ယနေ့ခေတ် ယနေ့အခါတွင် လူအတော်များများသည် အိမ်ထောင်ရေးကို လွယ်လွယ်တွေးကြသည်။ ယောက်ျားလေးနှင့် မိန်းကလေး အတူနေထိုင်ကြလျှင် အိမ်ထောင်တစ်ခု ပြီးမြောက်ပြီဟု ထင်ကြသည်။

အိမ်ထောင်ရေးကိစ္စတွင် "သာမန်အိမ်ထောင်"တစ်ခုဖြစ်ရန် လွယ်ကူသည်။ "စံပြုထိုက်သော အိမ်ထောင်"၊ "သာယာသောအိမ်ထောင်"တစ်ခုဖြစ်ရန်ကား လွယ်ကူသည်ဟု မဆိုနိုင်ချေ။

မြန်မာစကားတွင် "ယောက်ျားပေါ၍ လင်သားရှားသည်"ဟုလည်းကောင်း၊ "မိန်းမပေါ၍ မယားရှားသည်"ဟု လည်းကောင်း ရှိ၏။

ထိုစကားသည် "လင်၏ကြီးကျယ်မြင့်မြတ်မှု"အခန်းကဏ္ဍကို ဖွင့်လှစ်ပြခြင်းဆိုလည်း မမှားချေ။

"လင်ကောင်း မယားကောင်း"ဘဝမှာ သာယာစိုပြည်သော အိမ်ထောင်ရေးဘဝကို ရရှိနိုင်ကြောင်း သိထားရန်လိုအပ်သည်။

ယောက်ျားနှင့်မိန်းမ အတူတကွ နေထိုင်ခြင်းသည် အိမ်ထောင်ရေး၏ အနှစ်သာရမဟုတ်ချေ။ သွေးသားဆန္ဒ ဖြေဖျောက်မှုသဘောသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သာယာသော အိမ်ထောင်ရေး ဖြစ်စေရေးအတွက် လင်၏ အခန်းကဏ္ဍ များစွာရှိသလို မယား၏ အခန်းကဏ္ဍများလည်းရှိ၏။ ကျင့်သုံးလိုက်နာရမည့် အချက်များ၊ စည်းကမ်းများလည်းရှိ၏။

ဤသည်မှာ အိမ်ထောင်သာယာရေး၊ အိမ်ထောင်တည်မြဲရေး၏ အဓိကအချက်များလည်း ဖြစ်သကဲ့သို့ လူသားနှစ်ဦး၏ တစ်ဘဝလုံး မျိုးဆက်တစ်ခု၏ ခရီးဆုံးဟုဆိုလည်း မမှားချေ။

❐

(၂)

ယနေ့ လူငယ်များသည် အိမ်ထောင်ရေးကိစ္စကို လွယ်လွယ် တွေးကြ၏။ တစ်ဦးနှင့်တစ်ဦး လက်ထပ်ထိမ်းမြားပြီးလျှင် အိမ် ထောင်ကိစ္စ ပြီးပြီဟု ယူဆကြသည်။

လက်ထပ်ထိမ်းမြားခြင်းသည် အိမ်ထောင်ရေးဘဝ၏ ပန်းဝင် ခြင်းသာဖြစ်ပြီး လက်ထပ်ထိမ်းမြားခြင်း ပြီးမြောက်ရုံနှင့် သာယာ သော အိမ်ထောင်ရေးကို မရနိုင်ချေ။

ဤသို့ လွယ်လွယ်တွေးကြသဖြင့် စလယ်ဝင် ဖင်မမည်းခင် ကွဲကြခြင်း ဖြစ်ခဲ့ရသည်။

အသေအချာ စဉ်းစားကြည့်လျှင် အိမ်ထောင်ပျက် ဘဝသည် ယောကျ်ားလေးအတွက် မကောင်းသလို မိန်းကလေးအတွက်လည်း မကောင်းချေ။ အထူးသဖြင့် မိန်းကလေးအတွက် ပိုမကောင်းဟုဆို ရမည်။

စလယ်ဝင် ဖင်မမည်းခင် ကွဲရခြင်းသည် အိမ်ထောင်ရေး အုတ်မြစ်ချမှတ်မှု မခိုင်မာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အိမ်ထောင်သာယာရေး၊ တည်မြဲရေးအတွက် ပွဲမဝင်မီ အပြင်မှာကျင်းပဆိုသော စကားနှယ် လူသိရှင်ကြား လက် မထပ်မှီ စဉ်းစားရမည့်ကိစ္စဟု နားလည်ထားရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်း တစ်ယောက် သေချာစွာ မစုံစမ်းဘဲ ချမြင်၊ ချကြိုက်၊ ချလိုက်ခြင်းသည် အိမ်ထောင်သာယာ တည်မြဲရေး အတွက် အဆိုးဖြစ်သည်ကို သတိချပ်ရမည်။

ထို့အတူ အိမ်ထောင်ရေးကိစ္စအား နှလုံးသားနှင့်ကြည့်ခြင်း၊ နှလုံးသားဖြင့် ဆုံးဖြတ်ခြင်းသည် အမှားဖြစ်သည်ကိုလည်း သတိ ချပ် သိထားရပေမည်။

**အိမ်ထောင်ရေးတွင် မိန်းကလေးတို့ သိထားရမည့်အချက်**

အိမ်ထောင်ရေးပိုင်းကို ဆန်းစစ်လေ့လာကြည့်လျှင် မိန်းက လေးများသည် ယောကျ်ားလေးများထက် သတ္တိအရာ၊ ခံနိုင်ရည်အရာ တွင် သာလွန်ကြောင်း တွေ့ရသည်။ အချစ်တစ်ခုနှင့် အရာရာကို ဥပေက္ခာပြု ခွင့်လွှတ်ကြသည်။

အဖြစ်တစ်ခုအား တင်ပြလိုသည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦး၏ သမီးသည် အချစ်တစ်ခု တည်းကို ရှေ့တန်းတင်ပြီး အိမ်ထောင်တစ်ခု ပြုခဲ့သည်။

ထိုမိန်းကလေးနှင့် လင်ယောကျ်ားသည် အိမ်ထောင်သည် ဘဝသို့ ရောက်သော်လည်း နဂိုအမူအကျင့်ကို မပြင်။ အသောက် အစားအပြင် မူးယစ်ဆေးဝါးပါ သုံးစွဲခဲ့သည်။

ဤကိစ္စကို မိန်းကလေးက သိသော်လည်း လူကြီးမိဘများ ကို ပွင့်လင်းစွာ ပြောကြားခြင်းမပြုဘဲ ထိမ်ချန်ထားသဖြင့် နောက် ဆုံး ကောင်ကလေးသည် မူးယစ်ဆေးဝါးကျွန် ဖြစ်ရသကဲ့သို့ တရား ဥပဒေ၏ အပြစ်ပေးခြင်းကို ခံခဲ့ရသည်။

ဤအဖြစ်သည် မဖြစ်သင့်သော အဖြစ်သာဖြစ်သည်။ မ ကောင်းမှုကို ပြုလုပ်လျှင် တားမြစ်ရမည်။

မိမိတားမြစ်၍ မရလျှင် လူကြီးသူမများနှင့် တိုင်ပင်နှီးနှောပြီး လမ်းစရှာရမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ...။

ဤကဲ့သို့ပင် အိမ်ထောင်ရေးကိစ္စတွင် မလိုလားဖွယ် အဖြစ်တစ်ခုရှိသည်ကို တွေ့ရသည်။ ဤသည်မှာ နယ်ပြသနာဖြစ်သည်။

အိမ်ထောင်သည်ဘဝသို့ ရောက်လျှင် အကောင်းဆုံးမှာ ကိုယ့်အိုးကိုယ့်အိမ် ထူထောင်နိုင်ခြင်းသာ အကောင်းဆုံးဖြစ်သည်။

သို့သော် ယနေ့ခေတ်အခါတွင် ကိုယ့်အိုး၊ ကိုယ့်အိမ်နှင့်နေရန်ကား မလွယ်ပေ။

ထို့ကြောင့် အချို့က ယောကျ်ားလေးဘက်တွင် လိုက်နေသလို အချို့က မိန်းကလေးဘက်တွင် လိုက်နေကြသည်။ မိရိုးဖလာသဘောအရ သျှောင်နောက်ဆံထုံးပါရသဖြင့် မိန်းကလေးသည် ယောကျ်ားလေးနောက်သို့ လိုက်ရမည်သာဖြစ်၏။

သို့သော် ယောကျ်ားကလေးဘက်မှာ အဆင်မပြေလျှင် ယောကျ်ားကလေးမှာ အခြေအနေမရှိလျှင် မိန်းကလေးဘက်မှာ နေရမည်သာဖြစ်၏။

ဤနေရာတွင် ထုံးတမ်းစဉ်လာကို အဓိကမထားသင့်ပေ။ အရေးကြီးသည်မှာ နားလည်မှုသာ ဖြစ်သည်။

လောကတွင် နားလည်မှုရှိလျှင် အရာရာ အဆင်ပြေမည်သာဖြစ်၏။ မည်သည့်နေရာတွင် နေသည်ဖြစ်စေ၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်ရန်သာ အဓိကပေတည်း။

အိမ်ထောင်ရေးကိစ္စတွင် နယ်လုခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကိုပေးပြီး အိမ်ထောင်သာယာခိုင်မြဲရေးကို အဟန့်အတားဖြစ်စေသည်ကို သတိချပ်ရမည်ဖြစ်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



(၃)

**မယားလိမ္မာ ဝိသာခါ ဖြစ်စေဖို့**

ရာဇဝင်ကို ပြန်ကြည့်လျှင် ဝိသာခါ ကျောင်းအစ်မကြီးသည် မိန်းမမြတ်ဖြစ်သကဲ့သို့ မယားအလိမ္မာဖြစ်သည်ကိုလည်း တွေ့ရ၏။

ဝိသာခါ အိမ်ထောင်ကျလို့ လင့်နောက်သို့ လိုက်ပါရတော့ ဖခင်ဖြစ်သူ၏ မှာကြားချက်များမှာ အတုယူစရာဖြစ်သည်။

ထိုအမှာစကားနှင့် ပတ်သက်၍ မမ္ဗပဒေကျမ်းတွင် ဤသို့ ဖော်ပြထားသည်ကို တွေ့ရသည်။

ယင်းတို့ကား ...

၁။ အန္တောအဂ္ဂိဗဟိန - နီဟာရိတဗ္ဗော
(အိမ်တွင်းမီးကို အိမ်ပြင်မထုတ်ရ)

၂။ ဉဟိအဂ္ဂ အန္တောန - ပဝေသတဗ္ဗော
(ပြင်ပမီးကို အိမ်တွင်းမသွင်းရ)

၃။ ဒသန္တဿေဝ ဒါတဗ္ဗံ
(ပေးထိုက်သူကိုပေး)

၄။ အ ဒ ဒန္တဿန ဒါတဗ္ဗံ
(မပေးထိုက်သူကို မပေးရ)

၅။ ဒ ဒန္တဿပိအ, ဒ ဒန္တဿာပိဒါတဗ္ဗံ
(ပေးထိုက်၊ မပေးထိုက်၊ ပေးသာပေး)

၆။ သုခံ နိသိဒိ သဗ္ဗံ
(ချမ်းချမ်းသာသာနေ)

၇။ သုခံ သုဥ္ဇိတဗ္ဗံ
(ချမ်းချမ်းသာသာစား)

၈။ သုခံ နိပ္ပဇ္ဇိတဗ္ဗံ
(ချမ်းချမ်းသာသာအိပ်)

www.burmeseclassic.com

www.burmeseclassic.com



၉။ အဂ္ဂိပရိစာရိတဗ္ဗော
(ယောက္ခမ၊ လင်သား ဆိုတဲ့မီးကို လေးလေးစားစား လုပ်ကျွေး)

၁၀။ အန္တောဒေဝတာ နမဿိတဗ္ဗော(အိမ်တွင်းနတ်ကို ကိုးကွယ်ဆည်းကပ်)

ဤကား "မယားတို့အတွက် စည်း**ကမ်း(၁၀)ချက်**"ဟုဆိုလျှင်လည်း မမှားချေ။ ဒါကို သိထားသင့်သလို အနက်**အဓိပ္ပာယ်**ကိုလည်း ရှင်းပြရဦးမည်။

❒

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ထွံ့ယအဘိဓာန်

(၁၅)

(၁)

တချို့မိန်းကလေးတွေက ယောကျ်ားလေးတစ်ယောက်နဲ့ စုလျားရစ်ပတ် လက်ထပ်လိုက်လျှင် မယားအရာမြောက်၍ မယား စာမေးပွဲ အောင်ပြီဟု ထင်ကြသည်။

ယောကျ်ားတစ်ဦးနှင့် လက်ထပ်ပြီးလျှင် မိန်းကလေးအဖို့ ထိုလက်ထပ်သည့်"ခင်ပွန်း"သည်၏ "ကာမပိုင်မယား"အရာမြောက် ပြီဟု ဆိုနိုင်သော်လည်း ခန့်ထည်သည့် မယားကောင်းတစ်ဦးတော့ မဟုတ်သေးပေ။

ခန့်ထည်သည့်မယား ဆိုသည်မှာ မယားကောင်း မယားမြတ် ကို ခေါ်ဆိုခြင်းဖြစ်သည်။ တန်းဝင် တော်ဝင် မိန်းမလည်း မည်သည့် တော်ဝင်၊ တန်းဝင် မယားကောင်း မယားမြတ်ဘဝက ကိုယ့်ဘာသာ ကိုယ် ကမ္ပည်းတပ်လို့မရ။

ဤဝိသေသသည် ပတ်ဝန်းကျင်မှပေးသော ဝိသေသဖြစ် သည်။

တစ်ခါက ကျွန်တော့်အား အိမ်ထောင်ရှင်မိန်းကလေးတစ် ဦးက ...

"ဆရာရယ် ကျွန်မဟာ ခင်ပွန်းသည်ရဲ့ စိတ်နှလုံး ရွှင်ပြုံး ချမ်းသာအောင် ,အစဉ်အမြဲ စွမ်းဆောင်ကြိုးပမ်းနေသူပါ။ ဒါပေမဲ့ ကျွန်မကို မယားကောင်း မယားမြတ်လို့ မပြောကြဘူး"

ဟု ရင်ဖွင့်ပြောဆိုသည်။ မယားကောင်း မယားမြတ်ဖြစ်ရန် ကား ခင်ပွန်းသည်၏အလို ဖြည့်ဆည်းမှု တစ်ခုတည်းနှင့် မပြည့်စုံ သေးချေ။

www.burmeseclassic.com



ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ကျွန်တော်သာဓကတစ်ခု တင်ပြလိုသည်။

ထိုသာဓကသည် အခြားမဟုတ်။ ကျွန်တော့်ပတ်ဝန်းကျင်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းတစ်ခုဖြစ်သည်။ ကျွန်တော့်ညီငယ်နှင့်ဇနီးမိန်းကလေး၏ အကြောင်းတည်း။

ညီငယ်၏နာမည်သည် လွင်မောင် ဖြစ်ပြီး လွင်မောင့်၏ဇနီးအမည်က "ညိုညို"ဖြစ်သည်။ ညိုညိုက မိုင်းကောင်းကျောက်ဖိုအေးအေးဆေးဆေး နေတတ်ပြီး ခင်ပွန်းသည်ကို အသက်လောက်ချစ်သည်။ ခင်ပွန်းသည်မျက်နှာ အညိုးမခံ။ အလိုလို အမြဲဖြည့်ပေးသည်။

ညီငယ်လွင်မောင်က အသောက်အစားရှိသည်။ အသောက်အစားကြောင့် ပြဿနာက မကြာခဏ တက်သည်။ ညိုညိုကလွင်မောင့်ကို အပြင်မှာ အရက်မသောက်စေဘဲ အိမ်မှာသောက်ခိုင်းသည်။ ကိုယ်တိုင် စီစဉ်သင့်သည်ကို စီစဉ်ပေးသည်။

ထိုကိစ္စနှင့် ပတ်သက်၍ လွင်မောင်နှင့် ညိုညို့ကို ကျွန်တော်မေးမြန်းကြည့်ဖူးသည်။

"လောကမှာ သောက်စားမှုးယစ်နေတဲ့ လင်ယောကျ်ားကိုနှစ်လိုတဲ့မိန်းမဆိုတာ မရှိပါဘူး။ သူ့ကို ချစ်လွန်းလို့ ခုလိုထိန်းသိမ်းပြီး ခွင့်လွှတ်ထားရတာပါ"

ဤကဲ့သို့ပင် လွင်မောင်ကလည်း ...

"ကျွန်တော် အခုလို အရက်စွဲသူ ဖြစ်နေတာ ညို့ကြောင့်မဟုတ်ဘူး။ ညို တားမြစ်တဲ့ကြားက ကျွန်တော် အရက်နံ့ငံကိုတိုးဝင်နေမိတာပါ"ဟု ပြောပြသည်။

သူတို့လင်မယားဘဝကို ကျွန်တော် သိသည်။ ညိုညိုသည်လုံးဝဥဿုံ မယားကောင်း မယားမြတ်ဟု ခေါ်ဆို၍မရသော်လည်းညိုညိုသည် မိန်းမကောင်းတစ်ဦး မယားကောင်းတစ်ဦးဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ညိုညိုသည် မယားကောင်းဘဝ မခံယူခဲ့ရ။ ယောက်ျားကို ဥပေက္ခာပြုသူ၊ ယောက်ျားကို အသေသတ်နေသူဟု သမုတ်ကြသည်။

ပတ်ဝန်းကျင်သည် မိန်းမကို ဒုတိယတန်းစားအဖြစ် မေ့လျော့နေသည်လား မသိ။ မိန်းမဟူသည် ယောက်ျားဖြစ်သူ၏ဆန္ဒကျွန် ဖြစ်သည်ကို မေ့လျော့နေကြသလော။

မည်သို့ဆိုစေ လွင်မောင် အတွက် ညိုညိုသည် မယားကောင်း မယားမြတ်ပင်။

❒

(၂)

မိန်းမကောင်း မိန်းမမြတ်ဘဝ ရယူနိုင်ရန်က မလွယ်ကူချေ။ ခင်ပွန်းသည်ဆန္ဒ တစ်ခုနှင့် မပြည့်စုံချေ။

ပတ်ဝန်းကျင် သတ်မှတ်မှုများလည်း လိုသည်။ စည်းကြပ်မှုများသည်။ အဘက်ဘက်မှ ပြည့်ပိုးပြည့်စုံမှုရှိရန် လိုသည်။

အဲဒီအတွက် ဘာတွေများ လိုအပ်သလဲ။

မိန်းမဂုဏ်ရည် ထက်မြက်စေလိုသော မိန်းကလေးတစ်ဦးက မေးဖူးသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော် ပြီးခဲ့သည့်လက အကျဉ်းချုပ် ရေးသားပြဆိုခဲ့သည်။ "ဓမ္မပဒ" ကျမ်းရင်းမှ ပါဠိဖွင့်ဆိုချက်များဖြစ်သည်။

ရှင်းလင်းဖွင့်ဆိုချက် များစွာရှိသော်လည်း အဓိကအဖြစ်ပြီးခဲ့သည့်လမှ ဖွင့်ဆိုချက်များကို ဖွင့်ဆိုပြရချေမည်။ ဤသည်မှာ မိန်းမဂုဏ်ရည် ထက်မြက်စေမှုအတွက် အဓိကဖြစ်သည်။

ယင်းတို့ကား မယားကောင်း မယားမြတ် ဖြစ်မြောက်ရေး မယားဂုဏ်ရည် ထက်မြက်ရေးအတွက် အဓိကဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက် (၁၀)ချက်သည် စောင့်စည်းထိန်းသိမ်းဖွယ် အချက်များ ဖြစ်ပေသည်။

**၁။ အိမ်တွင်းမီး အိမ်ပြင်မထုတ်ရ**

မီးဆိုသည့်အတွက် "မီး"နှင့် မရောစေလို။ ပကတိမီးကား မဟုတ်ချေ။ သဘောမှာ အိမ်တွင်းကိစ္စဖြစ်သည့် ကိုယ့်လင်သား၏ မကောင်းကြောင်းကိုဖြစ်စေ၊ ယောက္ခထီး၊ ယောက္ခမ၏ မကောင်းကြောင်းကိုဖြစ်စေ၊ ပြင်ပလူများအားမပြောရန်ဖြစ်သည်။ထိုအကြောင်းများက အိမ်တွင်း"မီးစ"များဖြစ်သည်။ ထိုထိုသော အကြောင်းများအား ရာဇဝင်အူပေါက် အပြင်တွင် မပြောရန် အထူးလိုအပ်သည်။

**၂။ အပြင်မီး အိမ်တွင်းမသွင်းရ**

အပြင်အပက ကိစ္စများ၊ စကားများကို အိမ်တွင်းသို့ ယူမလာရ။ အပြင်မှ တီးတိုးစကားများ၊ ဝေဖန်စကားများကို အပြင်မှာသာ ထားခဲ့ရမည်။ အပြင်မှ အတင်းအဖျင်းကို အိမ်တွင်းမှာ မပြောရဟု ဆိုခြင်းဖြစ်သည်။

**၃။ ပေးထိုက်သူကိုပေးပါ**

လူဆိုသည်မှာ အလှည့်ရှိသည်။ ကိုယ်လိုသည့်အခါ ကိုယ့်အတွက် ရှေ့တန်းတင်သူသည် ကိုယ့်အတွက် တန်ဖိုးကြီးသူဖြစ်သလို ထိုသူမျိုး လိုအပ်လျှင် ကူညီပေးရန် မမေ့နှင့်။

**၄။ မပေးထိုက်သူကို မပေးနှင့်**

"လောကတွင် နှုတ်ချို၍ လက်တိုသူများ၊ ပေးလျှင်ဆုံး တောင်းလျှင်မုန်း"သူများကို သတိထားရမည်။ ထိုသူများ စိတ်နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ကို ညှိုးချုံးစေသူ ဖြစ်သလို ဓေးဝေးရှောင်ရမည်။ အဆက်အဆံ မလုပ်ရ။

**၅။ ပေးထိုက်၊ မပေးထိုက် ပေးသာပေးပါ**

ပတ်ဝန်းကျင်တွင် ချေးပြီးပြန်ဆပ်သူ ရှိသလို၊ ကတ်သတ်သူလည်းရှိသည်။ လွယ်လွယ်ချေး၊ လွယ်လွယ်ပြန်ပေးသူအတွက် အကူအညီပေးရန် အသင့်ရှိနေသင့်သလို၊ ပေးကမ်းထိုက်သူကို ချေးငှားပြီး ပြန်ပေးခါနီးတွင် မပြေမလည်နှင့် ဒုက္ခကြုံနေလည်း ထိုသူအား လိုအပ်လျှင် ဉာဏတာသနားစိတ်ဖြင့် ကူညီပေးကမ်းရန် လက်မနှေးပါနှင့်။

**၆။ ယဉ်ကျေးချမ်းသာစွာ နေထိုင်ပါ**

မိမိလင်သားရှေ့တွင်ဖြစ်စေ၊ ယောက္ခမမိဘရှေ့တွင်ဖြစ်စေ ယဉ်ကျေးသိမ်မွေ့စွာနေပါ။ ကိုယ်နှုတ်အမူအရာ စောင့်ထိန်းပါ။ ကိုယ့်ကြောင့် ယောက္ခမ၊ လင်သား စိတ်မဖြောင့် မဖြစ်ပါစေနှင့်။

**၇။ ချမ်းသာစွာစားပါ**

အစာစားတဲ့အခါမှာ "မိဦး၊ ဖဦး၊ ဆရာဦး ခူး၍ အလျှင်မစားလေနှင့်"ဆိုသလို ကိုယ့်ယောက်ျား၊ ကိုယ့်လင်သားမရှိ၍ စားသောက်ချင်လျှင်လည်း ဦးချစားပါ။

**၈။ ယောက္ခမ၊ လင်သား "မီး"ကို သတိထားပါ**

မိန်းမတွေအတွက် ယောက္ခမ၊ လင်သားဟာ "မီး"ပါပဲ။ အပါယ်မီး၊ ငရဲမီးဟု ခေါ်သည်။ ထို့ကြောင့် မရိုမသေ မလုပ်ရပါ။ သတိမထားလျှင် လောင်ကျွမ်းနိုင်သည်ကို သတိပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၉။ ချမ်းသာစွာအိပ်ပါ

မယားဘ၀ သုခရှိရှိ အိပ်ခြင်းဖြစ်သည်။ ဤကား အိပ်ရာနေရာကို သန့်ရှင်းစင်ကြယ်အောင် ခင်းကျင်းပြီး လင်သားကို ယုယကြင်နာစွာ ပြုစုပြီးမှ အိပ်စက်ခြင်းကို ဆိုလိုသည်။

## ၁၀။ အိမ်တွင်းနတ်ကို ဆည်းကပ်ပါ

အိမ်ထောင်တစ်ခုမှာ လင်သားဟာ အိမ်ဦးနတ်ပါပဲ။ လင်သားနှင့်အတူ ယောက္ခမ၊ မိဘသည်လည်း အိမ်ဦးနတ်ပင်။ ထို့ကြောင့် ရိုသေသမှုရှိဖို့ လိုသည်။ အိမ်ဦးနတ် ဖမ်းစားလျှင် တစ်လှမ်းသွား အပါယ်ဘေးကို ကျရောက်တတ်ပေတည်း။

❐

(၃)

ဤအကြောင်းအရာများက ဝိသာခါကျောင်းအစ်မကြီးအားဖခင်ဖြစ်သူက တစာစာ မှာကြားလိုက်သည့် စကားများဖြစ်သည်။

ဤစကားသည် ရှေးစကားများ ဖြစ်သော်လည်း ခေတ်ကာလသားသမီး သတိထားဆင်ခြင်သင့်သည့် စကားများဆိုလည်းမမှားချေ။

စင်စစ်မူ ဤစကားများသည်ပင် လင်တောမတိုးသော အပျိုမလေးများပင် အတွင်းမီး အပြင်မီးကို ဆင်ခြင်ပြီး သုံးသပ်လျှင် အကျိုးထူးမည်ဖြစ်သည်။

ဤအချက်သည် မယားကောင်းဖြစ်မြောက်ရေးအတွက် အဖိုးတန်ဖြစ်သလို အပျိုဂုဏ်ရည် ထက်မြက်ရေးအတွက် အဓိကစွမ်းဆောင်ချက်လည်း မည်သည်ပင်။

မိန်းမများသည် အပျိုဘ၀တွင် အပျိုဂုဏ်တင့်မှ လိုအပ်သည်။ မယားဘ၀တွင်လည်း "မယားလိမ္မာ ဝိသာခါ" စံချိန် ချိုးနိုင်သည့်တိုင် မယားသိက္ခာပြည့်ရန် အထူးလိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကာမဘောဂီ၊ လောကီဘုံသား၊ လူယောက်ျားတို့၊
မယားဟူဘိ၊ ထိုဣတ္ထိနှင့် မရှိမကောင်း ရှိမကောင်းဘဲ
မပေါင်းလည်းခက် ပေါင်းလည်းခက်၏"

**(မာဃဒေဝလင်္ကာ)**

ဟု မန်လည်ဆရာတော်က စပ်ဆိုခဲ့သလို ခေတ်ကာလ မိန်းကလေးများကလည်း တစ်ဖန်ပြန်၍ ကျင့်ဝတ်သိက္ခာတွေ စောင့်ထိန်းပြီး ...

"ကာမဘုံသား၊ ထိုယောက်ျားတို့၊ မယားဟူဘိ၊ ထိုဣတ္ထိနှင့် မရှိမလျော်၊ ရှိမှလျော်မည်"ဟု ဉဒါန်းမော်ကွန်း ထုတ်သင့်ပေပြီ မဟုတ်လား။

❒

www.burmeseclassic.com

www.burmeseclassic.com



## ဣတ္ထိယအဘိဓာန်

## (၁၆)

### (၁)

ဣတ္ထိယတို့၏ ဘဝခရီးက ရှည်လျားသည်ဟု ဆိုရမည်။ ဤသို့ ရှည်လျားသည့် ဘဝခရီးတွင် ကိုယ့်ကိုယ်ကိုယ် သာမန်မ ဖြစ်အောင် ကြိုးစားရမည်။

ယောက်ျားဆိုလျှင်လည်း သာမန်ယောက်ျား မဟုတ်ဘဲ ယောက်ျားကောင်း ယောက်ျားမြတ်တို့ဖြစ်ဖို့ လိုအပ်သကဲ့သို့ မိန်းမ ဖြစ်လျှင်လည်း မိန်းမကောင်း မိန်းမမြတ်ဖြစ်ဖို့ လိုအပ်သည်။

ကျွန်တော်တို့ ငယ်ငယ်က အဘွားက အမြဲပြောသည့်စကား တစ်ခုရှိသည်။ "ဟဲ့ ... လောကမှာ မိန်းမတွေများပေမယ့် မယား ရှားတယ်ဆိုတာ နင်တို့မြဲမြဲမှတ်ထား။ မယားကောင်းမရတဲ့ယောက်ျား ဟာ ဘယ်တော့မှ လူမဖြစ်ဘူး"ဟု ဖြစ်သည်။

ထိုအခါတုန်းကတော့ ကျွန်တော်တို့က လူငယ်လူရွယ်လေး တွေဖြစ်သည်မို့ ဘာမျှမသိ။

ယခု အရွယ်ရောက်လာပြီး စာပေလေ့လာသူတစ်ဦး ဖြစ်လာ တော့ မယားကောင်း မယားမြတ်တို့၏ အင်္ဂါကို လေ့လာသိရတော့ အဘွားပြောတာ ဟုတ္တော့တာပဲဟု နားလည်ရသည်။

စင်စစ် မယားကောင်း မယားမြတ်ဖြစ်ဖို့ မလွယ်ပါလားဟု တွေးမိသည်။ ထို့အတူပင် စာဖတ်ပရိသတ်ထံမှ ဣတ္ထိယအဘိဓာန် ကို ကျင့်ဝတ်ပိုင်းတွေပါ ရေးပါဟု တိုက်တွန်းသည်မှာ အဘယ် ကြောင့်ဆိုသည်ကို သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျွန်တော် ကျင့်ဝတ်ပိုင်းတွေကို ကျမ်းဟောင်းတွေမှာ လေ့လာရသလို လူ့ဘဝနှင့် လူ့ပတ်ဝန်းကျင်ကြားတွင် လေ့လာရသည်။ လေ့လာရသလောက်ကို စာဖတ်သူများအား ပြန်လည်တင်ပြခဲ့ပြီးပြီ။

ယခုလည်း တင်ပြရချေဦးမည်။

❐

(၂)

ပြီးသည့်လက ကျွန်တော် မိန်းမတို့အကြောင်း "မယားကောင်းတို့ လိုက်နာရမည့်အကြောင်း"ကို အကျဉ်းချုပ် ရေးသားဖော်ပြခဲ့သည်။ ယခုလတွင်မူ မယားလိမ္မာ၊ မယားကောင်း မယားမြတ်တို့၏ ကျင့်ဝတ်တရားနှင့် လိုက်နာရမည့် စည်းကမ်းကျင့်ဝတ်များကို "မာဃဒေဝလင်္ကာသစ်"က လင်္ကာများနှင့် မမှားရစေအောင် အဓိပ္ပာယ်အကျယ်များနှင့် ရေးသားရပေမည်။

(၁)လင်ကိုမြင်က အရင်ထ

ထိုဆောင်ပုဒ်ကလေးနှင့် ပတ်သက်၍ "မန်လည်ဆရာတော်ဘုရားကြီး"ပြုစုသည့် "မာဃဒေဝလင်္ကာသစ်"တွင် ဤသို့ ဖွင့်ဆိုထား၏။

"လင်ကိုမြင်က အရင်ထ၍ ယုယကိုယ်နှုတ်၊ ကျင့်မဟုတ်သား၊ ပဗ္ဗဋ္ဌာယီ"

(မာဃဒေဝ)

စင်စစ် "ရှေးဦးစွာ ထကြွခြင်းဆိုသည့် ပထမအချက်အနေနှင့် နားလည်ထားရန် လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မယားကောင်း၊ ကျင့်ဝတ်မညီသည့် မယားပျင်းများအတွက်မူ "ဓမ္မာသောက"ဖြစ်ကောင်း ဖြစ်နေလိမ့်မည်။ မလိုဘူးလို့ ပြောကောင်း ပြောကြမည်။

ဘာပဲဖြစ်ဖြစ် မယားဆိုတော့ အိမ်ရှင်မသည် နိုးကြားထကြွသူ ဖြစ်ရမည်ကတော့ အမှန်ပင်။ အိပ်ရာထသည့်အခါတွင် မယားက လင်ယောကျ်ား၏ အလျင်ထရမည် ဖြစ်သလို ပြုဖွယ်ကိစ္စများကိုလည်း လင့်ထက်ဦးစွာ ထကြွနိုးကြား လုပ်ကိုင်ရန် လိုအပ်သည်။

ပြောရလျှင် တစ်နေရာတည်းမှာ နှစ်ယောက်အတူထိုင်နေပြီး ထဆိုရင်တောင် မိန်းမက အလျင်ထရန် လိုသည်။

မိန်းမတို့အတွက် ရှေးဦးစွာ ထကြွခြင်း အလေ့သည် ပထမ အချက် ဖြစ်သကဲ့သို့ လေးနက်သည်ဟု ဆိုရမည်။

## (၂) နောက်မှယှဉ်ကာ အိပ်လေ့လာ

ထိုအချက်နှင့်ပတ်သက်၍ "မာဃဒေဝလင်္ကာသစ်"တွင် ဤသို့ ဖွင့်ဆိုထား၏။

"ဦးချိလက်ပြိုင်၊ ယှက်ခါထိုင်၍၊ လင်ထိုင် လင်အိပ်၊ သားကိုသိပ်သို့၊ ခြေနှိပ်လက်စမ်း၊ စိတ်ဝမ်းကြည်မြ၊ ရှိသေခလျက်၊ နောက်မှယှက်ကာ၊ အိပ်လေ့လာတည့်"ပဏ္ဍာနိပါတိနီ။

(မာဘဒေဝ)

ဤအချက်၏အနက်သည် "နောက်မှချန်၍ အိပ်ရခြင်း"ပင် ဖြစ်သည်။ ဤအခန်းသည် ခြင်ထောင်အိပ်ခန်းဟု အချို့က ဆိုကြသလို အိပ်ရာခန်းလို့လည်း ဆိုကြ၏။

ရှေးဟောင်းကျမ်းများတွင် မယားဖြစ်သူသည် သားသမီးများကို ချော့မော့သိပ်ရသလို တစ်နေကုန် တစ်နေခန်း စီးပွားရေးလုံးပန်း၍ ပင်ပန်းနေသည့်လင်ကို နှိပ်နယ်ပေးပြီး လင်အိပ်မှ အိပ်သည်ဟု အမှတ်အသားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမမျိုးကို ယောက်ျားတို့အပေါ် ကရုဏာထားသည့် မိန်းမဟု ခေါ်သည်။

မယားကောင်း မယားမြတ်များသည် လင်ကို စားဦးစားဖျား ကျွေးပြီး လင်နှင့်အတူ ခရီးသွားလျှင် လင်၏နောက်မှ ဆင်မယဉ်သာ လိုက်သည်။ ဒီလိုစုံတွဲကို ရှေ့သွားနောက်လိုက်ညီသော စုံတွဲ လင်မယားဟု ခေါ်သည်။

မယားကောင်းတို့သည် နွားရှေ့ထွန်ကျူးသော အလုပ်ကို မလုပ်ကြ။ နောက်ချန်ပြီး ကြင်နာသူက မယားကောင်းအင်္ဂါဖြစ်ပေသည်။

## (၃) တောင်းဆုခွင့်ပန် လင့်အထံ

ထိုအချက်နှင့် ပတ်သက်၍ မာဃဒေဝလင်္ကာသစ်တွင် ဤသို့ဖွင့်၏။

"ချိုအီနားစိမ့်၊ နှစ်သိမ့်ဖွယ်စု၊ ဘယ်အမှုကို၊ ဘယ်ပြုရသနည်း၊ ခြည်းခြည်းနှုတ်ဆံ၊ ခြေငံသာယာ၊ ဝါစာသိမ်မွေ့၊ မေ့လေ့ရှိထ၊ နာဆွယ်လှသား"ကိုကာရပဋိသာရိနီ။

(မာဃဒေဝ)

ထိုအချက်သည် အိမ်ထောင်မှုခန်းတွင် အရေးကြီးသော အချက်ဖြစ်သည်ဟု ဆိုရမည်။ "ချိုသာပြုံးရွှင်၊ နားဝင်ပီယံ ပြောသောအလေ့"ဟု ဆိုရမည်။

အိမ်တစ်အိမ်တွင် လိမ္မာသော အစေအပါးများသည် ချိုသာစွာ သခင့်ထံ ခွင့်ပန်တတ်သလို မယားကောင်း မယားမြတ်များသည်လည်း လင်ကို လေသံမာမာနှင့် စကားမဆို။ ချိုသာသောစကားနှင့် ခွင့်ပန်သလို စကားဆိုသည်။

မယားဖြစ်သူက ချိုသာသဖြင့် လင်ကလည်း ကျေနပ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com



(၄) လင်နှစ်သက်အောင် အကြိုက်ဆောင်

ထိုအချက်နှင့် ပတ်သက်၍ မာဃဒေဝလင်္ကာသစ်တွင် ဤသို့ ဖွင့်၏။

"မပြီးမသုန်၊ အမှုန်မဆန်၊ ပြန်လှန်မမြွက်၊ နှစ်သက်ဖွယ်သာ၊ ကျင့်တတ်စွာသည်၊ ကုန္တာထံပါး၊ ခစားနေကြ၊ ဒေဝဏ္ဏာ သို့ မနာပစာရီ"

(မာဃဒေဝ)

ဤအချက်ကို ဆန်းစစ်ကြည့်လျှင် မယားဖြစ်သူသည် လင်ဖြစ်သူအကြိုက် မနှစ်သက်သည်ကို ရှောင်ရှားပြီး လင်သားနှစ်သက်သည်ကို ပြုမူဆောင်ရွက် ပြောဆိုသည့်အလေ့ ဖြစ်သည်ကို တွေ့ရသည်။

မယားကောင်း မယားမြတ်များသည် လင်၏စရိုက်အလိုကို လေ့လာကြသည်။

လင့်စရိုက်နှင့် မကိုက်လျှင် ဘာမျှမလုပ်ကြ။

စင်စစ်မှု လင်နှင့်မယားဆိုသည်မှာ လောကတွင် အရင်းနှီးဆုံးသောသူများဟု ဆိုရမည်။

ထို့ကြောင့် တစ်ယောက်မကြိုက်ရင်လည်း တစ်ယောက်မလုပ်မိအောင် သိဖို့လိုသည်။

အချို့မိန်းမများက တစ်ယောက်သဘောကို တစ်ယောက်မစောင့်ကြဘဲ ကိုယ့်လေ့ကိုယ်ထိုး ပဲခူးရောက်ရောက် လုပ်သဖြင့် အိမ်တွင်းတိုက်ပွဲများ ဖြစ်ရသည်။

အိမ်မအေးသဖြင့် စိတ်မအေးရ။ အိမ်သာမှ စီးပွားဥစ္စာလာမည်ဖြစ်၏။

ထို့ကြောင့် တစ်ဦးအကြိုက် တစ်ဦးလိုက်ပြီး ငြိမ်းချမ်းစွာဖြင့် နေနိုင်ရန် ဖွင့်ဆိုသည့်အချက်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



## (၅) သက်ဆုံးတိုင်အောင်ပင် အမြဲကြင်

ထိုအချက်နှင့် ပတ်သက်၍ မာဃဒေဝလင်္ကာသစ် ဖွင့်ဆိုချက်က ဤသို့တည်း။

"လင်မှတစ်ပါး၊ နတ်ယောက်ျားနှင့်၊ တွေ့ငြားစေမူ၊ စောသမ္ဘူသို့၊ အယူမယွင်း၊ စိတ်ညွတ်ခြင်းမှ၊ လွတ်ကင်းကုံတိ၊ ကျင့်မြတ်ရှိသော၊ အနတိမာရိန်"

(မာဃဒေဝ)

ပဌမအချက်သည် သစ္စာတရားကို ဦးထိပ်ထားသည့်အချက်ဖြစ်၏။ "မိမိ၏လင်ယောက်ျားမှတစ်ပါး အခြားယောက်ျားကို စိတ်နဲ့တောင် မပြစ်မှားခြင်း၊ ခိုးမကြည့်ခြင်းဆိုသည့် အလေ့ကိုဆိုခြင်းပင်။

အချို့က မိန်းမတို့သည် လော်လီဖောက်ပြားတတ်သည်။ သစ္စာမရှိဟု ပြောပြစေကာမူ မိန်းမတို့တွင် မြင့်မြတ်သော သစ္စာရှိသော မိန်းမရှိကြောင်း မိမိကျင့်ဝတ်နှင့် ပြဆိုရန်ဖြစ်သည်။ ကာကွယ်ထိန်းသိမ်းရန်လည်း အရေးကြီးသည်။

သစ္စာခိုင်ကြဉ်မှုနှင့် ပတ်သက်၍ ဖွင့်ဆိုချက်များလည်းရှိသည်။

"စည်းစိမ်သခင်၊ သျှင်နှင့်ကင်း၍၊ မီးတွင်းမနေ၊ ဆင်း၍သေလည်း၊ မြတ်လေသည်ပင်၊ ကျေးဖူးရှင်နှင့်၊ ရှင်လည်းတကွ၊ သေလည်းမကွာ၊ ချမ်းသာဖက်ထစ်၊ ဆင်းရဲဖြစ်လည်း၊ အချင်မြဲစွာ ရွှေဟင်္သာသို့"

(ဝေသန္တရာပျို့)

"ခင်ပွန်းဖြစ်စ၊ ရှေးမဆွကာ၊ ဤမျှလောက်အောင်၊ အိမ်ရာထောင်လည်း သားမောင်တို့မယ်၊ မိဘုန်းကြွယ်ကား၊ ရယ်ရယ်မြူးမြူး၊ သူတထူးသို့၊ မကူးနှစ်လုံး၊ တစ်ချောင်းသုံးသည်၊ သက်ဆုံးချစ်တိုင်မှန်၏တည်း"

(ကိုးခန်းပျို့)

www.burmeseclassic.com

www.burmeseclassic.com



ထိုပို့များကို လေ့လာလျှင် "အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗူလ" တော်လေးဝင်တဲ့ မယားတွေလို မေတ္တာပိုင်ပိုင်၊ သစ္စာခိုင်ခိုင်နှင့် နေပြီး လင်ကလွဲ ဆန်ကွဲစရိုက်မျိုးထားရန်လိုသည်။

မိန်းမတစ်ယောက်၏ အဓိကဂုဏ်သိက္ခာသည် သစ္စာတရားဖြစ်၏။ ချစ်သူဘဝတွင် ချစ်သူအပေါ် သစ္စာစောင့်သိရန် လိုသလို ခင်ပွန်းအပေါ် ပို၍သစ္စာစောင့်သိရမည်။

သစ္စာသည် မိန်းမမြတ်ဂုဏ်သိက္ခာ၊ မြင့်မြတ်မှုဖြစ်သလို "တွေ့ရာ ပျော်ရာ လိုက်ခြင်းသည် အကျင့်ပျက်မိန်းမစရိုက် ဆိုသည်ကို သိသင့်၏"။

## (၆) ပီယဝါစာ နှုတ်ချိုသာ

BURMESE CLASSIC

ထိုအချက်နှင့် ပတ်သက်၍ မာဃဒေဝလင်္ကာသစ်တွင် ဤသို့ဖွင့်၏။

"တီတီတာတာ၊ ကြည်သာနှစ်လုံး ရွှင်ပြုံးပြယာယ်၊ ပျားသဖွယ်နှင့်၊ ချစ်ဖွယ်ပြကတော့၊ ချမ်းသာမြွေအောင်၊ ပြောလေ့ရှိထ၊ နှုတ်ချိုမြသား၊ ပီယဝါဒိနီ"

(မာဃဒေဝ)

ဤအချက်သည် အစဦးတွင် အပြုံးနှင့်စပြီး နောက်မှပြောခြင်းအလေ့ဖြစ်သည်။

မယားအလိမ္မာများသည်လည်း လင်ကို စကားပြောလျှင် လင်ကိုအပြုံးနှင့်စပြီးမှ ပြောစရာစကားများကို ချိုသာစွာပြောသည်ကိုကို မောင်မောင်ဆိုသော အခေါ်သည် လင့်နှလုံးကိုသာ ငြိမ်းစေသော အခေါ်ဖြစ်သည်။

သို့သော် နှလုံးသားမှ မလာဘဲ "နှုတ်ဖျားမှစကားဆိုသော အကျင့်ကိုမူ မပြုမူသင့်ပေ"

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ငါ့ရင်ထဲမှာ ငါ့လင်ကိုချစ်တာပဲ၊ အပြောချိုစရာ မလိုပါဘူး၊ စိတ်ထဲမှာရှိတာ အဓိကဆိုပြီး အငေါ်တူတူ စကားဆိုသည့် အကျင့်လည်း မကျင့်မှုရာပေ။

❐

(၃)

သို့သော် စကားတွင် "နူတ်ခွန်းချိုသာ မယားအလိမ္မာ"ဟု ရှိသလို မယားကောင်း မယားမြတ်၏ စေတနာ၊ အပြုအမူ အလိမ္မာဖြင့် လင့်အား ဂုဏ်သိက္ခာတက်စေသည်ဟု ရှိသည်။

လောက၌ အိမ်ထောင်သာယာခြင်းလည်း ကမ္ဘာလောကသာယာခြင်း ဖြစ်သည်ကို မိန်းမတို့ သိစေလိုသည်။

အတွဲညီစွာ ပျော်ရွှင်အိမ်ထောင် ထူထောင်နိုင်မှ ကြီးပွားချမ်းသာမည်ကိုလည်း မမေ့သင့်ပေ။

BURMESE CLASSIC

❐

www.burmeseclassic.com

www.burmeseclassic.com



## ဣတ္ထိယအဘိဓာန်
## (၁၇)

ကျမ်းဂန်ထွက်စကားသည် ဘ၀အတွက် အဖိုးထိုက်သော စကားမည်သည်။ ပညာရှိနှင့် အတူနေခြင်းသည် ရတနာသိုက်တစ်ခုရရှိခြင်းဟု သိုးဆောင်းစကားရှိသည်။

ကျွန်တော်သည် "မိန်းမကောင်း၊ မိန်းမမြတ်"များ ပေါ်ထွက်လာစေရေး မယားကောင်း၊ မယားမြတ်များ ပေါ်ထွက်လာရေးအတွက် ကျွန်တော် အားထုတ်ကြိုးပမ်းခဲ့သည်။

BURMESE CLASSIC

"ဣတ္ထိယအဘိဓာန်"သည် မိန်းမများအတွက် ရတနာသိုက် တစ်ခု ဆိုလျှင်လည်း မမှား။ ချစ်သူ၊ မုန်းသူများကြားမှ ဣတ္ထိယ အဘိဓာန် ရှင်သန်မှုသည် ပီတိဖြစ်စရာ ဖြစ်၏။

တစ်ခါက ကျွန်တော့်ကို ဣတ္ထိယအဘိဓာန်နှင့် ပတ်သက်၍ ကျွန်တော် ပြုစုသည့် မိန်းမအကြောင်း ကျမ်းငယ်များနှင့်ပတ်သက်၍ "အပြင်းစား"ဖြစ်နေသည်ဟု ပြောကြသည်။

ထို့အတူမိန်းမတွေ မလိုက်နိုင်တဲ့အကြောင်းဟု ပြောသူက ပြောသည်။

ကျွန်တော် ဤစာများကို ယဉ်ကျေးမှုပုံစံနှင့် ရေးခြင်းဖြစ်ပါသည်။

ယဉ်ကျေးမှုတွင် "စံ"ရှိပါ၏။

ယဉ်ကျေးမှုပျက်လျှင် လူမျိုးပျက်ပါသည်။

ဤစာများသည် မြန်မာအမျိုးသမီးတို့အတွက် ဖြစ်သည်မို့ စောင့်စည်းနိုင်သူအတွက် ရည်ရွယ်ပါသည်။ မြန်မာအမျိုးသမီးများသည် စောင့်စည်းခြင်းနှင့် ဟိရိဩတ္တပ္ပတရား ထိန်းထိပ်ထားသည်ဟု ယုံကြည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မတစ်ဦးက "ဆရာ ဣတ္ထိယအဘိဓာန် ဖတ်မှ မယား ကောင်းတစ်ဦးရဲ့ဂုဏ်နဲ့ မယားကျင့်ဝတ်ဆိုတာ မနည်းပါလားလို့ သိရတယ်။ ကျွန်မတို့ ထပ်ကြိုးစားရဦးမယ်"ဟု ပြောသည်။

ထို့ကြောင့် "ဣတ္ထိယအဘိဓာန်"ကို ယဉ်ကျေးမှု"စံ"ဟု ခံယူပါသည်။

BURMESE CLASSIC

www.burmeseclassic.com